www.burmeseclassic.com



မြလွှင်းချို (ဆေးတက္ကသိုလ်)

# မိုင်ပေါင်းများစွာ

www.burmeseclassic.com

www.burmeseclassic.com

## [illegible]မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၁၃၆၃/၂၀၀၄ (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၄၄၀၅၀၂

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၅၊ မေလ။

ထုတ်ဝေသူ - ဒေါ်မြူနှင်းဝေ (မြလွန်းချိုစာပေ)

အမှတ် (၄၄)၊ ပထပ် (ဝဲ)၊ ၉၁ လမ်း၊

ကန်တော်ကလေး၊ ရန်ကုန်။

အတွင်းပုံနှိပ်တိုက် - ဦးစိန်ဝင်း (စိန်ရတနာပုံနှိပ်တိုက်)

အမှတ် ၂၁၊ ၁၆၂ လမ်း၊ တာမွေ။

အဖုံးပုံနှိပ်တိုက် - ဦးတိုးဝင်း (နေလရောင်ပုံနှိပ်တိုက်)

၉၆/ခ၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com



သေချာမှုဆိုတာ

ဘာနဲ့ဖွဲ့စည်းထားတာလဲဆိုတို့

ဝေးကွာနေဆဲ ကြယ်ကလေးနှစ်ပွင့်မှာ

တစ်ပွင့်က အငိုရွှဲ့

ပြုံးနေနိုင်မယ်မျှားဆင်ခဲ့ရင်

အိပ်မက်တွေမှားယွင်းသွားလိမ့်မယ်...

တစ်ယောက်ကဘာစ်နေရာ

တစ်ယောက်က အလှမ်းကမ္ဘာ

သစ္စာနဲ့ရေးထားခဲ့ မေတ္တာ

မိုင်ပေါင်းများစွာ ဝေးကွာနေတာတောင်မှ...

အချိန်တွေကို ယုံသတဲ့လားဟောင်

ဟင်းလင်းပြင်နဲ့အချိန် ဘယ်လိုအချိုးကျကျ

အိုင်းစတိုင်းရဲ့ Relativity သီအိုရီကလေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝမှာ အဲဒီလောက်အရေးမပါခဲ့ဘူး...

ဒီတော့ မေတ္တာမှန်ရင်

အသေချာဝေးကွာပါစေကွယ်...

ဘာဒုက္ခပဲဖြစ်ဖြစ် တမဲ့လောက်တော့ပါဘူးနော်။

[ သူ့အတွက် အမှတ်တရ...ကိုယ်]

မြလွှမ်းမျို (ဆေးတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ကိုကို့ကို လွမ်းတယ်…"

ဝထမခုံးစာကြောင်းသည် ကျွန်တော့်အသဲနှလုံးကို ဆဝတ်ခနဲ လှုပ်နှိုးသကဲ့သို့ရှိသည်။ မျက်လုံးစုံမှိတ်လိုက်စဉ် နီညိုရောင်ပါးလျပျော့ပျောင်းသော သွေးဆံပင်များကို မြင်သည်။

ဝတ္ထုတွေ တစ်လတစ်အုပ်နှုန်းရေးသော သူသည် လူတစ်ယောက်ထံ တဖွဲ့တနွဲ့စာရေးရန် အလွန်မျင်းတာ ကျွန်တော်သိသည်။

ကျွန်တော့်စာရေးဆရာမလေးသည် ဆံပင်နီညိုရောင်များနှင့် ကလေးဆန်သော သွားတက်တစ်ခုကို ပိုင်ဆိုင်ပါသည်။

စာရေးဆရာမဆိုသော ဝုဏ်နှင့်မလိုက်အောင် ငေးရွှယ်နုပျိုသော မျက်နှာကလေးနှင့် ခေတ်ရှေ့ပြေးသောသူသည် သူ့ဝတ္ထုတွေထဲမှာတော့ ခုံခြံစရာကောင်းလောက်အောင် တည်ငြိမ်ရင့်ကျက်၍

www.burmeseclassic.com

www.burmeseclassic.com



အသိဉာဏ်မြင့်မားသော မိန်းမများကို ဓာတ်ကောင်နေရာထားကာ ဖွဲ့စည်းနိုင်သည်။

အပြင်ကသူကတော့ ဘုရားစူး…တွေ့တာနဲ့ တည်ငြိမ်ရင့်ကျက်တဲ့ပုံမပေါက်ဘဲ ဒါ စာရေးဆရာမ သမ္ဘူလလားဟု မယုံသင်္ကာ မျက်ဝန်းများနဲ့ လူတွေကြည့်လောက်အောင် နားကွင်းများဝတ်တတ်၊ ဂျင်းစကပ်ဒ်များနှင့် စပို့ရှပ်ကိုယ်ကျပ်လက်တိုကို ရင်ဘတ်က စတစ်ကာမျိုးစုံနှင့် တွဲဝတ်တတ်တာကြောင့် ဘယ်လိုမှ လူအထင်ကြီးလောက်သော လက္ခဏာမရှိ။

ဒါပေမယ့် သူသည် ဆရာဝန်တစ်ယောက်လည်းဖြစ်နေပြန်သေးသည်။ ဒေါက်တာမေဘယ်လ်ဟန်စောဆိုသော မိန်းခလေးသည် လူနာတွေအလယ်မှာတော့ ချစ်စဖွယ်မျက်နှာချိုသော ဆရာဝန်မတစ်ယောက်ဖြစ်ပေမယ့် ဘယ်လိုမှ ဆရာဝန်ပုံမပေါက်။

ဆရာဝန်ပုံမပေါက်၊ စာရေးဆရာမပုံမပေါက်ဘဲ ဟိတ်ကြီးဟန်ကြီးမရှိ ပကတိကလေးဆန်ဆန် ဖြူစင်သောမျက်လုံးများကို ပိုင်ဆိုင်သောသူသည် ဘဝနဲ့ပတ်သက်ရာမှာတော့ အနိုင်ပိုင်းချင်သူဖြစ်သည်။

"ကိုကိုကတော့ ထင်မယ်…မေလေး…ကိုကို့ကိုမေ့နေပြီလို့…"

ဒုတိယစာကြောင်းသည် သူ့ရဲ့စိတ်ကို ခန့်မှန်းရန်ခဲ့သော နိမိတ်ပုံဖြစ်သည်။ ဒါမှမဟုတ် ခပ်တည်တည်နဲ့ နောက်တတ်ပြောင်တတ်သောသူ့ဝသီအတိုင်း နောက်မှ အတည်ပေါက်ပြောလိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



အထင်နှင့် ကျွန်တော်ဆက်ဖတ်သည်။ ဥပမာ- တကယ်သတိမရတာတို့ပေါ့။ သို့သော်...

"တကယ်လည်း ကို‹ငြို့›ကို သ‹တိ›မရချင်ခဲ့ဘူး..."

ကျွန်တော့်ရင်ထဲမှာ လွမ်းဆွတ်မှုနဲ့အတူ ဟာသွားသည်။

သတိမရချင်ခဲ့ဘူးဆိုတော့ သတိရနေလို့ပေါ့။

မင်းဟာ ဘယ်အချိန်ထိ ကိုယ့်ကိုကိုယ်လိမ်ညာလှည့်ပတ်ဦးမလဲမေ။

ကိုယ်တော့ မလိုက်နိုင်တော့ဘူး။

ကိုယ်မောလှပြီ။ မေ့ကို စချစ်ကတည်းက ကိုယ်မောပန်းခဲ့တာပဲ။ မေ့အောင်မြင်မှု၊ မေ့ပညာ၊ မေ့ဖြူစင်မှု၊ အားလုံးကို ကိုယ်မောမောပန်းပန်းနဲ့ပဲ ဘေးကဖြည့်ဆည်းပေးခဲ့တာ။

ကျွန်တော့်စကားကို သူမကြားနိုင်ပါ။ သူသိမယ်လဲမထင်။ သူက ကျွန်တော့်ရင်ထဲ ဘာရှိလဲဆိုတာ ဘယ်တော့မှ သိဖို့ကြိုးစားမှာမဟုတ်သော မိန်းမဖြစ်သည်။ အဲလေ...ကောင်မလေးပေါ့...။

သူက ကျွန်တော့်ထက် ဆယ်နှစ်တိတိ ငယ်ရွယ်ပါသည်။ ထို့ကြောင့် ကိုကိုဟုခေါ်သော သူ့ခေါ်သံနွဲ့နွဲ့မှာ ကျွန်တော်ငြိတွယ်...။ သီရှခဲ့...။

"ဒီမှာသိပ်အေးတာပဲ...ရေခဲပြင်တွေများ ကိုကိုမြင်ဖူး သိပ်အေးသောကျမှာ...ကိုကိုက အအေးကြိုက်တာမို့လေ..."

ကျွန်တော်က ပါရီတွင် ငါးနှစ်ခန့်အလုပ်လုပ်ခဲ့ဘူးရာ...

www.burmeseclassic.com

www.burmeseclassic.com



ဥရောပရဲ့အအေးဒဏ်ကို တော်တော်ကြီးခံနိုင်ရည်ရှိသွားခဲ့သည်။

"ပြီးခဲ့တဲ့အပတ်က နှင်းလျှောစီးပြိုင်ပွဲမှာ မေလေးနဲ့အတူနေတဲ့ ဘိုမက ဝင်ပြိုင်တယ်…ဆုတော့မရဘူး…ဒါပေမယ့်လေ…သူ နှင်းလျှောစီးနေတာကြည့်ပြီး မေလေး ကိုကို့ကို သိပ်သတိရလာလို့… ကိုကို…ဘဝဆိုတာ အနိုင်ပိုင်းဖို့လွယ်ပေမယ့် အချစ်ဆိုတာ အနိုင်ပိုင်းဖို့မလွယ်ဘူးနော်…"

ဆရာဝန် စာရေးဆရာ ဘဝနှစ်ခုမှာ သူမက်မောစွာ ရွေးချယ်ခဲ့သောဘဝသည် ဆရာဝန်ဖြစ်သည်။

စာရေးဆရာမ သမ္ဘုလဘဝကို သူ့ဘဝရဲ့မှတ်တိုင်တစ်ခု အဖြစ်သာ ထားရှိပြီး ဒေါက်တာမေဘယ်လ်ဟာန်စေဘဝကို ရွေးချယ်ခဲ့သော သူက ထိုရွေးချယ်မှုကို ဘဝရဲ့အနိုင်ပိုင်းမှုတစ်ခုတဲ့လေ။

မြန်မာပြည်ရဲ့ အောင်မြင်ကျော်ကြားပြီး ပရိသတ်လက်ခံသော စာရေးဆရာမတစ်ယောက်ဘဝသည် သူ့အမြင်မှာတော့ ဆယ်နှစ်ထက် ပိုမခံသော လောကပရိယာယ်တစ်ခုဟု သုံးသပ်ပြသည်။

ဆရာဝန်ဘဝကတော့ ဂုဏ်ရှိပြီး အတိုက်အခိုက်မရှိသော ပညာတတ်တစ်ယောက်ရဲ့ အကာအကွယ်ဥဩတစ်ခုဟု သူကယူဆသည်။

လူနာတွေရဲ့ ခိုကိုးရာအဖြစ် သူ့ကိုယ်သူ ပြဌာန်းခဲ့သည်။ သူ့ရဲ့ယူဆချက်တွေ သုံးသပ်ချက်တွေထဲမှာ ကျွန်တော့်မှတ်မိမှုကို ခဲနဲ့မှမခံ၊ ခဲနဲ့မှမပေါ်ရှိဘဲ သူ့ဖာသာသူ ဆုံးဖြတ်ချက်ချခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကောင်မလေးက ခေါင်းမာကာ အင်မတန်လက်ပေါက်ကတ် ဆိုဆုံးမရခက်ပြီး သူကတစ်ပြန် ကျွန်တော့်ကိုဆရာလုပ်ကာ ဆူပူတတ်သော ကောင်မလေးဖြစ်သည်။

"ဒီမယ်…ကျုပ်က လူသန်း ဖဝဖတ်ဖို့ စာတွေရေးနေတာ… ကျုပ်ဖတ်ခဲ့တဲ့စာတွေမှ ရှင့်ကိုဖို့သတ်ရင် ရှင်ဆယ်ခါပြန့်မက သေလို့ရတယ် သိလား…အသက်လေးဆယ်နှစ်ကြီးတာနဲ့များ ကျုပ်ကို ခေါင်းပုတ်လား ထိပ်ခေါက်လား မလုပ်ပါနဲ့…ကျုပ်နာမည် သမ္မုလ သိတယ်မို့လား…ရှင့်ထက်ငယ်ပေမယ့် ကျုပ်လုပ်ပြနိုင်ခဲ့တာတွေ အများကြီးနော်…ဟင်း…အသက်ကြီးနေလို့ ခွင့်လွှတ်ပေးနေတာများ အကောင်းမှတ်လို့…"

ကျွန်တော့်အရပ်ခြောက်ပေကို သူ့အရပ်ငါးပေနှစ်လက်မနှင့် ချိန်ဆ ခုန်ဆွရန်တွေ့တတ်သော ရုပ်လွှာကို ကျွန်တော်ဘယ်လိုမေ့နိုင်မည်နည်း။

သုံးနှစ်တာမျှ လက်တွဲဖော်၊ အားပေးဖော်၊ ချစ်ခင်ဖော်၊ ကြင်နာဖော်အဖြစ် သူ့နားမှာ အချိန်ပြည့်နီးပါးရှိခဲ့သော၊ သူပိုင်ချင်ရင် သူ့ကို ကျွန်တော့်ရင်ခွင်ထဲထည့်ကာ ခပ်ဖွဖွဖက် ထားပြီး သူ့အင်္ကျီတိတ်တဲ့အထိ ရပ်စောင့်တတ်သော၊ သူ့မျက်ရည်တွေကို နူးညံ့ညင်သာစွာ သုတ်ပေးတတ်သော ကျွန်တော့်ကို သူကသတိရနေဆဲဆိုတာနဲ့ပဲ… လုံလောက်ရမှာပေါ့လေ။

ဆရာဝန်စာရေးဆရာမတစ်ယောက်ရဲ့ ချည်းစားဖြစ်ရတဲ့ဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



က မသေးလှ။ သူ့ဘေးနားကလူမှန်သမျှ ဝတ္ထုထဲထည့်ရေးတတ်သူ။ ကျွန်တော်နဲ့စိတ်ကောက်လျှင်ပင် အဲဒီစိတ်ကောက်ရတဲ့အကြောင်းကို တဖွဲ့တနွဲ့ခံစားပြီး ရှည်လျားထွေပြားစွာ ဇာတ်လမ်းဖြစ်အောင်ရေးတတ်သည်။

ဝတ္ထုထဲမှာ ကျွန်တော်ကဗီလိန်။ စိတ်မထင်လျှင် ဝတ္ထုထဲမှာ ရက်ရက်စက်စက်သတ်ပစ်တတ်သည်။ စိတ်ကောက်ပြေသွားလျှင်တော့...

"ဟဲဟဲ...ကိုကို့ကို ဝတ္ထုထဲမှာ ခဏမှန်းကြည့်တာသိလား၊ ဒါပေမယ့် မှန်းနိုင်ပါဘူးဗျာ..ဟင်း ညည်းကိုကျုပ်လေ...ညည်းဘယ်လောက်အချိုးမပြေပါစေ မုန်းနိုင်ဘူးတော်..."

အဲသလိုပြောပြီး သူ့နှာခေါင်းချွန်ချွန်ကလေးနှင့် ကျွန်တော့်ပါးကို ခပ်ကြမ်းကြမ်းဖိနမ်းတတ်တော့ ကျွန်တော့်ခမျာ ဝတ္ထုထဲမှာ ဆိုးသွမ်းရက်စက်တဲ့ ဇာတ်ကောင်လည်းဖြစ်ရသေး အပြင်မှာ အနမ်းခံရသေးဆိုတော့ သိသမျှအပေါင်းအသင်းများက ဟားကြသည်။

စာရေးဆရာမရည်းစား ဖြစ်ချင်ဦးတဲ့။

သူကသိတော့...

"ပြောလိုက်စမ်းပါ...စာရေးဆရာမရဲ့နှလုံးသားဆိုတာ လူ့ဒ်လွယ်ကူကူ လူတစ်ယောက်ကို မချစ်တတ်ဘူးလို့..."

ဒါပေမဲ့ သူသည် သူဖြစ်ချင်တာအတွက်တော့ လူတစ်ယောက်ကို စွန့်ခွါဖို့ ဘယ်တုန်းကမှ ဝန်မလေးခဲ့။ ကျွန်တော်သိပ်ချစ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာကလည်း ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ယူတတ်တဲ့ သူ့မာန၊ ကျွန်တော်သိပ်ကြောက်ခဲ့တာလဲ အဲဒီမာန၊ နောက်ဆုံး ကျွန်တော့်ကို ဒလိမ့်ခေါက်ကွေးထိုးနှက်တိုက်ခိုက်ခဲ့တာလည်း အဲဒီမာနပဲဖြစ်သည်။

"ကိုကို…ပြန်လာချင်တဲ့စိတ် ခဏခဏဖြစ်တယ်…"

ကျွန်တော့်ရင်တွေ ထိတ်ခနဲခုန်သွားသည်။

အမေရိကားက Doctor of Medicine ဘွဲ့နဲ့ လီဒင်ဘာရာက MRCP ဘွဲ့ရဖို့ ဆယ်နှစ်လောက်အသဲအသန် နေ့မအိပ်ညမအိပ်ကြိုးစားခဲ့ပြီး လက်ရှိ ဒေါက်တာ မေဘယ်လ်ဟန်စောဘဝမှာ ခပေျာ်ပိုက်ဖို့ ဘာအကြောင်းပြချက်မှမရှိသောသူက…ပြန်လာချင်စိတ်ရှိသတဲ့။

"ကိုကို…အချစ်ကိုမုန်းတယ်…ချစ်ရတာ ဒုက္ခပဲ…အချစ်ကြောင့်သာ လွမ်းရတယ်…ဆွေးရတယ်…အချစ်ကြောင့်သာ မေလေးဒုက္ခရတယ်…ဝန်မခံချင်ခဲ့ဘူး…ကိုကို့ကို ချစ်လွန်းလို့ ရှိနေတဲ့အလုပ်တွေအကုန်ပစ်ထားပြီး ပြန်မလာရက်အောင်…မေလေးအလုပ်မှာ ပျော်ဝင်တာတော့အမှန်ပဲ…"

ကျွန်တော့်လက်တွေ စာကိုကိုင်ထားရာမှ ညွတ်ကျသွား သည်။ ရင်ထဲမှာထိခိုက်နာကျင်လာပေသည်။

ဆံပင်နီညိုရောင်ပျော့ပျော့ရှည်ရှည်လေးများကို ဘီးတာမချောင်းနှင့်ဖြီးသင်ခိုင်းတတ်သော၊ တစ်ခါတစ်လေ နှုတ်ခမ်းနီဆိုးခိုင်းတတ်သော၊ ပြီးတော့ သူ့ဝတ္ထုတစ်အုပ်ထွက်တိုင်း အတင်းဖတ်

www.burmeseclassic.com

www.burmeseclassic.com



နှိုင်းတတ်သော ကောင်မလေး၊ သူ့ကိုဂရုစိုက်စေချင်သလို ကျွန်တော့်ကိုလဲ လက်သဲညှပ်ပေးတတ်သော၊ ခေါင်းလိမ်းဆီလိမ်းပေးတတ်သော၊ မှတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများကို နှုတ်ညှပ်ဆွဲသာစွာရိတ်ပေးတတ်သော ကောင်မလေးကို ကျွန်တော့်အနားမှ ဝေးကွာသွားအောင် ဘာတွေက များ တွန်းထုတ်လိုက်သလဲ။

"တစ်နေ့နေ့ဝေးကြမယ်ဆိုတာ သိရက်နဲ့ မေ့ကို ကိုကိုဘာလို့ ချစ်ခဲ့သေးလဲဟင်..."

"အဲဒီနေ့မရောက်သေးဘူးမေ...ကြိုမပြောနဲ့...ဟုတ်ပြီလား...ဘာလို့ချစ်ခဲ့သေးလဲဆိုတော့ မေ့ကို ကိုကိုမချစ်ဘဲနဲ့ နေလို့ကို မရလို့ပဲ..."

ကျွန်တော့်ဗယ်ဘက်ရင်ဘတ်ကို သူ့ခေါင်းနဲ့အသာကပ်ကာ သက်ပြင်းခပ်တိုးတိုးချ။ ကျွန်တော့်မေးစေ့ကို ခပ်ဖွဖွနမ်းကာ ကျွန်တော့်လက်ချောင်းတွေနှင့် သူ့လက်ချောင်းတွေကို လိမ်ယှက်ကာ ကျွန်တော့်ကို သိပ်ချစ်ကြောင်း ပြောခဲ့တဲ့ကောင်မလေးမေ။

သူ့လည်ပင်းက ခရစ်တက်ကလေးကို ကျွန်တော်နမ်းလျှင် ငြိမ်သက်နေတတ်ပြီး "ကိုကိုက လော့ကတ်ဒ်ကိုနမ်းနေတာလား...မေ့ကိုနမ်းနေတာလား"ဟု မေးကာ ပြီးတော့ သူ့ဖာသာသူ...

"အင်း...ဒီပုံစံနဲ့ မေ့ကိုကိုကို သိပ်ချည်နှောင်နေပြီ...တာဝန်မယူချင်တဲ့လူကိုမှ ကိုကို အချစ်တွေနဲ့ချုပ်ထားနေပြီ..."ဟု ပြောတတ်သောကောင်မလေးမေ။

www.burmeseclassic.com



"မေလေ…ဒီလူ့ဘဝကို နှစ်အကြာကြီး မနေချင်ခဲ့တာ ကိုကို သိပါတယ်…မေက တနေ့နေ့ဆိုတာကို သူများထက်စောစောကြုံနိုင်တဲ့လူလေ…အချိန်မရွေး Excerbation (အဆိုးဆုံးဖြစ်နိုင်သော) ရနိုင်တဲ့ ရောဂါတစ်ခုနဲ့ အသက်ရှင်နေရတာမို့…လူတစ်ယောက်ကို ရင်နဲ့ရင်းချစ်ရမှာ သိပ်ကြောက်တာပဲ…မေက မေ့ချစ်သူကိုထားခဲ့ပြီး မျက်လုံးစုံမှိတ်မသွားချင်ဘူး…"

ကျွန်တော့်ကောင်မလေးသည် ရင်ကျပ်ရောဂါရှိသော၊ အအေးဓါတ်၊ စိတ်ဖိစီးမှု၊ မီးခိုးငွေ့ စသည့်အရာများကြောင့် ချက်ချင်းထကျပ်သာတတ်သော၊ စိတ်တိုဒေါသကြီးသော မိန်းခလေးဖြစ်သည်။

သီခါစက

"ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်ရောဂါတွေများတာ မကောင်းဘူး" ဟု ကျွန်တော်ညည်းညူခဲ့သည်။

"မေက ဆရာဝန်ပဲ…ဆေးနဲ့ထိန်းထားမှာပေါ့…Asthma အားတွေက ဉာဏ်သိပ်ကောင်းတာတဲ့ ကိုကိုရ…စိတ်မပူပါနဲ့ဗျူ…"

ကျွန်တော့်ကို သူဘယ်လိုပျောင်းဖြပါစေ နောက်ဆုံး သူသွားသတောင် ကျွန်တော်မသိလိုက်။ ကျွန်တော့်ကို ဘာမှပြောမသွား။

အီးမေးလ်တစ်စောင်သာပို့လိုက်ပြီး နှစ်ကာလများစွာ ပျောက်သွားခဲ့သော မိန်းမက ခုချိန်မှ စာတစ်တန်ပေတော့နဲ့… ပြီတော့။

www.burmeseclassic.com

www.burmeseclassic.com



"မေ...ရှေ့အပတ်ထဲမှာ တိုကျိုကို အစည်းအဝေးတစ်ခုလာတက်ရမယ်ကိုကို...ကိုကို့ဆီဝင်ခဲ့မယ်...တိုကျိုမှာပဲရှိနေမယ်လို့ ထင်တယ်...မေလာတက်ရမဲ့ Symposium က အေအိုင်ဒီအက်စ်နဲ့ပတ်သက်တယ်...မေစာတမ်းဖတ်ရမယ် ကိုကို...WHO ရဲ့ ကောင်ဆဲလ်လာပါလာမှာဆိုတော့ မေအရမ်းသတိထားရတယ်...ကိုကို့ဆီမှာ မေသုံးရက်နေဖို့ အချိန်ရတယ်...ကိုကို အရမ်းဝနေပြီလားဟင်...မြန်မာပြည်ပြန်ဖြစ်သေးလား...မေတော့ဒီနှစ်ကုန်ရင်...ဆေးရုံကိစ္စနဲ့ မြန်မာပြည်သွားဖို့ရှိတယ်...ကိုကိုပါလိုက်ချင်လိုက်ခဲ့ပါလား...မေတို့အိမ်လေးကို သွားကြည့်ကြရအောင်လေ...ကိုကို့ကော်ဖီဆိုင်လေးရော...ဘယ်လိုနေလဲမသိဘူးနော်...ဘာပဲဖြစ်ဖြစ် စတွေ့တာ ကိုကို့ဆိုင်မှာဆိုတော့...ခုနေခါမှာ ရင်ခုန်နေတာတော့အမှန်ပဲ...ကိုကို...အရမ်းချစ်တယ်...စောင့်နေနော်..."

Sayonara Mala ne

Dr. May Bell Han Saw

England

စာက ဒီမျှသာပဲ။

အရမ်းချစ်တယ်တဲ့။

ကျွန်တော်မေးတိုင်း ရယ်နေတတ်သောသူက ခုတော့ စိတ်ထဲလက်ရဖြေသွားပြီ။ ဟား...။ ကျွန်တော် အချိန်တွေကို ကြည့်လိုက်သည်။ သူ့အသက်နှစ်ဆယ့်နှစ်နှစ်ကတည်းက ကျွန်တော်တို့သိခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com


တာဆိုတော့…နှစ်မနဲတော့ဘူးပဲ။

ရင်ခွင်ထဲကို သူ့သဘောနဲ့သူ ဝင်လာခဲ့သူ၊

သူ့သဘောနဲ့သူ ပြန်ထွက်သွားသူ၊

တကယ်တော့ သူ့ကိုချစ်ရတာ ပန်းကန်ပြားပျံတစ်စင်းပေါ် Unconscious Mind (မသိစိတ်)နဲ့မြှားခေါ်သွားခံရသူတစ်ယောက် လိုပင် ဘာမှရေရာတာမရှိ။

သူသည် တဖြည်းဖြည်းမြင့်တက်နေသော စွန်ကလေးကဲ့သို့ ပင်ဖြစ်ပြီး ကျွန်တော်ကတော့ သူမြင့်တက်သွားတာကြည့်ရင်း ပီတိ ဖြင့်ပြုံးကာ…တစ်နေ့ ကျွန်တော့်ရင်ခွင်ကဲ ပြန်ဝင်ရောက်လာမယ့်နေ့ ကိုသာ လက်ချိုးရေတွက်ရသူဖြစ်သည်။

သူက ကျွန်တော့်ကိုချစ်တာထက်…

ကျွန်တော်က သူ့ကိုပိုချစ်သည်။

ကျွန်တော့်ချစ်ခြင်းမှာ သူ့ကို တန်ဖိုးထားခြင်း၊ မြတ်နိုးခြင်း၊ ရေစိုက်ခြင်းတို့အပြင် သူ့ရှေ့က မားမားမတ်မတ်ရပ်တည်ကာကွယ် ပေးလိုသောစေတနာကို အရင်းခံလေသည်။

ကျွန်တော့ဘဝမှာ သူကလွဲ၍ ဘယ်မိန်းမကိုမှ မချစ်ခဲ့သလို သူ့ဘဝမှာလဲ ကျွန်တော်ကလွဲ၍ ဘယ်သူ့ကိုမှ သူမချစ်ခဲ့။ စာရေး ဆရာမ ငယ်ငယ်ချောချောသွက်သွက်လေးမို့ ဝိုင်းဝိုင်းလည်သော သူများကို အမြဲတစ်ပတ်ရိုက် ရှောင်ပြေးပြီး တစ်ယောက်တည်း နေပျော် သူ၊ အချုပ်အနှောင်များမုန်းသူ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရုပ်အင်္ကျီလက်တိုဝတ်လျှင် မုန်းသူ၊

ကျွန်တော့်ဆံပင်ရှည်လျှင် အတင်းညှပ်ခိုင်းသူ၊

ကျွန်တော့်ရဲ့ရည်းစားများကို ဒိုင်ခံဝတ္ထုထဲထည့်ရေးသူ၊

ကျွန်တော်သိပ်ပင်ပန်းလျှင် သီချင်းဆိုကာ (ဖုန်းထဲမှ)ချော့သိပ်သူ၊

ကျွန်တော့်ကိုသိပ်လွမ်းလျှင် ဂျယ်လီတစ်ထုပ် (ဗူး ၂၀ ပါသည်) တစ်ခါထဲ ကုန်အောင်ထိုင်စားသူ၊

ကျွန်တော့်အရပ် ခြောက်ပေကိုမှီအောင် သူ့အရပ် ငါးပေတစ်လက်မခွဲကို လေးလက်မခွဲဒေါက်တွေစီးပြီး မကြာခဏချော်လဲသူ၊

အများကြီးပဲ။

အမှတ်တရတွေအများကြီးပေးပြီး…

ကျွန်တော့်ကို အချစ်အကြောင်းသင်သွားပေးခဲ့သူ…

အချစ်ဝတ္ထုရေးသော စာရေးဆရာမလေးသည်…

စတွေ့ကတည်းက အလွန်တရာစိတ်ဆတ်ပြီး လက်တုံ့ပြန်လိုစိတ်ပြင်းပြကာ သူ့ရဲ့အထူးခြားဆုံးခံယူချက်က ဒီခေတ်မိန်းကလေးဟွေသာ လိုက်လုပ်လျှင် မလွယ်။

"မေ ရည်းစားပဲထားမယ်…ယောကျ်ားမယူဘူး…ဘာလို့လဲ ဆိုတော့ ယောကျ်ားယူရင် ကလေးမွေးရမယ်…အရမ်းကြောက်စရာကောင်းတဲ့ကိစ္စပဲ…မွေးခန်းထဲက မိန်းမတွေကြည့်ပြီး ဒီတစ်သက် မေ ဘယ်တော့မှ ကလေးမမွေးဘူး…ယောကျ်ားလဲမယူဘူးလို့ ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ထားတယ်…ပြီးတော့ မေက တစ္ဆေသရဲတွေ သိပ်ကြောက်တယ်…ယောက်ျားယူလိုက်ရင် ပါလာမယ့် ယောက္ခမနဲ့ ယောက်မက တစ္ဆေသရဲတွေပဲ…အတင်းနင်းကန်ခြောက်လှန့်အနိုင်ကျင့်ကြမှာ…ဒါကြောင့် ဒီနှစ်ချက်နဲ့ မေ ကိုကို့ကို မသေတဲ့အထိ အဘတ်နိုင်ဆုံး ချစ်သွားမယ်…ဒါပေမယ့် ကိုကို့ကို မေလုံးဝလက်မထပ်ဘူး…ဒါပဲ"

ကျွန်တော်တို့နှစ်ယောက်စတွေ့တာ ကျွန်တော် မြန်မာပြည်မှာ ကော်ဖီဆိုင်ဖွင့်ပြီး ခြောက်လခန့်မှာ ဖြစ်သည်။

ကျွန်တော်က အသက်ဆယ်နှစ်ကတည်းက ဂျပန်သို့ရောက်ခဲ့ပြီး ဂျပန်မှာပင် အင်ဂျင်နီယာဘွဲ့ရခဲ့သည်။ ထို့နောက် သူငယ်ချင်းတစ်ယောက်နဲ့ ပါရီအိဖဲမျှော်စင်နားတွင် ကော်ဖီဆိုင်တစ်ဆိုင် ငါးနှစ်တိတိဖွင့်ခဲ့ဘူးသည်။ မြန်မာပြည်တွင် ကော်ဖီယဉ်ကျေးမှု သိပ်မထွန်းကားသေးချိန်တွင် ကျွန်တော်အရင်ဆုံး စိတ်ကူးကောင်းကောင်းဖြင့် Paradise ဟုအမည်ရသော ကော်ဖီဆိုင်တစ်ဆိုင် စဖွင့်ခဲ့သည်။

ကော်ဖီဆိုင်ဟုသာ အမည်တပ်ရတာ တကယ်တော့ ရနိုင်သမျှ အစားအစာတွေနဲ့ နေ့လည်စာ၊ ညစာအတွက်ပါ ထည့်သွင်းမှ ဆိုင်အရင်းကျေမည်ဖြစ်၍ နောက်ဆုံး Paradise သည် ကော်ဖီမျိုးစုံရနိုင်သော တရုတ်အစားအစာဆိုင်ဖြစ်သွားလေသည်။ ဂျပန်အစားအသောက်ကို မြန်မာပြည်မှာ သိပ်ခံတွင်းမတွေ့ကြချေ။ တင်ပွရာ သောက်ပဲ ကြိုက်ကြသည်။ ထမင်းဆုပ်လည်း သဘောကျကြပေမယ့် ရှင်အစားအစာက ပွဲထိုင်နေရာရောက်သွားတော့မို့ ကျွန်တော့်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လည်း ရေစီးကြောင်းပြောင်းလိုက်ရသည်။ ကျွန်တော်နဲ့သူတွေ့တုန်းက ကျွန်တော်က သုံးဆယ့်နှစ်နှစ်၊ သူက နှစ်ဆယ့်နှစ်နှစ်။

www.burmeseclassic.com

www.burmeseclassic.com

သူ့မှာ ထူးခြားတာ နီညိုရောင်ဆံပင်ရှည်ရှည်များဖြစ်သည်။ အသား၀ါ၀ါ မဖြူလှ။ လေးကိုင်းသဏ္ဍာန်ကွေးသော မျက်လုံးအောက်တွင် ရည်ရွယ်ချက်ပြင်းပြပြီး အသိဉာဏ်မြင့်မားမည့် မျက်လုံးတစ်စုံကို ပိုင်ဆိုင်သည်။

ဆံပင်နှင့်မျက်ခုံးကြောင့် သူ့မျက်နှာသည် ချောမောလှပမှုထက် ဆွဲဆောင်မှုရှိသော မျက်နှာဘက်သို့ နွယ်သည်။

မျက်နှာကျက လေးထောင့်ဆန်ဆန်။ ဆံနွယ်ပိုင်ရှင်မို့ ပုံစံကနိုင်ငံခြားသူတစ်ယောက်ရဲ့ ဟန်ပန်မျိုး။

ကြိုးသိုင်းဒေါက်ဖိနပ်လေးများစီးတတ်ပြီး အိတ်အကြီးကြီးတွေလွယ်တတ်သည်။

ကျွန်တော်က အဲဒီနေ့မှာ မှတ်မှတ်ရရ နေ့လည်ဘက် ဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီတစ်ခွက်သောက်ရင်း Stellite မှလာသော သီချင်းတစ်ပုဒ်ကို အရသာခံကြည့်နေဆဲ မိန်းကလေးသုံးယောက် ကျွန်တော်နဲ့ဘေးချင်းကပ်စားပွဲမှာ ဝင်ယိုင်လိုက်သည်။

အဲဒီသုံးယောက်ထဲက တစ်ယောက်က သူပေါ့။ ထူးခြားလွန်းတာက သူဝတ်ထားသော တီရှပ်စတစ်ကာက ခရစ်ကတ်ပုံစံ၊ သူ့နားဆွဲတလဲ ခရစ်ကတ်၊ လော့ကတ်ဒ်လေးကလည်း ခရစ်ကတ်ဒ်မို့ ကျွန်တော်က သူ့ကို ခရစ်ယာန်မလေးဟု ထင်လိုက်သည်။

သူတို့ဝိုင်းက ထမင်းဟင်းတွေ မှာသံကြားရသည်။

"နင်တို့ပဲစားတော့…ငါကော်ဖီပဲသောက်မယ်…"

"ဘာဖြစ်လို့လဲ…နင်ဗိုက်မပြည့်ဘဲနေမှာပေါ့.."

"မဟုတ်ဘူးဟေ့…ငါဗိုက်ဆံသိပ်မပါလို့…နင်တို့စားရင် ငါတော်သလိုပါပဲ…စား စား…ဟား…ဟား.."

သူငယ်ချင်းတွေကို အတည်ပေါက်နဲ့နောက်ပြီး တကယ်ပဲ သူကော်ဖီတစ်ခွက်မှာသောက်သည်။ သူ့သူငယ်ချင်းတွေကလဲ ဘာလေးတွေမှန်းမသိ။ သူ့ကို ရှေ့ထားပြီး ရယ်ရယ်မောမောနဲ့ပဲ ထမင်းစားကြသည်။

"စာရေးဆရာမကများ ပိုက်ဆံမရှိတာညည်းနေသေးတယ်…"

"ဟဲ့…ငါကနာမည်ပဲရှိတာ…ငါ တစ်လခြောက်သောင်းပဲရပါတယ်ဟာ…"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့…ငါအုပ်ငါးဆယ်ထိပဲရေးမှာ…ငါရပ်ပစ်မှာ လေ…MD အတွက် လုပ်ရဦးမှာဆိုတော့…ဝတ္ထုတွေဆက်ရေးနေလို့ ငါအဆင်မပြေနိုင်ဘူး…"

"ဒါနဲ့ နင်တကယ်သွားမှာလား…"

"အင်း…"

"နင်တကယ်လို့ အရမ်းချစ်တဲ့လူနဲ့တွေ့ရင်ကော…"

ကျွန်တော့်နဲ့ကပ်နေတာဆိုတော့ မကြားချင်လဲ ကြားနေရတာမို့ အဲဒီကောင်မလေး ဘယ်လိုဖြေမလဲဆိုတာ နားစွင့်နေမိခဲ့သည်။ သူ့ အကြာကြီးတိတ်ဆိတ်သွားသည်။ ကော်ဖီကို မွှေ့င်း၍သောက်သည်။

"ဒါကြောင့် ငါရည်းစားမထားတာပေါ့…ထားလဲ ငါက သွားစရာရှိတာသွားမှာပဲ…သမ္မုလကိုတောင် စွန့်လွှတ်နိုင်တာကွယ်…ဘာကိုများ မစွန့်လွှတ်ရဲစရာရှိသလဲ…ငါမက်မောတာ ဘာမှမရှိပါဘူး…"

"မမက်မောတဲ့မိန်းမက MD ဘွဲ့တို့ MRCP တို့ယူဦးမတဲ့…နင့်ဟာကလဲ…"

"ငါလုပ်နိုင်တာတွေ လုပ်ကြည့်တာပါ…"

"နင် ကျောင်းတက်ကထဲက ကိုယ့်ဝင်ငွေနဲ့ကိုယ်တက်တာပဲ…နင်မလုပ်နိုင်တာ ဘာရှိလို့လဲ မေရာ…"

"ရှိတာပေါ့ကွယ်…အများကြီးပေါ့…ငါလုပ်နိုင်တာ စာဖတ်

www.burmeseclassic.com



တာတစ်ခုပဲရှိတာ…စာရေးတာလဲ စာဖတ်တာကနေ ပွားလာတာ… ဆရာဝန်ဆိုတာကလဲ စာဖတ်နိုင်လို့ပဲမဟုတ်လား…ဘဝမှာ စာဖတ်တဲ့အလုပ်အပြင် တခြားလုပ်စရာတွေ အများကြီးပါ…ငါဘာမှမလုပ်နိုင်ပါဘူး…"

ကျွန်တော်နားထောင်ပြီး အံ့ဩသွားတာ သူ့ပုံစံကို ဆရာဝန်ဟု လုံးဝမထင်တာအဓိကကျသည်။

ဒီခေတ်မိန်းကလေးတွေကို ခေတ်မှီပုံရသောသူသည် ဘယ်လိုများ လူမှာတွေနဲ့နေသလဲမသိ။

မျက်နှာလေးကတော့ စွဲဆောင်အားရှိသော မိန်းကလေးဖြစ်တာမို့ ယောကျ်ားလူမှာတွေနဲ့တော့ မလွယ်။

သူတို့ ငွေရှင်းပြီးထွက်သွားတော့ ကျွန်တော်ငေးကြည့်ဖြစ်သည်။ သူငယ်ချင်းအချင်းချင်းမှာတောင် သူ့ပုံစံက ပိုသေးသွယ်သည်။

"အဲဒါ…စာရေးဆရာမ သမ္ဘူလလေး…ဆိုင်မှာ ဖွင့်စကတည်းက လာစားတယ်…"

"ခေတ်ဆန်တယ်နော်…ကလေးလေးနဲ့ပိုတူတယ်… ဆရာဝန် စာရေးဆရာမဆိုတာ ယုံချင်စရာ ဘာမှမရှိဘူး…"

"ငါနဲ့ ခဏခဏတွေ့နေတာ…ရန်ကုန်ဆေးရုံကြီးမှာ ဟောက်စ်ဆင်းတာလေ…"

"ရည်းစားရှိမယ်နဲ့တူတယ်နော်… ဆေးကျောင်းသားပဲဟား မသိဘူး…"

www.burmeseclassic.com

www.burmeseclassic.com



"သင်္ကြန်ဆို အင်းလျားလမ်းမှာ ရေကစားတယ်..."

"သိလှချည့်လား..."

"ငါ့အစ်ကိုဝမ်းကွဲနဲ့ သူနဲ့ခင်တယ်လေ..."

"ဟုတ်လား...မိတ်ဆက်ပေးပါလား ငါ့ကို..."

"ဟာ...မလုပ်နဲ့...စာရေးဆရာမသမ္ဘူလလား သွားမေးရင် မဟုတ်ဘူးလို့ပြောတယ်...လူသိမခံချင်တာလားမသိဘူး..."

"သူရေးတာရောဟုတ်ရဲ့လား..."

"အဲဒါတော့ ဟုတ်တယ်...ကိုယ်တိုင်ရေးတာသေချာတယ်..."

"မာနကြီးလို့နေမှာပေါ့..."

"အဲသလိုလဲမဟုတ်ဘူး...လုံးဝမာနမရှိဘူး...ရယ်စရာ အရမ်းပြောတာ...အတည်ပေါက်နဲ့နောက်တတ်တာ...ကလေးလေး လိုပဲ...ဦးနှောက်ကတော့ သိပ်ကောင်းတာပဲတဲ့...သူနဲ့သိတဲ့လူတွေ ဆို ဝတ္ထုထဲမှာ ထည့်ရေးလွန်းလို့ သူ့ကိုကြောက်ကြတယ်..."

"ဟုတ်လား...အဲသလိုချည်လား..."

"ဟင်း...ပြောကြတာပဲ..."

"ဒါပေမယ့်...သူ့လို ချစ်စရာကောင်းတဲ့စာရေးဆရာမလေး နဲ့ သူငယ်ချင်းဆိုရင် ကြွားရတာပေါ့ဟဲ့..."

ဆိုင်ကကောင်မလေးတွေ ပြောနေသံအရတော့ သူဟာ လူငယ် ကြိုက်စာရေးဆရာမလေးဖြစ်မယ်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ သူ့ကိုဖတ်ဖူးလို့လား…"

ကျွန်တော်မေးသောအခါ ဝန်ထမ်းနှစ်ယောက်က ခေါင်းညိတ်ပြသည်။

"ဆယ်အုပ်ကျော်ပဲရှိသေးတယ်ဆရာ…ရေးတာ အရမ်းမိုက်တယ်…ယောက်ျားတွေကို လုံးဝအယုံအကြည်မရှိတဲ့စာတ်လမ်းချည်းပဲ…"

"တော်ပါတော့ဟာ…သူ့ပုံစံနဲ့…သူရေးတဲ့စာတွေက သိပ်ကောင်းမှာမဟုတ်ပါဘူး…ကလေးတွေပဲဖတ်မှာပါ…"

ကျွန်တော့်ကို သူတို့ပြန်ငြင်းချင်သည်။

သို့သော် ဆိုင်ရှင်မို့ ပြန်မငြင်းတော့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မိဘတွေနဲ့နေရတာ အိပ်ပြန်ချိန်နောက်ကျလျှင် အားနာစရာကောင်း၍ ကျွန်တော် တိုက်ခန်းတစ်ခန်းဝယ်ဖို့ လိုက်အကြည့်မှာ သူနဲ့ထပ်ဆုံခဲ့ရသည်။

ပွဲစားနဲ့ ကျွန်တော့်ကို တွန်းထိုးပြီးတက်သွားသောကောင်လေး နှစ်ယောက်နှင့် သူ့ကို အံ့ဩစွာ ကျွန်တော်ငေးသွားရသည်။ သူသည် ဟိုတစ်ခါတွေ့ရသလိုမဝတ်ထားပါ။ ဒီတစ်ခါ ရင်စေ့နှင့်ချိတ်လုံချည် ဝတ်ထားသည်။

"ချယ်...သားတို့...စီဒီတွေနောက်အပတ်မှ ပြန်လာဖို့ ခယ်..."

"ချယ်...ချယ် နိုင်ငံခြားသွားမလို့ဆို..."

"ချယ်...ချယ်သွားရင် တီရှပ်တွေလှမ်းပို့ပေးနော်..."

www.burmeseclassic.com

www.burmeseclassic.com



"ချယ်သွားမှပဲ ကွန်ပျူတာဂိမ်းတွေ လှမ်းမှာတော့မယ်..."

"တော်ကြပါဟယ်...နားငြီးလိုက်တာ..."

သူက ဟောက်ငမ်းပြီး ကျွန်တော့်ပခုံးကိုတိုက်ကာ ခပ်သွက် သွက်တက်သွားသည်။ နောက်ကကောင်လေးနှစ်ယောက်ကလဲ လိုက် သွားသည်။ အိမ်ရောင်းမည့်အိမ်ရှင်က အခန်းထဲရောက်တော့ အခန်း ကို လှည့်ပတ်ပြရင်း

"အိမ်နီးချင်းလဲကောင်းတယ် မောင်လေးရဲ့...ဟိုဖက်ခန်းမှာ စာရေးဆရာမ သမ္ဘူလနေတာလေ...တစ်ယောက်တည်းနေတာ... စောစောက သူစာသင်တဲ့တပည့်လေးတွေလေ...သူ့ဟာသူနေတာ ဆိုတော့ မင်းအိမ်နီးချင်းအတွက် ဘာမှမပူရဘူး..."

ကျွန်တော် အဲဒီအခန်းကိုဝယ်ဖို့ ဆုံးဖြတ်ရာတွင် သူ့မျက်နှာ လေးကိုကြည့်၍ ဆုံးဖြတ်ခဲ့ပါသည်။ စိတ်ဝင်စားစရာကောင်မလေးနဲ့ အိမ်နီးချင်းဖြစ်ရတာ ရင်ခုန်စရာကောင်းမယ်ဟုထင်သည်။ ကောင်မ လေးက ခပ်မိုက်မိုက်စတိုင်လ်လေးနှင့်ဆိုတော့ ပိုစိတ်ဝင်စားခဲ့သည်။

"ကျွန်တော်ဝယ်မယ်လေ...ဈေးနဲ့နဲစကားပြောတာပေါ့"

သိန်းခုနှစ်ဆယ့်ငါးနှင့် ခြောက်လွှာမြောက်ကို ဝယ်ဖြစ်သွား သည်။ ကျွန်တော်မပြောင်းခင် ညနေမှာ သူနဲ့တစ်ခါထပ်ဆုံသည်။

ကျွန်တော့်ဆိုင်မှာ ကော်ဖီသောက်ရင်း သူဝတ္ထုတိုထိုင်ရေး တာကြည့်ရင်း...ကျွန်တော်ရင်ခုန်လာခဲ့တာ မညာပါ။

ဘယ်သူ့ကိုမှ စိတ်မဝင်စားဘဲ သူ့ဟာသူ စာရွက်ပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



လက်ရေးတွေညီညီညာညာနဲ့ ရေးနေပုံသည် သစ်ရွက်တစ်ရွက် လေထဲမျောနေပုံနှင့် တူလှသည်။ သူ့လက်ရေးများက ညီညာပိုင်းစက်ပြီး သပ်ရပ်လှပပါသည်။ ကော်ဖီသောက်လိုက် စာရေးလိုက်နှင့် ယစ်မူးနေသော စာရေးဆရာမလေးကို ကျွန်တော် သာမန်ထက်စိတ်ဝင်စားမိပြီဟု ကိုယ့်ကိုကိုယ် စတင်သတိထားခဲ့မိသော ညနေဖြစ်သည်။

ကျွန်တော်အိမ်ပြောင်းသောအခါ ရွှေ့ရသည့်ပစ္စည်းမှာ ကွန်ပျူတာတစ်လုံးနှင့် အိပ်ရာလိပ်၊ အဝတ်အစားအနည်းငယ်သာရှိသည်။ ကျွန်တော့်ကိုယ်ပိုင်ပစ္စည်းတော်တော်များများမှာ တိုက်ကျိုတွင်ကျန်ခဲ့သည်။ တိုက်ကျိုမှာ ကျွန်တော့်ကိုယ်ပိုင်အိမ်ခန်းနှင့် ကားရှိသဖြင့် အချိန်ခရွေးပြန်သွားလျှင် အဆင်ပြေသည်။

မပါလာသောပစ္စည်းများကြောင့် စပြောင်းသည့်ညနေတွင် သူ့ထံမှ အကူအညီတောင်းရတော့သည်။

"ဒေါက်...ဒေါက်..."

"ဘာကိစ္စလဲ..."

"ဟို...ကျွန်တော် ဟိုဘက်ခန်းကပါ...ဒီနေ့ညနေမှ ပြောင်းလာတာ..."

"အဲဒါ ကျွန်မနဲ့ဘာဆိုင်လဲ..."

"ကျွန်တော် ပစ္စည်းတစ်ခုငှားချင်လို့ပါ...ခေါင်းအုံးစွပ်ပဲပါပါပြီး ခေါင်းအုံးမပါလာလို့ပါ..."

"ရှင့်မှာ လက်ပါသားပဲ...လက်နဲ့အုံးပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တကယ်အကူအညီတောင်းနေတာပါ…"

"အခုမှ ညနေခြောက်နာရီရှိသေးတာ ထွက်ဝယ်ပေါ့…"

"ကျွန်တော် ညခြောက်နာရီခွဲမှာ (နိုင်ငံခြားဖုန်း)တစ်ခု လက်ခံထားလို့ပါ…အဲဒါကြောင့်ပါ…ကူညီပါဗျာ…"

"ကဲ…ကဲ…ခဏစောင့်…အလုပ်ကိုရှုပ်တယ်…"

အလုပ်ကိုရှုပ်တယ်ဆိုတာကို သူ ဂျပန်လိုပြောသွားခြင်းဖြစ်သည်။ ကျွန်တော်အံ့သြသွားရပြန်သည်။ သူ ဂျပန်စကားတတ်ပုံရပါသည်။

"ဒီမှာ…သားရေမကျစေနဲ့…မနက်ကျရင် ပြန်ပေးဖို့မမေ့နဲ့…"

"ဟုတ်ကဲ့…ကျေးဇူးပါပဲ သမ္ဗူလ…"

"ဘာရှင့်…"

"သမ္ဗူလလို့ခေါ်တာလေ…"

"ကျွန်မနာမည်မဟုတ်ဘူး…"

"ဒါပေမယ့် အဲဒါမင်းပိုင်ဆိုင်ထားတဲ့ နာမည်တစ်ခုပဲမို့လား။ ကျေးဇူးပဲနော်…စာရေးဆရာမလေး…ကိုယ့်ဖုန်းနံပါတ်ယူထားလေ…ရော့…လိပ်စာကဒ်…"

ကျွန်တော့်ဆိုင်ကတ်ဒ်ပေးခဲ့ပြီး ကျွန်တော့်အခန်းထဲပြန်လာလိုက်သည်။ သူပေးလိုက်သော ခေါင်းအုံးက ကြည်ပြာရောင်လေး။ ချစ်စရာကောင်းသော ရေမွှေးနံ့တစ်မျိုးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းအုံးလေးကို တစ်ချက်မွှေးလိုက်သည်။ အဲဒီကာလမှ သိလိုက်တာတစ်ခုက…

ကျွန်တော် သူ့ကိုသဘောကျသွားပြီ။

ရင်ထဲမှာ ကန္တာရထဲ စမ်းချောင်းရှာနေသူတစ်ယောက် အိုအေစစ်တွေ့လိုက်သလိုမျိုး…

ဒီလောက်နွေခေါင်ခေါင်ပူနေတဲ့အချိန်…

ရင်ထဲမှာ နှင်းစက်တွေနဲ့စို…

ရင်ခွင့်ရိပ်မှာ သူ့ကိုခိုဝင်စေချင်စိတ်တွေ အပြည့်အသိပ်နဲ့…

ကျွန်တော်သိပ်သဘောကျသွားမိပြီ စာရေးဆရာမလေးရေ။ ခေါင်းအုံးလေးလိုပဲ မင်းသဘောထားက သင်းပျံ့မှာလား။

ကျွန်တော် ရှာတော့မယ်ထင်ပါရဲ့ သမ္မုလာ။

www.burmeseclassic.com

www.burmeseclassic.com



လှပသောမိန်းမများကို ယောကျ်ားတော်တော်များ သဘောကျ သော်လည်း ကျွန်တော် စိတ်မဝင်စားခဲ့။ မိန်းမတစ်ယောက်ကို ချစ်ကြည့်ဖို့ကိစ္စသည် ကျွန်တော့်အတွက် လွယ်ကူသောကိစ္စမဟုတ် ခဲ့။

သူ့ကိုသဘောကျရခြင်းသည် သူ့ရဲ့အောင်မြင်ကျော်ကြားမှု လုံးဝ(လုံးဝ)မပါဝင်ခဲ့။ သူ့ရဲ့ စွဲမက်ဖွယ်နှုတ်ခမ်းနှင့် လေးကိုင်း သဏ္ဌာန်မျက်ခုံးရယ်၊ နီညိုရောင် ကျောလယ်ခန့်ထိရှည်သော ဆံပင် ပျော့ပျော့စင်းစင်းများသည် မိန်းကလေးတော်တော်များများမှာ မရှိ

ပြီးတော့ သူ့ရဲ့မျက်နှာထားသည် ရိုးသားသန့်စင်သော မျက် နှာထားမျိုးဖြစ်နေတာ ကျွန်တော်အဓိကသဘောကျသော အချက်ဖြစ် သည်။ မနက်မိုးလင်းသွားတော့ ခေါင်းအုံးပြန်သွားပေးပေမယ့် သူမ

www.burmeseclassic.com

www.burmeseclassic.com


တော့။ သော့ခတ်ထားသည်။ ကျွန်တော်လည်း တနေကုန် ဂျပန်မှ ဝင်လာသော ဖက်စ်များ၊ အီးမေးလ်များကို စစ်ဆေး၍ ဥရောပရှိ သူငယ်ချင်းများထံသို့ သတင်းအချက်အလက်များ ပေးပို့နေတာနှင့် အချိန်ကုန်သွားသည်။ မနက်စာတောင် ကော်ဖီအေးနဲ့ ပေါင်မုန့်နှစ်ချပ်နဲ့တင်ပြီးသည်။

အလုပ်လက်စသတ်တော့ ညခုနှစ်နာရီထိုးပြီ။ ခေါင်းအုံးကို ရင်မှာပိုက်ပြီး သူ့အခန်းဘက်ဆီကူးသွားတော့ ပြန်ရောက်နေပြီ။ သော့မရှိတော့။ တံခါးကို ခပ်ဟဟလေးဖွင့်ထားသည်။

"ခေါက်…ခေါက်…"

ကျွန်တော် တံခါးနှစ်ချက်ခေါက်လိုက်တော့ သူထွက်လာသည်။

"ဘာလာငှားပြန်ပြီလဲ…"

သူ့မေးပုံမေးနည်းကြောင့် ကျွန်တော် တစ်ခုခုထပ်ငှားချင်စိတ်ပေါက်လာတာအမှန်။ စွာကျယ်ကျယ်ပုံစံလေးပဲ။

"လူ…"

"ရှင်ဘာပြောတယ်…"

"အေးလေ…မင်းပဲ ဘာလာငှားပြန်ပြီလဲဆို…ကိုယ့်အိမ်မှာ ရှုပ်ပွနေတာပဲ…သိမ်းစရာတွေနဲ့ နေရာချစရာတွေနဲ့…မင်းအိမ်မှာ အိမ်ဖေါ်လေးဘာလေးမရှိဘူးလား…ခဏလောက်ငှားချင်လို့…"

"ကျွန်မ ကိုယ့်အားကိုယ်ကိုးတဲ့လူရှင့်…သူများချက်ကျွေးတာ

www.burmeseclassic.com

www.burmeseclassic.com



စားတဲ့လူမဟုတ်ဘူး…ကဲပါ…ရှင် ဘာလာလုပ်တာလဲ…အခု ကျွန်မ တီဗွီကြည့်ချိန်…လာမနှောက်ယှက်နဲ့…"

"အဲ…နေပါဦး…"

"ဘာလဲ…ဘာပြောဦးမလို့လဲ…"

"ဒီမှာခေါင်းအုံး…"

"ယူလိုက်တော့…"

"တကယ်လား…"

"ရှင့်အိပ်ဖြီးသားဟာကြီးကို ကျွန်မပြန်မယူတော့ဘူး…"

"ကျေးဇူးတင်ပါတယ်ဗျာ…ကိုယ်လည်း မင်းနဲ့စကားပြောချင်လို့ ကြံဖန်ပြီး ပြန်လာပေးတာ…အခုထိ ကိုယ့်ခေါင်းအုံးမဝယ်ရသေးပါဘူး…"

သူက မျက်မှောင်ကြုတ်သည်။

"ဒါနဲ့ မင်းမှာ စားစရာတစ်ခုခုရှိလား…ကိုယ်ဗိုက်အရမ်းဆာနေလို့…"

"ဘယ်လိုလူမှန်းကိုမသိဘူး…"

"မင်းဆရာဝန်မို့လား…ညာတာစိတ်လေး နဲနဲထားပါဦး…ကိုယ်တကယ်ဗိုက်ဆာနေတာ…တနေကုန် ဘာမှမစားရသေးဘူး တကယ်ပါ…"

"ရှင်က Paradise ပိုင်ရှင်ရော ဟုတ်ရဲ့လား…"

"ဟုတ်ပါတယ်…အဲဒါနဲ့ အခုကိစ္စဘာဆိုင်လို့လဲ…"

www.burmeseclassic.com

www.burmeseclassic.com


"ရှင့်လိုလူက အိမ်တော့ဝယ်နိုင်ပြီး ရေခဲသေတ္တာလေးတောင် မဝယ်နိုင်ဘူးလား..."

"ကိုယ်မအားသေးလို့ပါ...ကဲပါ...ကိုယ်တကယ်ဗိုက်ဆာနေတာ...မင်းတစ်ခုခုကျွေးပါ...ကိုယ်တို့နှစ်ယောက် အိမ်နီးချင်းတွေ ပဲဥစ္စာ..."

"ကဲ...လာ...လာ.."

သူက တံခါးဖွင့်ပေးသည်။ သူက နောက်ဖေးချောင်ထဲဝင်တော့ ကျွန်တော်ပါ နောက်ကလိုက်သွားမိ၍ အအော်ခံရသေးသည်။

"ရှေ့မှာနေခဲ့လေ...ဘာလို့လိုက်လာတာလဲ..."

"ဟုတ်ကဲ့...ဟုတ်ကဲ့..."

နှစ်ယောက်ယှဉ်ကြည့်မှ သူ့အရပ်သည် ကျွန်တော့်ထက် တော်တော်ပုပါသည်။ အိမ်နေရင်း ဘောင်းဘီရှည်ပွပွနှင့် အင်္ကျီလက်ပြတ်ဝတ်ထားသဖြင့် ဆယ်ကျော်သက်ကလေးမလေးတစ်ယောက်နှင့် ဂိုတူနေသည်။ ဆံပင်ရှည်ရှည်များကို ဘီးဆံပတ်ထုံးထားသေးသည်။

အိမ်ရှေ့ခန်းမှာ ခဏထိုင်နေတုန်း ရှိုကေ့စ်ပေါ်တင်ထားသည့် သူ့ဓါတ်ပုံများကို စပ်စုကြည့်လိုက်သည်။ ဆရာဝန်ဘွဲ့ဝတ်စုံနဲ့။ ပြီးတော့ သူငယ်ချင်းတွေနဲ့ စုရိုက်ထားသောပုံတွေ။ အများကြီးပဲ။ ဓါတ်ပုံထဲမှာ ပိုကလေးဆန်သည်။ တီဗွီက ကိုရီးယားကားတစ်ကားလာနေသည်။ သူကြည့်နေတာ ဖြစ်မည်။

စာရေးတဲ့သူဆိုတော့ ကြည့်မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆိုဖာပေါ်တွင်ထိုင်လိုက်ခါမှ သူပြန်ထွက်လာသည်။ လက်ထဲမှာ ထမင်းပန်းကန်နဲ့ ဟင်းပန်းကန်ပါလာသည်။

"ဒီမှာပဲစားလို့ရလား…"

"ရှင်တော့ မလွယ်ဘူး…"

"အကူအညီတောင်းတာပါ…ကိုယ့်ဆီမှာ ပန်းကန်ဆေးဖို့ ဘာမှမရှိလို့…"

"ကဲ…ကဲ…စား…စား…"

"မင်းချက်တာလား…"

ဟင်းက အာလူးချောင်းကြော်နှင့် ဟင်းနုနွယ်ရွက်ကြော်။ သက်သက်လွတ်ဟင်း။

"ဟုတ်တယ်..ကျွန်မက အသားမစားဘူး…သားကြီးငါးကြီးရှောင်တယ်…Vegetables ပဲစားတာများတယ်…ငံပြာရည်ချက်တော့ရှိတယ်…"

"ကျေးချင်ရင်စားမှာပါဗျာ…"

ငံပြာရည်ချက်က ကျွန်တော်တစ်ခါမှမစားဘူးခဲ့။ ဂရုတ်သီးစိမ်းစိမ်းလေးတွေကို ပါးပါးလေးလှီးပြီး ပုဇွန်ခြောက်အကောင်ကြီးတွေနဲ့ ငံပြာရည်ကို ကျော်ထားပုံရသည်။ သောက်ရေပုလင်းပါ တစ်ခါ ယူလာပေးသဖြင့် ကျေးဇူးတင်ရသည်။

"ကျွန်တော် မြန်မာအစားအစာတွေနဲ့ ကင်းကွာနေတာ တော်တော်ကြာပြီဗျ…ငယ်ငယ်ကတည်းက ဂျပန်ရောက်နေတာ…"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မသိပါတယ်..."

"ဟုတ်လား..."

"ရှင် အိမ်ဝယ်လိုက်တဲ့အိမ်ရှင်က ကျွန်မအစ်မဝမ်းကွဲပဲ ဥစ္စာ..."

"ဩော်...ဟုတ်လား....ရုပ်လဲမတူသလိုဘဲ..."

"ကျွန်မက မွေးစားထားတာ...ဘယ်တူပါ့မလဲ...ဟင်းကစပ် တယ်နော်..."

"ရတယ်...ကျွန်တော်သိပ်တော့အစပ်မစားနိုင်ဘူးဗျ..."

"ဂျပန်အစားအစာတွေက အစပ်မှမပါတာ...ဖြစ်နိုင်ပါတယ်"

"မင်း ဂျပန်စကားတတ်လား...တတ်တယ်ထင်တယ်..."

လှစ်ခနဲ သူပြုံးလိုက်သည်။

သွားတက်ကလေးက ချစ်စရာကောင်းအောင် ကျွန်တော့်ကို ဖမ်းစားလိုက်သည်။

"နည်းနည်းပါ...ကျွန်မ 2nd MB အောင်တော့ ပျင်းတာနဲ့ လုပ်ဖြစ်တာ...ကျွန်မက ဂျပန်ကားတွေလဲကြိုက်တယ်...ငယ်ငယ် ကတည်းက တနေ့နေ့ ဘာသာစကားတစ်ခုခုတတ်အောင် သင်ဖြစ် မယ်ဆို ဂျပန်စာပဲသင်မယ်လို့ ဆုံးဖြတ်ထားတာ...တကယ်ကျွမ်းကျင် တာ အင်္ဂလိပ်စကားပဲ..."

"ဆရာဝန်ဆိုတော့ ပိုနိုးစပ်မှာပေါ့..."

"မဆိုင်ဘူးရှင့်...Medical English နဲ့ Royal English နဲ့

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဘူး…ကျွန်မ ဆယ့်လေးနှစ်ကတည်းက Royal English ကို လုပ်လာတာ…"

"ကဲ မင်းကိုကျေးဇူးတင်ပါတယ်…မင်းချက်ထားတာ စားကောင်းတယ်…"

"ကျွန်မက တစ်ယောက်ထဲနေတော့ လွယ်လွယ်ကူကူပဲ လုပ်စားတယ်…"

"မင်း ဆေးရုံက ဘယ်အချိန်ပြန်ရောက်တာလဲ…"

"စပ်စုပြန်ပြီ…"

"စိတ်မရှိပါနဲ့…ကိုယ်က တစ်နေကုန် ကွန်ပျူတာနဲ့ အလုပ်လုပ်ရတာဆိုတော့ မင်းကိုပဲ အားကိုးရမှာတွေရှိလို့ပါ…"

"ရှင် Paradisc ကိုမသွားဘူးလား…"

"အဲဒါ ကိုယ်ပျင်းလို့ဖွင့်ထားတာ…ကိုယ်တကယ်လုပ်တာ E-mail (အီးမေးလ်)နဲ့ အရောင်းအဝယ်ကိစ္စတွေ…"

"ကျွန်မ သတင်းတွေတော့ ရှင်ရောင်းမစားပါဘူးနော်…"

"ဟာ…ကိုယ် information ရောင်းမစားဘူး…ကိုယ်လုပ်တာ ကွန်ပျူတာအရောင်းအဝယ်…နောက် ရေထွက်ပစ္စည်းတို့ စက်ရုံဆောက်ဖို့ မြေကွက်တို့…နောက် Technology (နည်းပညာ) အဲဒါလေးတွေ Service (ဝန်ဆောင်မှု)လုပ်ပေးတာ…"

"ဟုတ်လား…ကျွန်မ Technology Service ကိုတော့ စိတ်ဝင်စားသားပဲ…ရှင် နိုင်ငံစုံတော့ ဆက်ဆံရမှာပေါ့…"

www.burmeseclassic.com

www.burmeseclassic.com



"အင်း…ကိုယ် ဆယ်နိုင်ငံလောက်တော့ ကုမ္ပဏီခွဲတွေရှိတယ်…ယိုးဒယားရယ်၊ ဂျပန်ရယ်၊ လန်ဒန်ရယ်၊ ဆွီဒင်ရယ်၊ အမေရိကရယ်၊ ဩစတြေးလျ၊ ဟောင်ကောင်၊ ကိုရီးယား၊ တရုတ်၊ စက်ဘူ အကုန်ဖြန့်ထားတယ်…သူငယ်ချင်းတွေအကုန်ရှိလို့ အဆင်ပြေတယ်…"

"ကောင်းတာပေါ့…ကျွန်မ ရှင့်ကိုပြန်စပ်စုရဦးမယ်…"

"စာရေးဖို့လား…"

"ဟုတ်တယ်…"

"သမ္ဘူလ…မင်း အမြဲတမ်း ကုန်ကြမ်းလုပ်ဖို့ပဲ လူတွေကို စဉ်းစားထားလားဟင်…"

ကျွန်တော့်စကားကို သူမျက်နှာပျက်သွားသည်။ ပြီးတော့ ချက်ချင်းပြန်ပြင်သည်။

"စိတ်မရှိပါနဲ့…ကျွန်မအတွက် စာရေးတာ ထမင်းစားဖို့ရော ပညာသင်ဖို့ရောလေ…သူများတွေထက် ကျွန်မ ဒီလောကထဲရောက်တာ အဆုံးအရှုံးတွေ အခက်အခဲတွေ ပိုများတယ်…ကျွန်မဝတ္ထုတစ်လတစ်အုပ်ထွက်မှ ကျွန်မစာသင်ဖို့ ပိုက်ဆံရမယ်…ထမင်းစားဖို့ ပိုက်ဆံရမယ်…ဒါကြောင့်ပါ…"

"ပြီးတော့ စကားပုံတစ်ခုရှိတယ်လေ…ဆေးဆရာလက်ထဲကို ရောက်တဲ့ပစ္စည်းတစ်ခုဟာ မြက်ပဲဖြစ်ပစေ ဆေးပြုရမယ်တဲ့…အဲသလိုပဲ စာရေးဆရာအနားမှာရှိသမျှ အရာအားလုံးဟာ ဝတ္ထုရေးဖို့

www.burmeseclassic.com



ကုန်ကြမ်းပေါ့ရှင့်…"

"မင်း ဘွဲ့လွန်တက်နေတာလား…"

"ဟုတ်တယ်…ကျွန်မ အမေရိကားက ဘွဲ့လွန်အတွက် သင်တန်းတွေကြို့တက်နေတာ…သူများတွေက ကျောင်းစာတစ်ခုပဲ အားစိုက်လို့ရတယ်…ကျွန်မက ပိုက်ဆံပါ ကိုယ့်ဟာကိုယ်ရှာနေရတာဆိုတော့ သူများတွေထက် နှစ်ဆပိုအပင်ပန်းခံရတယ်…"

"လေးစားပါတယ်…ဆောရီး…မင်းသိချင်တာရှိရင် ကိုယ်ပြောပြပါ့မယ်…ကိုယ်ပြောတာ စိတ်ထဲမထားနဲ့ ဟုတ်ပြီလား…ဒါနဲ့ မင်းဆေးရုံက ဘယ်အချိန်ပြန်လာတတ်လဲ…"

"ညနေလေးနာရီခွဲ…နိုက်ဆင်းရရင် ပြန်မလာတတ်ဘူး…"

"မင်းမှာ ဟန်းဖုန်းမရှိဘူးလား…"

"ဟင့်အင်း…အိမ်ဖုန်းပဲရှိတယ်…ဟန်းဖုန်းက မဝယ်တော့ဘူး…ကျွန်မ နိုင်ငံခြားသွားရင် ပိုက်ဆံကုန်ဦးမှာ…ပညာရေးက ပိုအရေးကြီးတယ်လေ…မလိုအပ်ဘဲ ငွေကုန်မခံတော့ဘူး…"

"မင်းကြည့်ရတာ ငယ်ပါသေးတယ်…"

သူရယ်လေသည်။

"အင်း…ရှင့်ကြည့်ရတာလဲ အသက်ကြီးပုံပဲ…"

"ကိုယ် 69 မွေးတာ…"

"ဟုတ်လား…ကျွန်မထက် အများကြီးကြီးတယ်…ဒါနဲ့…ရှင့်နာမည်ဘယ်သူ…ကျွန်မအစ်မပြောတုန်းက မမှတ်ထားမိဘူး…"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို…"

ကျွန်တော် နောက်ချင်တာနှင့် ပါးစပ်ထဲ တွေ့ကရာနာမည် တစ်ခုကောက်ရွတ်ပြလိုက်သည်။

"ကိုကို…ဟုတ်လား…တင်စီးလိုက်တဲ့နာမည်…"

"မင်းနာမည်ကရော…"

"ကျွန်မနာမည်က မေဘယ်လ်ဟန်စော…ဒေါက်တာမေဘယ်လ်ဟန်စော…"

"မင်းအမျိုးသားနာမည်က ကိုဟန်စောလား…"

"ဘာရှင့်…"

ကျွန်တော် အရမ်းရယ်ချင်သွားသည်။ ကျွန်တော့်နာမည်က ဟန်စော ဟားဟား။ သူ့နာမည်နဲ့ ကျွန်တော့်နာမည် လာတူနေတာ နိမိတ်ကောင်းသည်ဟု ကျွန်တော်ယူဆသည်။

"ဆောရီး…"

"ရှင့်နာမည် ကိုကိုဆိုတာ တကယ်ဟုတ်လို့လား…"

"တကယ်ပေါ့…"

"ပြီးတာပဲ…"

"မင်း သန်ဘက်ခါအားလား…"

"ဘာလုပ်မလို့လဲ…"

"ကိုယ့်ဆိုင်ဖွင့်တာ ခြောက်လပြည့်လေ…မိတ်ဆွေတွေဖိတ် ကျွေးမလို့…မင်းကိုပါ ဖိတ်တယ်…ညနေ ခြောက်နာရီ…မင်းအားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အချိန်ပဲ လာမယ်မို့လား…"

"ရှင့်ဆိုင်က ဈေးကြီးတယ်နော်…"

"ကိုယ် ဈေးလျှော့လို့မရတော့လို့ပါ…စတိုင်လ်ပြောင်းဖို့တော့ စဉ်းစားထားပါတယ်…ကဲ…မစ္စစ်ဟန်စောရေ သွားလိုက်ဦးမယ်… သိုင်းကျူး အမိ…for your dinner"

သူ့ဆီသွားရင် စကားများများပြောရခြင်း နောက်ဆက်တွဲက တော့ ကျွန်တော့်စီးပွားရေးထိခိုက်သွားခြင်းပင်ဖြစ်သည်။

ကျွန်တော်မရှိတဲ့အချိန်မှာ ဖက်စ်တစ်ခု စက်ပူကဝင်လာပြီး ကျွန်တော့်ကို တဘက် Customer နဲ့ ချက်ချင်းချိတ်ပေးရန် ပြောင်း သည်။ ကျွန်တော်မရှိ၍ သူတို့ဘက်က တခြားတစ်ယောက်နဲ့ ဆက် သွယ်လိုက်ကြသည်။ ဆုံးရှုံးမှုက ကျွန်တော့်အတွက် ကြီးမားပါသည်။ သစ်သားမှ သိုးမွေးထုတ်သောနည်းပညာကို အရောင်းအဝယ်ဖြစ်လျှင် ကျွန်တော့်အတွက် နိုင်ငံခြားငွေ သိန်းချီရမှာဖြစ်သည်။ သို့သော် ကျွန်တော်စိတ်လျှော့ချလိုက်သည်။

ထမင်းတစ်နပ်ရယ်၊ ကိုကိုဟု သူ့ခေါ်သံရယ်အတွက် ကျွန် တော်ဆုံးရှုံးလိုက်ရတာ တန်ပါသည်။

သမ္ဘူလသည် ကျွန်တော့်အတွက် ငွေသိန်းသန်းပေါင်းများစွာ ထက် တန်ဖိုးရှိသော မိန်းမတစ်ယောက်မှန်း ကျွန်တော် နလေးတင် သေချာခဲ့ရပြီ။ ဘယ်လိုမိန်းကလေးကမှ ကိုယ့်မှာ ငွေအတွက်အခက် အခဲရှိမှန်းကို သူစိမ်းယောကျ်ားရှေ့မှာ ပြောမှာမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမများသည် ဟန်လုပ်တတ်ကြတာများသည်။ စာရေးဆရာမဆိုပြီး စတယ်နဲ့ ဂိုက်နဲ့ နေဖို့ထက် လွတ်လွတ်လပ်လပ်နဲ့ ဘဝကို ကြိုးစားအားထုတ်နေသော မိန်းကလေးမျိုးရဲ့ ချစ်သူဖြစ်ခွင့်ရရင်တော့ သိပ်ကံကောင်းမှာပဲဟု ကျွန်တော်ပထမဆုံး ကောက်ချက်ချမိလေသည်။

ထိုညက ကျွန်တော်ကောင်းစွာ အိပ်မပျော်ပါ။ အိပ်ရာထဲမှာ ဟိုလိုမှဒီလိုမှဖြင့်။

ဆံပင် ဘီးဆံပတ်ထုံးထားသော သူ့မျက်နှာလေးကိုပဲ တချိန်လုံးမြင်နေမိသည်။ ဂရုဏာသက်စရာကောင်းတဲ့ မိန်းမလှလေးတစ်ဦး[illegible] ဒါပေမယ့် မာနက မျက်ဝန်းမှာတောက်နေသည်။ နှုတ်ခမ်းများမှာ အတ္တရှိသည်။ မျက်ဆံသည် မီးခိုးရောင်ခပ်ဖျော့ဖျော့။ စိတ်လှုပ်ရှားမှုများစွာနှင့် ဆင်းရဲမှုဒဏ်တို့ကို ကြံ့ကြံ့ခိုင်နိုင်မယ့်မျက်နှာမျိုး ဆိုတာ ငြင်းရက်စရာမရှိပါ။

ညိုသောအသားသည် လန်ဒန်မှာ ခြောက်လမျှနေလိုက်လျှင် [illegible]ဆွတ်လာလိမ့်မည်။ သူ့မျက်ခုံး၊ မျက်လုံးတွေနဲ့ အဲဒီအခါ မိန်းမ[illegible]တစ်ယောက်ဟု စတွေ့တာနဲ့ အသိအမှတ်ပြုရမှာ အမှန်ပင်။

နိုင်ငံခြားပညာသင်သွားမှာတဲ့။

ကျွန်တော့်ရင်ထဲ အောင့်သွားသလိုခံစားရသည်။ ဘာဖြစ်သလဲ။ [illegible]သွားတာ။ ကျွန်တော်ရောလိုက်လို့ဖြစ်တာပဲဟု ရှူးလိုက်သေး[illegible] ကျွန်တော်က စီးပွားရေးသမား၊ အင်ဂျင်နီယာဘွဲ့ရ။ ငွေချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာတဲ့လူ။ သူက ဆရာဝန် စာရေးဆရာမ။ ဘာများမတူမတန်တာ ရှိလို့လဲ။

မောဘယ်လ်ဟန်စော။

ဒေါက်တာမောဘယ်လ်ဟန်စောတဲ့။

ကိုယ့်ကိုကိုယ် ဆရာဝန်ဖြစ်ရတာ ယုံကြည်မှုရှိသောအသုံး အနှုန်း၊ အသီးအရွက်များသာ စားတတ်သတဲ့။

နိုင်ငံခြားမှာ သူမလွယ်။ ကျွန်တော်နေခဲ့ဖူးသူပဲ။ သိတာပေါ့။ ဟိုမှာ အသားစိမ်းစားတာ။ အညှီနံ့နဲ့။ သူ့ပုံစံနဲ့ဆို ဒီထက်ပိုဝမယ် မထင်။ အမြဲ ပိန်ပိန်သွယ်သွယ်လေးဖြစ်နေမှာ။

သေးသေးသွယ်သွယ်လေးနဲ့။ သူ့မှာရှိနေတဲ့ဂုဏ်တွေနဲ့ ဘာမှ မဆိုင်အောင် နုနယ်သိမ်မွေ့ကလေးဆန်သော ကောင်မလေးပဲ။

လည်ပင်းက ခရစ်ကတ်စ်ကလေး ဒီမှာ်ညနေဆွဲထားတာ မမြင် လက်မှာလဲ မတွေ့။ နားမှာလဲမတွေ့။

အိမ်လာကြည့်တဲ့နေ့က ပုံစံကတစ်မျိုး။

အပြင်ကပုံစံကတစ်မျိုး။

အခုအိမ်နေရင်းကတစ်မျိုး။

ဆေးရုံမှာဆိုရင်တော့ ရယ်စရာလေးနေမှာပဲ။

ဂျူတီကုတ်ကြီးဝတ်၊ နားကြပ်တလက်နဲ့ အရပ်ကလေးပု။ ဘယ် လိုလုပ်ဆရာဝန်ထင်မလဲ။ ဆရာဝန်ရုပ်ကိုမပေါက်တာပါ။ အံ့ဩစရာ ပဲ။ ကျွန်တော့်ခေါင်းထဲ ဒီလောက်ထိစိုးမိုးနိုင်တဲ့မိန်းမဟူ၍ သူသာ

www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ သူ့မှာဘာမှလဲ အဆန်းတကြယ်ဆွဲဆောင်ဖြားယောင်း ခြင်းမရှိပါဘဲနဲ့ ကျွန်တော်တော့ အညှို့ခံရသူလို မိန်းမူးနေပြန်သည်။ အရှိန်တော့မသေးဘူးပဲ။

သူသည် မော့်တတ်သလားမသိ။ ဘာပဲဖြစ်ဖြစ် ထိုညကတော့ ဆောင်းကင်မှာ ကြယ်တွေစုံညီစွာ လင်းလက်ခဲ့ကြ။

သူ့ရဲ့ ကိုကိုခေါ်သံသည် ကျွန်တော့်နားစည်ထဲ တလွင့်လွင့်ဝင် ရောက်ပြီး ချိုမြစွာ စိမ့်ဝင်ပျံ့နှံ့ခဲ့။ ပြီးတော့ တကိုယ်လုံး ပီတိဖြင့် ငြိမ်းချမ်းသွား။

ကျွန်တော့်အိပ်မက်ထဲမှာ သူ့ချစ်သူဖြစ်ခွင့်ရသည်ဟု အိပ်မက် ချင်ပါသည်ဘုရားဟု အသက်နှစ်ဆယ်နှစ်နှစ်အရွယ် ကောင်မလေး ထို အသက်သုံးဆယ့်နှစ်နှစ်အရွယ် လူကြီးတစ်ယောက်က စတင်ချစ် ခင်စွဲလမ်းသော ညလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နေ့လည်ပိုင်း ကျွန်တော့်သူငယ်ချင်းတစ်ယောက် Heat Stroke (အပူလှိုင်းမိ၍)ကြောင့် ရန်ကုန်ဆေးရုံကြီးကို တင်လိုက်ရသည်။ နွေဆို ရန်ကုန်အပူက 37°C ထက်ကျော်တာမို့ လူတွေမခံနိုင်ကြ။ သူငယ်ချင်းကျော်အံ့ကလည်း နသည်။ အဲယား ကွန်းခန်းထဲ တနေကုန်နေသူပီသစွာ အပြင်လေးခဏထွက်တာနဲ့ မူးပြီး ပြုတ်ကိုကျသည်။

ဆေးရုံရောက်တော့ ကျော်အံ့ကိုတင်သည့်အဆောင်မှာ သူ့ကို တွေ့သည်။ သူသည် အောက်ခံရှပ်အင်္ကျီဖီးရောင်ပေါ်မှာ ကျူတီကုတ် ထပ်ဝတ်ထားသည်။ ကျော်အံ့ကို သွေးခုန်နှုန်းစမ်း၊ သွေးတိုင်းပြီး နောက် နာ့စ်တစ်ယောက်ကို ရေပတ်တိုက်ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့သူငယ်ချင်းလား…"

"ဟုတ်တယ်…"

"အရမ်းပူလို့ ရှော့ခ်ရသွားတာ…"

"ထင်သားပဲ…သူက အပူကြောက်တယ်…ဒီမှာ တော်တော်ပူလာတာပဲနော်…ကိုယ်တောင်မခံနိုင်ဘူး…"

"သတိထားလေ…အခုတအားပူလာတော့ လူတွေတော်တော်များများ Heat Stroke ရကြတယ်…တချို့ ကားပေါ်ကဆင်းဆင်းချင်း အဲယားကွန်း ခန်းထဲဝင်တာနဲ့ ရတယ်…ရေခဲသောက်တာလဲရတယ်…မကောင်းဘူး…"

သူ့နားကိုတိုးကပ်ပြီးမေးသည်။

"ညနေ ဘယ်အချိန်ပြန်လာမှာလဲ…"

"ဘာလုပ်မလို့လဲ…"

"ငှားမလို့လေ…"

"လာပြန်ပြီ…"

"ဒါကယ်ပြောတာ…ကိုယ် ရေခဲသေတ္တာဝယ်လိုက်ပြီ…ရေခဲပုလင်းတစ်ပုလင်းလောက်ငှားမလို့…"

"အဲဒါများ သောက်ရေသန့်ဝယ်လိုက်ပေါ့…"

"မင်းဆီက ငှားချင်လို့ပါကွာ…"

သူမျက်စောင်းထိုးသည်။ ဟောက်စ်ဆာဂျင်လေးငါးယောက် ပြုံးစိစိနဲ့ ကျွန်တော်တို့ကို ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com


"ကဲ…ကိုကိုပြန်မယ်…ဒီကောင်ကြီး ဒီတိုင်းထားခဲ့မယ်… သူ့အိမ်ကလိုက်လာဖို့ ဖုန်းဆက်ထားပြီးပြီ…"

"ကောင်းပါပြီရှင်…"

ကျွန်တော်က သူ့အသံနဲ့ မျက်နှာကို ရယ်ချင်စွာဖြင့် သူ့ပါး လေးကို ချစ်စနိုး တစ်ချက်လိမ်ဆွဲကာ ခပ်သွက်သွက်ထွက်ခဲ့သည်။

နိုနို့ ဒေါသထွက်နေမှာ မြင်သေးသည်။

ထင်တဲ့အတိုင်းပဲ။

ညနေကျတော့ သူဒေါသတကြီးနဲ့ ရောက်လာသည်။

"ကျွန်မက မိတ်ဆွေမို့လို့ ရင်းရင်းနှီးနှီးဆက်ဆံတာ…ရှင်က လူကြားထဲမှာ ဘယ်လိုလုပ်သွားတာလဲ…"

"ကိုယ်စတာပါ…ဒါမင်းကို ရှက်ရွံ့ပျက်အောင်လုပ်တာမှ မဟုတ်ဘဲ…"

"ကျွန်မပတ်ဝန်းကျင်မှာ ရှင်အဲသလိုလုပ်ရလားရှင့်…"

"ကဲပါ…ကိုယ်တောင်းပန်ပါတယ် မစွစ်ဟန်စောရယ်…"

"မခေါ်နဲ့…ကျွန်မနာမည် မေဘယ်လ်ဟန်စော…ဘာမစွစ် ဟန်စောလဲ…ကျွန်မမှာ ဟန်စောဆိုတဲ့လူ အသိတောင်မရှိဘူး…"

"အိုကေ…အိုကေ…Calm your mind, Baby! ကိုယ် တောင်းပန်ပါတယ်…စိတ်ချည်းပဲ…"

"ရှင့်ကို တစ်ခုခုလုပ်ရမှ ကျေနပ်မယ်…"

"ကဲ…ကိုယ့်မျက်နှာကို ပြန်လိမ်ဆွဲလေ…ရော့…"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်ပါးတစ်ဖက် ထိုးပေးတော့ ဆွေ့ဆွေ့ခုန်နေသည်။

"ဟာ…ကိုယ်လုပ်သလို ပြန်လုပ်ချင်တယ်ဆို…"

"ရှင်…ရှင် နာနေဦးမယ်…"

"ကဲ…ဘာလုပ်မလဲ…မေကြိုက်တာလုပ် ဟုတ်လား…တော်ကြာ ကိုယ်ညနေထမင်းတောင်းစားရင် မကျွေးမှာစိုးလို့…"

"လာမတောင်းနဲ့…တော်ပြီ…ရှင့်လိုလူမျိုးနဲ့မပတ်သက်ဘူး… အခွင့်အရေးယူတဲ့လူ…အလကားလူ…"

"မင်းစကားလုံးတွေ သိပ်များနေပြီ…နည်းနည်းလျှော့လိုက်ဦး…"

သူသည် ကျွန်တော့်ကို စူးရှခက်မာသော မျက်လုံးများဖြင့် စိုက်ကြည့်ကာ ခေတ္တငြိမ်သက်သွားသည်။

လှိုင်းထနေသော သူ့ရင်သည် ဒေါသအဝိမ်အနက်ကို ဖော်ပြနေသည်။

"ကိုယ်တောင်းပန်ပါတယ် မေ…ကိုယ် ရင်းနှီးတဲ့စိတ်နဲ့ ဖြစ်ခဲ့တာပါ…မင်းအသိုင်းအဝိုင်းမှာ မင်းတစ်ခုခုနစ်နာသွားတယ်ဆိုရင် ကိုယ်ဘာနဲ့ပဲအလျော်ပြန်ပေးရပေးရ ကျေနပ်ပါတယ်…"

သူဘာမှမပြောဘဲ လှည့်ထွက်သွားသည်။ ပြီးတော့ တံခါးပိတ်သံခပ်ပြင်းပြင်း ကြားလိုက်ရသည်။

ကျွန်တော် သက်ပြင်းတစ်ချက်မှုတ်ထုတ်ကာ ဆိုဖာပေါ် ပစ်လှဲလိုက်မိသည်။ ဘာလို့ ဒီလောက်ခက်ထန်ရတာလဲမေ။

www.burmeseclassic.com

www.burmeseclassic.com


စိတ်ထဲကနေ လှမ်းမေးမိသည်။

ရုတ်တရက် ဖုန်းမြည်လာသဖြင့် ကောက်နားထောင်လိုက်သည်။

"ကိုကို…"

သူ့အသံသည် ငိုသံပေါက်နေသည်။

"ပြော…မေ…"

"ကျွန်မ ရှင့်ကိုမကျေနပ်တာမှန်ပေမယ့်…"

"ကိုယ်နားလည်ပါတယ်မေ…တကယ်က ကိုယ်မှားသွားတာ…ဟုတ်တာပေါ့…စာရေးဆရာမ သမ္ဘူလဆိုတဲ့နာမည်နဲ့ ဒေါက်တာမေဘာယ်လ်ဟန်စော အောင်မြင်မှုနစ်ခုလုံးရှိနေတဲ့ မိန်းမတစ်ယောက်အနေနဲ့ မင်းဟာ သူများတွေထက် ပတ်ဝန်းကျင်မှာ ဝိဂရစိုက်ခံရမယ်ဆိုတာ ကိုယ်မေ့သွားတယ်…မင်းဘာလုပ်လုပ် သမ္ဘူလဆိုတဲ့ဘဝကို မေ့ထားလို့မရဘူးဆိုတာ ကိုယ်သဘောပေါက်ပါတယ်…"

"မဟုတ်ဘူး…"

"ဘာမဟုတ်တာလဲ မေ…"

"ကျွန်မ…"

ပြီးတော့ သူငြိမ်နေသည်။ တော်တော်လေးကြာသည်အထိ ငြိမ် ပြီးမှ ခပ်ဖြည်းဖြည်းပြောပြသည်။

"ကျွန်မကို Propose လုပ်ထားတဲ့ ဗီနီယာတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



ရှင်နဲ့ကျွန်မကို မြင်သွားခဲ့တယ်…ကျွန်မကို ကြိုးရှည်ရှည်နဲ့လှန့်ထားတာလားမေလို့ အမေးခံခဲ့ရတယ်…"

"ကိုယ် လိုက်ရှင်းပြရမှာလားမေ…"

"လဲသေလိုက်ပါလား…ဒီမှာ…ကျွန်မ ဘယ်ယောကျ်ားကိုမှ မကြိုက်ဘူးရှင့်…ကျွန်မကို အဲသလိုအမေးခံရတာ သိက္ခာကျတာပေါ့…"

"မေက ဘာလို့ ဘယ်ယောကျ်ားကိုမှ မကြိုက်တာလဲ…ချစ်သူရှိလို့လား…"

"သေသွားပြီ…"

"ဟုတ်လား…"

"အင်း…သူမရှိတဲ့နောက်ပိုင်း ကျွန်မဘဝထဲအဝင်ခံဖို့ ထိုက်တန်တဲ့လူရှာမတွေ့သေးဘူးထင်တာပဲ…"

"သူက အရမ်းချမ်းသာလားမေ…"

"ဟင့်အင်း…သိပ်ဆင်းရဲပါတယ်…"

"ဩော်…"

"ဘာလုပ်ဖို့မေးတာလဲ…"

"မင်းချစ်သူက မင်းစိတ်တိုင်းကျဖြစ်ဖို့ ဘယ်လိုလူမျိုးလဲဆိုတာ စိတ်ဝင်စားလို့ပါ…"

"ကျွန်မဖြင့် သူ့ကိုမေ့ထားတာကြာလှပြီ…"

"ဟုတ်လား…"

www.burmeseclassic.com

www.burmeseclassic.com



"သူက သေသွားပြီလေ…ကျွန်မက ရှင်တဲ့လူပဲ…ကိုယ့်အတွက်ကိုယ်စဉ်းစားရမှာပေါ့…သူက အဲသလိုပဲသင်ထားခဲ့တယ်… ကျွန်မသေလဲ သူက သူ့အတွက်ပဲတွေးမှာ…"

"ဒါဆို…ဟိုဆရာက မေစဉ်းစားနေတဲ့လူလား…"

"ဟင့်အင်း…ကျွန်မကို နားလည်မပေးနိုင်ဘူး…သဝန်တိုတယ်…ကျွန်မက သဝန်တိုရင်မကြိုက်ဘူး…"

"ချစ်လို့နေမှာပေါ့ မေရဲ့…"

**"လူတစ်ယောက်ကိုချစ်ရင် ဘယ်တော့မှ ချည်နှောင်ဖို့မကြိုး စားရဘူး ကိုကိုရဲ့…ကျွန်မက အဲသလိုခံယူတယ်လေ…"**

သူ့စကားက မြွားတစ်စင်းနှယ်။ အရှိန်ပြင်းပြင်းနဲ့ ကျွန်တော့် ရင်ထဲထိုးစိုက်သွားသည်။ ချစ်ရင် မချည်နှောင်ရဘူးတဲ့။

ကြောက်စရာကောင်းတဲ့စကားပဲ။

ဒီမိန်းမသည် အချစ်ကြောင့်သာ လူတစ်ယောက်ကို လက်ထ မယ့်မိန်းမမျိုးဖြစ်ပြီး အချစ်မရှိတော့လျှင် ဘာသံယောဇဉ်၊ ဘာထော ထားမှု ဘာဥပဒေသကိုမှ ငဲ့ကွက်မှာမဟုတ်ဘဲ ထားရစ်ဖို့ ကြန့်ကြ မယ့် မိန်းမမဟုတ်။ ပြတ်သားစရာရှိလျှင် အားလုံးက အံ့ဘန်းတ ဖြစ်အောင် တိကျသေချာမယ့် မိန်းမဖြစ်သည်။

"မင်းနိုင်ငံခြားသွားဖို့ကို အဲဒီဆရာသိလား…"

"သိတယ်…သူက လိုက်နိုင်တဲ့အရည်အချင်းရှိတယ်လေ အခု သူက ကျွန်မနဲ့ ဆေးရုံမတူဘူး…သူက ကလေးဆေးရုံကြီးမှာ

www.burmeseclassic.com


ဆရာဝန်တစ်ယောက်အနေနဲ့ သူက ပညာသိပ်တော်တယ်…ပညာသိပ်တော်တဲ့အတွက် မာန်မာနလဲရှိတယ်…ခက်တာက ကျွန်မ သူ့ကို အားကိုးလို့မရဘူး…သိပ်တော်လွန်းတော့ ကြောက်တယ်…"

"လူနာတွေအတွက် အားကိုးရတဲ့ဆရာဝန်တစ်ယောက်က မင်းအတွက် အားကိုးလို့ရမှာပါမေ…"

"ဟင့်အင်း…ကျွန်မ သိပ်ပညာတတ်တဲ့ယောကျ်ားတွေဆို ကြည့်မရဘူး…တော်တဲ့အခါ လူတွေဟာ ဘာကိုပဲဆုံးဖြတ်ပါစေ… အောက်ခြေအထိမစဉ်းစားနိုင်ဘူး…ဖြစ်နှလေ့ဖြစ်ထရှိတာပြောတာပါ… ကျွန်မက အတ္တကြီးတဲ့လူမျိုးတွေကို ကြောက်တယ်…ကြိုမမြင်နိုင်ဘူးလေ…သိတယ်မို့လား…ပြီးတော့ ဘယ်သူကရော အနာဂါတ်ကို သေချာလို့လဲ…ဘယ်သူမှ မပိုင်ပါဘူး…ဘဝဆိုတာ ပဥ္စလက်ဆန်ပါတယ်ကိုကို…ကျွန်မအတွက် ပိုပြီးပဥ္စလက်ဆန်တယ်…ကျွန်မအသက်နဲ့မလိုက်တဲ့ ကိစ္စတွေအများကြီး ကြုံပြီးတဲ့နောက် ကိုယ့်ကိုကိုယ် မသေချာရဲတော့ဘူး…ပြီးတော့ ကျွန်မက WHO မှာ အသင်းဝင်ထားတာလေ…MD ရပြီးရင် ကျွန်မ နိုင်ငံပေါင်းစုံမှာ တာဝန်ထမ်းဆောင်ရမှာ…အာဖရိကရောက်ချင်ရောက်မယ်…ဆာဟာရထဲရောက်ချင်ရောက်မယ်…အဲသလိုမျိုးပေါ့…မသေချာဘူးလေ…သူကသိပ်သေချာချင်တဲ့ လူမျိုး…ဇယားဆွဲပြီးမှကို ဘဝကိုရင်ဆိုင်တယ်…အဲဒီတော့ ဘာမှမသေချာတဲ့မိန်းမနဲ့ သိပ်သေချာတဲ့လူ တခြားစီပဲပေါ့…ဒီဘဝ နှစ်ခုက ဘယ်လိုမှညီလို့ရမှာလည်းမဟုတ်ဘူး…ညှိဖို့ကြိုးစားရင်

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေ အကြီးအကျယ်တက်လိမ့်မယ်…နှစ်ဖက်စလုံးထိခိုက်နစ်နာလိမ့်မယ်…ကျွန်မ အနာမခံနိုင်ဘူး…"

"တော်တော်အကွက်စေ့တဲ့လူပဲ…တော်တယ်…"

"ရှင်ယူပါလား…"

"ကိုယ်သာမိန်းမဆို ယူတယ်…"

"ကျွန်မကတော့ ကိုယ့်စိတ်နဲ့ကိုက်ဖို့ နပါတ်တစ်ပဲ…"

"ကိုယ်နဲ့ရော မင်းနဲ့စိတ်ချင်းကိုက်မယ်ထင်လား မေ…"

"ဟာသပဲ…"

"ကိုယ် ဒီအိမ်ကို ဘာလို့ဝယ်လိုက်သလဲ မေသိလား…"

"ရှင်က သိပ်ချမ်းသာတဲ့လူပဲ…ငွေပေါလို့နေမှာပေါ့…"

"ဟုတ်တယ်…ကိုယ်သိပ်ချမ်းသာတယ်…ငွေလည်းပေါတယ်…ကိုယ့်နားမှာ ငွေနဲ့ဝယ်လို့ရတဲ့မိန်းမတွေ အများကြီးပဲ…ဒါပေမယ့် ကိုယ်ငွေနဲ့ဝယ်လို့မရတဲ့မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ အတွက် ကိုယ်အခုချိန်ထိ အိမ်ထောင်မပြုဘဲနေခဲ့တာ…"

"အင်း.."

"ကိုယ် အခု အဲဒီမိန်းမကိုတွေ့ပြီ…"

"ရှင် ဘာတွေပြောနေတာလဲ…"

သူ့အသံက နည်းနည်းစိတ်တိုဟန်ပြုသည်။

"ကိုယ်စောင့်မယ်…အဲဒီမိန်းမကို ပိုင်ဆိုင်ခွင့်ရဖို့ အခု ကိုယ့်အသက်သုံးဆယ့်နှစ်နှစ်…လေးဆယ်နှစ်ဖြစ်ဖြစ် နှစ်နှစ်ဆယ်ဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စောင့်မယ်လို့ ခုလေးတင်ဆုံးဖြတ်ပြီးသွားပြီ…"

"ကဲ…ကဲ…စောင့်…စောင့်…ရှင့်ဟာရှင်ပဲ စောင့်တော့… ကျွန်မ ဝတ္ထုတိုတစ်ပုဒ်ရေးတော့မယ်…ဒါပဲ…"

"နေဦး…"

"ဘာလဲ…ဘာပြောဦးမလို့လဲ…"

"မင်းဘာလို့ ငိုတာလဲမေ…"

"ကျွန်မ သူ့ကိုသိပ်လေးစားပါတယ် ကိုကို…ကျွန်မ 1st MB တုန်းက သူက Part I ကျောင်းသားလေ…ကျွန်မတို့ ဆေးရုံတစ်ခု ထဲမှာ အတူစာသင်ခဲ့ဖူးတဲ့လူတွေပါ…အစ်ကိုတစ်ယောက်လို ဆရာ တစ်ယောက်လို ကျွန်မလေးစားရတဲ့လူက ကျွန်မကို ကြိုးရှည်ရှည်နဲ့ လှန်ထားတယ်လို့ပြောတာ ကျွန်မ ဘယ်စိတ်ကောင်းမလဲ…မိန်းမ တစ်ယောက်အတွက် အဲဒီစကားက တော်တော်ရက်စက်တဲ့စကား ပဲ…"

"မင်းကို သူသိပ်ချစ်လို့ဖြစ်ပါလိမ့်မယ်…"

"အဲဒါ ကျွန်မကိစ္စမဟုတ်ဘူးလေ…ကျွန်မ စိတ်မဝင်စား ဘူး…"

"ထားပါတော့…အခုကိစ္စ ဒီမှာပဲပြီးသွားပြီလို့ မင်းစိတ်ထဲ ဆိုက်တော့…ဟုတ်ပြီလား…မနက်ဖြန် ကိုယ့်ဆိုင်ကိုလာဖို့ မမေ့နဲ့ နော်…"

"မသေချာဘူး…"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ…"

"ကျွန်မမိတ်ဆွေတစ်ယောက်ကလဲ မနက်ဖြန်ညနေ ထမင်းကျွေးဖို့ဖိတ်ထားလို့…မလာဖြစ်တော့ဘူးထင်တယ်…"

"ရပါတယ်လေ…ကဲ…ကဲ…ဒါပဲမေ…"

ကျွန်တော့်ထက်ငယ်ရွယ်တဲ့သူ့မှာ ဟိုကိစ္စ ဒီကိစ္စတွေ တော်တော်များများပုံရသည်။ သူပြောတဲ့လူကို အတွေးထဲမှာ ပုံဖော်ကြည့်သည်။ သူ့ကို သိပ်ချစ်ပြီး နူးညံ့သောဆရာဝန်တစ်ယောက်ဖြစ်မှာပါ။

အဲသလိုတွေးပြီး ရင်ထဲမှာ အောင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်စောစောတွင် ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆီက ဖုန်းဝင်လာခဲ့သည်။

"ငါပါကွ…တင်မောင်…"

ဂျပန်တွင် ငါးနှစ်အလုပ်လာလုပ်စဉ်က ကျွန်တော်နှင့်ခင်သွားသော တင်မောင်က ကျွန်တော်ပြန်ရောက်တာ မမျှော်လင့်ဘဲသိရ၍ ဝမ်းသာကြောင်း၊ သူကတော့ အလူမီနီယမ်အရောင်းဆိုင်ဖွင့်ထားကြောင်း အများကြီး သူငယ်ချင်းတို့ထုံးစံအတိုင်း ပြောသည်။

"ဟားဟား…ငါမင်းကိုပြောရင်းနဲ့…ဟိုကောင်မလေး တောင်သတိရလာပြီ…အဲဒီကောင်မလေး အဆင်ပြေရဲ့လား…"

သူနဲ့တစ်ခန်းတည်းနေခဲ့သူ ဂျပန်မလေးက အခု အိမ်ထောင်ကျသွားကြောင်း ပြောပြတော့ ရယ်သည်။

"မင်းလွမ်းနေလို့လား…"

www.burmeseclassic.com

www.burmeseclassic.com



"ဘာယ်ကလာ…ငါ့အခု ကောင်မလေးထပ်တွေ့နေပြီ…"

"ဟုတ်လား…"

"ငါ ဒီညနေချိန်းထားတယ်ကွ…အမိစားလေးဆိုပါတော့…"

"ငါ့ဆိုင်ခေါ်လာခဲ့လေကွာ…မိတ်ဆက်ပေးဦး…"

"သူ့ရှေ့မှာ ငါဂျပန်မှာရှုပ်တာတွေ မပြောနဲ့ဦးနော်…"

"ဒါကတော့ နဲနဲပါးပါးရှိချင်ရှိမှာပေါ့ကွ…"

"မလုပ်နဲ့ကွ…အခုမှ အဆင့်ကတစ်ကစနေတာ…အချစ်ကို လုံးဝစိတ်မဝင်စားဘူးလို့ ငြင်းထားတာ…"

"ဟားဟား…မင်းလဲ ပြန်ပြောလိုက်ပေါ့…ကိုယ်လဲ အချစ်ကို စိတ်မဝင်စားဘူး…မိန်းမပဲစိတ်ဝင်စားတာပါလို့…"

"မင်းတော့မလွယ်ဘူး…အေးအေး…ညနေမှ တွေ့မယ်…"

ညနေဘက်ရောက်တော့ ကျွန်တော်အလုပ်ရှုပ်နေလေသည်။ ခဏပြန်လာတာပဲ့ အစကရည်ရွယ်ခဲ့သော်လည်း ဒီပြန်ရောက်တော့ ကိုယ့်တိုင်းပြည်အငွေ့အသက်ကနေ ပြန်မထွက်ခွါချင်ပေ။

ထမင်းဟင်း အရသာကအစ လက်ဖက်ရည်ဆိုင်ယဉ်ကျေးမှု အဆုံး လွမ်းစရာလေးတွေဖြစ်နေသည်။ မိတ်ဆွေအပေါင်းအသင်း ကတော့ လုပ်ငန်းရှင်အသိုင်းအဝိုင်းလောက်ပဲ ပတ်သက်သည်။ အသက်သုံးဆယ်ကျော်မှာ အသီးသီး ကိုယ်ပိုင်လုပ်ငန်းတွေနှင့် တကူး တကတွေ့ဖို့ အချိန်မပေးနိုင်ကြ၍ အခုလို တသီးပုဂ္ဂလစဉ်တဲ့အခါ မျိုးမှာသာ စုစုစည်းစည်းတွေ့နိုင်ကြသည်။ ဖိတ်ထားသောလူ စုံ

www.burmeseclassic.com

www.burmeseclassic.com


လောက်အချိန်တွင် တင်မောင်ရောက်လာသည်။ တင်မောင့်ဘေးနား
...။

သူ့မျက်နှာသည် အံ့ဩ့ခြင်း ခဏပြောင်းလဲသွားသည်။
နောက် ချက်ချင်းပဲ ကျွန်တော့်ကို မသိချင်ယောင်ဆောင်သည်။

"တင်မောင် မင်းပြောတာသူလား..."

ကျွန်တော်က ပြုံးပြုံးရွှင်ရွှင်ပင် စတင်နှုတ်ဆက်သောအခါ
ထ တင်မောင့်ကို မော့ကြည့်သည်။

"ဒါကိုယ့်သူငယ်ချင်းလေ မေ..မေနဲ့မိတ်ဆက်ပေးရဦးမယ်...
နာမည်က..."

"ကျွန်မသိတယ်...သူနဲ့ကျွန်မက အိမ်ချင်းကပ်လျက်ပဲ..."

"မင်းက ငါ့ကိုနာမည်မှမပြောတာ တင်မောင်ရ...ငါ ဆရာမ
သိပါတယ်..."

ကျွန်တော်က ထိုသို့ ဆရာမဟုနာမ်စားသုံးသောအခါ သူက
မ်မှောင်ကြုတ်ကြည့်သည်။

ထမင်းစားနေစဉ်အတွင်းတွင် တခြားသူတွေက စကားဖောင်
င်ပြောနေသလောက် သူကမူ ငြိမ်သက်စွာပဲစားသည်။

ကျွန်တော်ကတော့ တင်မောင်တစ်ယောက် မျက်စေ့နောက်စရာ
င်းအောင် သူ့ပန်းကန်ထဲ ဟင်းတွေထည့်ပေးနေတာကြည့်ပြီး
ထဲမှာ တမျိုးဖြစ်လာသည်။

သဝန်တိုတာလား။ စိတ်တိုတာလား။ တစ်ခုခုပဲ။

www.burmeseclassic.com

www.burmeseclassic.com


အပြန်မှာ ကျွန်တော့်ကားနှင့် သူပြန်လိုက်လာသည်။ မေးသင့် မမေးသင့်စဉ်းစားပြီး ကျွန်တော်သက်ပြင်းချတာကို သူကမေးသည်။

"ဘာလို့သက်ပြင်းချနေတာလဲ…"

"ကိုယ် သိချင်တာမေးခွင့်ရှိလားမေ…"

"ဖြေနိုင်ရင်ဖြေမယ်…"

"မင်းမှာချစ်သူရှိလား…"

သူ့ဆီကအသံတိတ်ဆိတ်သွားသည်။

မိနစ်တော်တော်ကြာမှ…

"ဘာလို့သိချင်တာလဲ…လူတွေက ကျွန်မမှာချစ်သူရှိမရှိ သိချင်ကြတာပဲ…ကျွန်မ မရှိဘူးလို့ပြောလဲ ယုံကြမှာမဟုတ်ဘူး… ရှိတယ်ပြောရအောင်ကလဲ သက်သေမရှိဘူး…ခက်တယ်…"

"ဒါဆို ကိုယ်လမ်းကြောင်းပေးမယ်…"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကလဲ Viva မေးသလိုပဲ…"

"တင်မောင်နဲ့သိတာကြာပြီလား…"

"အင်း…"

"ဘယ်လောက်ကြာပြီလဲ…"

"သုံးလ…ကျွန်မက အထူးကုဆေးခန်းတစ်ခုမှာ ညဘက် အချိန်ပိုင်းလုပ်တယ်လေ…ကျွန်မဆရာ အထူးကုရဲ့လက်ထောက် ပေါ့…ကိုတင်မောင်က လူနာတစ်ယောက်ရဲ့ ကာစင်…အဲသလိုတွေ့ တာ…ဘာဖြစ်လို့လဲ…"

"တင်မောင်က မင်းချစ်သူတော့ မဟုတ်ပါဘူးနော်…"

"ကျွန်မချစ်သူက သေသွားပြီလို့ ကျွန်မပြောခဲ့ပြီးပြီလေ…"

"ကိုယ်ဆိုလိုတာ နောက်တစ်ယောက်…"

"ကျွန်မ အယုံအကြည်မရှိတော့ဘူး…"

"ဘာလို့လဲ…"

"ကျွန်မဘဝမှာ နောင်တရမဲ့ကိစ္စတွေ ထပ်မလုပ်ချင်တော့ ဘူး ကိုကို…လူတစ်ယောက်ရဲ့အချစ်ဆိုတာ သံသယတွေနဲ့ ဖန်တီး ထားတဲ့အရာပဲ…ဘယ်လောက်မှတာရှည်မခံဘူး…လူတွေဟာ ဘယ် လောက်ပဲချစ်ချစ် တစ်ယောက်ယောက် နိမ့်ကျသွားရင် နာကျင်သွားရင် ကူဖို့ထက် စွန့်ခွါဖို့ ပိုများတယ်…ချစ်သူလဲ ဒီလိုပဲ…သူငယ်ချင်းလဲ ဒီလိုပဲ…လင်ယောက်ျားလဲ ဒီလိုပဲ… အချစ်ဆိုတာ အချိန်အပိုင်း အခြားတစ်ခုထိပဲခံတယ်…ပေါင်မုန့်တစ်လုံးလိုပေါ့…လေးငါးရက်

www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုကြာရင် မှိုတက်သွားတယ်…သုံးစား လို့မရဘူး…သူငယ်ချင်း အပေါင်းအသင်းလဲ ရှင့်မှာငွေမရှိရင် အောင်မြင်ကျော်ကြားမှုမရှိရင်… ရှင်လှူတောတိုးလို့မရလို့ရှိမှာမဟုတ်ဘူး… အဲ…ရှင် အောင်မြင်ကျော် ကြားရင် ငွေရှိရင်လဲ အဲဒါကို မနာလိုတဲ့ သူငယ်ချင်းအပေါင်းအသင်း ဆိုတာရှိလာမှာပဲ…ဆိုလိုတာက လူတွေရဲ့ ခင်တာချစ်တာတွေက မသန့်စင်ဘူး…"

"မင်းအတွေးအခေါ်တွေက တဖက်စွန်းဆန်တယ်…"

"ကျွန်မယုံကြည်တဲ့အတိုင်းပဲပြောတာလေ…"

"ဝတ္ထုထဲမှာရော ထည့်ရေးသလား…"

"ရေးတယ်…ကျွန်မစာအုပ်ကိုဖတ်တာနဲ့…ကျွန်မ ယုံကြည် ချက်ကို ဖမ်းမိမှာပဲ…အနုပညာနဲ့ ဘဝနဲ့ တစ်ထပ်တည်းကျအောင် နေတယ်…အမြင်က ဒေါက်တာမေဘယ်လ်ဟာန်စောကြိုးစားသလို ဝတ္ထုထဲမှာ ဇာတ်ကောင်တွေကို ကြိုးစားခိုင်းတယ်…အဖြစ်အပျက် တွေနဲ့ရင်ဆိုင်ခိုင်းတယ်…ကျွန်မဝတ္ထုတွေကို ပျော်ဖို့ဖတ်ချင်တဲ့လူက တော့ စိတ်ညစ်လိမ့်မယ်…ကျွန်မပေးတဲ့အာဘော်ကို မမိတဲ့လူက တော့ ကျွန်မစာအုပ်ကို သိပ်စိတ်ဆင်းရဲစရာကောင်းတာပဲလို့ ပြော မှာပဲ…ဒါပေမယ့်…ဘဝဆိုတာ…စိတ်ကူးယဉ်လို့ရတဲ့အရာမဟုတ် ဘူး…လိုချင်တာတွေ (Wish) ကို လိုအပ်တာတွေ (Need) ဖြစ် အောင် ကြိုးစားရမယ်…တချို့လူတွေက လွယ်လွယ်နဲ့ရမယ်… တချို့က ခက်ခက်ခဲခဲနဲ့ရမယ်…တချို့က ခုံးရှုံးပြီး ဘာမှမရဘူး…

www.burmeseclassic.com

www.burmeseclassic.com


တချို့က အပျော်ရဟယ်…အဲဒီသဘောတွေကို တန်ဖိုးတစ်ခုချင်း ယှဉ်ပြဘဲ့သဘောနဲ့ ဝတ္ထုတွေရေးတာ…ကျွန်မဂုဏ်သိက္ခာပိုင်းအရ ဆတ့ အောင်မြင်တယ်ဆိုရမယ်သိလား…ကျွန်မကို အားပေးတဲ့ ပရိသတ်က ဒီလမ်းအတိုင်း ဆက်လျှောက်ဖို့ အရမ်းအားပေးကြတာ ပဲ…အမှန်အတိုင်းပြောရင် ကျွန်မမှာ တကယ်တန်ဖိုးအထားရဆုံးက ပရိသတ်တွေပဲ…ကျွန်မကို သူတို့မတိုက်ခိုက်ဘူး…ချစ်ကြတယ်… အားပေးကြတယ်…နှစ်သိမ့်ကြတယ်…စာရေးဆရာနဲ့ ပရိသတ်ကြား မှာ အဲဒီ relationship ရှိနေတာကို ကျွန်မက သိပ်တန်ဖိုးထား တယ်…ကျွန်မဘဝမှာ ကြုံရတဲ့အတိုင်း သူတို့ကို ဖန်တီးပြဟာ လေ…"

"မင်းပုံစံနဲ့ မင်းဘဝနဲ့ တခြားစီပဲ…"

"ဟုတ်လား…"

"ကိုယ်က မင်းကို ခပ်ပေါ့ပေါ့ကောင်မလေးလို့ မြင်ထား တာ…"

"ကောင်းတာပေါ့…"

"ဒါနဲ့ မင်း ဘယ်အထိပြေးနေမှာလဲမေ…"

သူတစ်ချက်ငိုင်သွားသည်။

"ကျွန်မမောပြီး ဆက်မပြေးနိုင်တဲ့အထိပေါ့…"

"ကျွန်တော့်ရင်ထဲမှာ နင့်သွားရသည်။ ကိုယ့်ကိုယ့်အားကိုယ် စိတ်သုံးရင်း ပြေးနေရတဲ့သူ့ဘဝက ကျွန်တော့်မခံနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းကြမ်းတမ်းသည်ဟု စိတ်ထဲမှာ ခံစားရသည်။

"မင်းမောတဲ့တစ်နေ့က ဘဝနောက်ဆုံးနေ့လဲ ဖြစ်နေဦးမယ်..."

သူရယ်လေသည်။

"ကျွန်မကို ရှင်နားမလည်ပါဘူး...ဘယ်သူမှလဲ နားမလည်ပါဘူး..."

အိမ်ပြန်ရောက်တော့ ကျွန်တော့်ကိုမနှုတ်ဆက်ဘဲ သူ့အခန်း ဖွင့်၍ဝင်သွားသည်။ သူ နောက်ကျောကိုကြည့်ပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့နှစ်ယောက် ထိုနေ့နောက်ပိုင်း မတွေ့ဖြစ်ကြ။ ကျွန်တော်က အရောင်းအဝယ်ကိစ္စတစ်ခုအတွက် ပြည်ပသို့သွားရသည်။ သူက သူ့တပည့်တွေနဲ့ စာသင်ဝိုင်းတွေကတစ်ဖက်၊ ဆေးရုံကတစ်ဖက် အပြင်ဆေးခန်းကတစ်ဖက်၊ ဝတ္ထုရေးတာတစ်ဖက်ဖြင့် ရှုပ်ယှက်ခတ်နေလေသည်။ တစ်လခွဲခန့် ဥရောပတွင် အလုပ်ကိစ္စဖြင့် ကြာမြင့်ပြီး ကျွန်တော်ပြန်ရောက်လာတဲ့နေ့မှာ ကျွန်တော်သည် သူ့ထံသို့လာသော ညှေ့သည်တစ်ယောက်နှင့် ကြုံခဲ့ရသည်။

"ဒေါက်...ဒေါက်..."

ဘဲလ်တပ်ထားရက်သားနဲ့မမြင်ဘဲ တံခါးခေါက်နေသောဧည့်သည်ကို ကျွန်တော်စိတ်တိုစွာ တံခါးဖွင့်ပေးလိုက်သည်။ အသားဖြူဖြူ အရပ်ခပ်မြင့်မြင့်၊ ရွှေရောင်မျက်မှန်အဝိုင်းနှင့် လူလတ်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com


ယောကျ်ားတစ်ယောက်သည် လက်ထဲမှာ နှင်းဆီပန်းတွေ တပွေ့တပိုက်ကြီးကိုင်ထားပြီး မတ်တပ်ရပ်နေလေသည်။

"ခင်ဗျား လူမှားနေပြီထင်တယ်..."

"မဟုတ်ပါဘူး...ကျွန်တော် မေ့အတွက် ပန်းနဲ့လက်ဆောင်လာပို့တာ...ခင်ဗျားဘောသိမ်းထားပေးလို့ရမလား..."

"မေ့အတွက်..."

"ဟုတ်တယ်...စာရေးဆရာမ သမ္မုလလေ..."

"ရပါတယ်...ဘယ်သူလာပေးတယ်လို့ ပြောပေးရမလဲ..."

"ကိုကြီးလို့ပြောပေးပါ..."

"ခင်ဗျားနာမည်က ကိုကြီးလား..."

"ဒေါက်တာမင်းလတ်ပါ..."

"ဪ...ဟုတ်ကဲ့ ထားခဲ့လေ..."

ကျွန်တော်သည် အပွင့်ကြီးကြီး နှင်းဆီပန်းများကိုကြည့်ကာ အမြင်ကတ်လာသည်။ ကျွန်တော့်တသက်မှာဖြင့် ဘယ်မိန်းမကိုမှ ဒီလိုကဗျာဆန်ဆန် ပန်းမပေးခဲ့။ အလုပ်ရှုပ်သည်။

ညနေစောင်း၍ သူပြန်လာချိန်တွင် ကျွန်တော်က ထိုလူကြီး ...ပေးခဲ့သော ပန်းနှင့်ပစ္စည်းတစ်ခုကို သူ့အားပေးလိုက်သည်။

"ကိုကြီးလာသွားတာကိုး..."

ဟု သူက ခပ်ဆဆရွှတ်ကာ ပြုံးသည်။ သဘောကျတဲ့အပြုံး

www.burmeseclassic.com

www.burmeseclassic.com



"မင်းချစ်သူလား…"

"ရှင်ကလဲ တွေ့သမျှယောကျ်ားတိုင်း ကျွန်မချစ်သူလားမေး နေတော့တာပဲ…တော်တော်စပ်စုတဲ့လူ…"

"မင်းကြည့်ရတာ ပီတိဖြာနေပုံရလို့ပါ…"

"ကျွန်မကို ကိုကြီးက သိပ်ချစ်တာရှင့်…ကျွန်မစိတ်ဆိုးမှန်း သိလို့ ပြန်ချော့တာလေ…"

"ဟိုတစ်ခါ မင်းငိုတာ အဲဒီလူနဲ့ပတ်သက်လား…"

"အင်း…"

"မင်း အဲဒီလူနဲ့လက်ထပ်ရင် စိတ်ညစ်ရမယ်…"

"ရှင်ကဘာလဲ…အတိတ်နိမိတ်တွေကြိုထုတ်လို့…"

"မိန်းမတစ်ယောက်ကို သိပ်ဂရုစိုက်ပြတဲ့ယောကျ်ားမျိုးဟာ ရက်စက်ပြီဆိုရင် အဲဒီမိန်းမအပေါ်မှာ ကမ်းကုန်အောင် ရက်စက်တော့ တာပဲတဲ့…"

ကျွန်တော့်စကားကြောင့် သူ့လက်ထဲကပန်းစည်း လွတ်ကျ သွားသည်။ သူ့မျက်နှာသည် ခဏချင်းညိုသွားသည်။

"ကိုယ်စကားမှားသွားရင် ခွင့်လွှတ်ပါမေ…"

"ဟင့်အင်း…မမှားဘူး…ရှင်ပြောတာမှန်တယ်…သိပ်မှန် တယ်…အဲဒါ ရှင်တို့ယောကျ်ားတွေရဲ့ ပညာတစ်မျိုးလေ…ဘာလို့ ထဲသိလား…သေသွားတဲ့ ကျွန်မချစ်သူဟာ သူ့ဘဝမှာ ကျွန်မကို အချစ်ဆုံးပါလို့ သူသေတဲ့အထိ လိမ်ညာသွားခဲ့ပုံမှာင်မကဘူး…သူ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



နေတုန်းက သူ့ညီမပါလို့ပြောပြီး ဝင်ထွက်နေတဲ့ အေးအေးနိုင်ဆိုတဲ့ မိန်းမနဲ့သူဟာ ကျွန်မ မသိတဲ့အချိန်တွေမှာ တိတ်တိတ်ပုန်းညားခဲ့တယ်ဆိုတဲ့အထောက်အထားတွေ သူ့ဒိုင်ယာရီထဲမှာ ကျွန်မတွေ့လိုက်ရလို့ပဲ…အဲသလိုညာရက်လို့ သူဟာ ကျွန်မဘေးကနေ ရောဂါဆိုးကြီးတစ်ခုခံစားပြီး လူ့ဘဝက စောစောစီးစီးထွက်သွားရတာလို့ ကျွန်မယုံတယ်…ကျွန်မ သူတို့ကိုသိပ်မုန်းတယ်…သိပ်ရွံတယ်… ကျွန်မဝတ္ထုတွေထဲမှာ အဲဒီနာမည်ကို အမြဲဗီလိန်လုပ်ပစ်တယ်… မုန်းလွန်းလို့…"

ပြောရင်း သူငိုပါလေတော့သည်။

ကလေးတစ်ယောက် နာနာကျင်ကျင်အရိုက်ခံထားရလို့ ရှိုက်ကြီးတငင်ငိုတဲ့အငိုမျိုးနဲ့ ငိုတာဖြစ်သည်။

မိန်းမတစ်ယောက်ငိုတာကို ကျွန်တော်သေချာမမြင်ဘူးခဲ့။ အခုမှမြင်ဖူးသည်။ ပထမ မျက်လုံးများနီရဲလာသည်။

မျက်လုံးထောင့်စွန်းက မျက်ရည်ဥလေးများက တရစပ် စီးကျလာသည်။ ပြီးတော့ မျက်နှာတစ်ဝက်ကို သူ့လက်တစ်ဖက်နဲ့အုပ်ကာ အသံထွက်တဲ့အထိ ငိုတော့တာဖြစ်သည်။

"ကျွန်မသိပ်မုန်းတယ်…သူတို့ ကျွန်မကိုညာရက်တယ်…ဒါကြောင့် ကျွန်မ လူတွေကို လုံးဝမယုံကြည်တော့တာ…ကျွန်မကို သူသိပ်ချစ်တယ်လို့ထင်ခဲ့တယ်…တကယ်တော့ သူက ကျွန်မ ဆရာဝန်လောင်းဆိုတဲ့ ဂုဏ်နဲ့ အောင်မြင်မယ့်စာရေးဆရာမဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



သေချာလို့ ကြိုက်ချင်ယောင်ဆောင်ခဲ့တာ…လူယုတ်မာ…လူကောက်ကျစ်ပဲ…"

"ဘာပဲဖြစ်ဖြစ် မင်းချစ်ခဲ့တယ်မို့လားမေ…"

"အခုက လူတစ်ယောက်ကို ချစ်လွန်းလို့ သူသေတဲ့အထိ မမေ့နိုင်တာ မဟုတ်ဘူး…မုန်းလွန်းလို့ မေ့လို့မရတာ…ဒါကြောင့် ရှင်ပြောတာ မှန်ပါတယ်…သိပ်ဂရုစိုက်လွန်းရင် သိပ်ရက်စက်တော့မှာ သေချာ တယ်သိလား…"

"ကဲကဲ…တိတ်တော့…ကလေးလဲမဟုတ်ဘူး… မင်းဒီလို ထစ်ခနဲရှိငိုပုံနဲ့ ဘယ်လိုလုပ် သူများနိုင်ငံမှာ အလုပ်လုပ်မလဲ…ကြံ့ကြံ့ခိုင်ခိုင်စမ်းပါမေ…ဟုတ်ပြီလား…"

သူ ကျွန်တော့်ကိုမော့ကြည့်လိုက်တဲ့မျက်လုံးများက မသိနားမလည်သော ကလေးတစ်ယောက်လို ဖြူစင်လှပါသည်။

ရှေ့လျှောက် သူ့နားမှာ ကျွန်တော်ရှိနေချင်သောစိတ်စေတနာကလည်း ဘယ်နားက ပေါ်လာမှန်းမသိ။

အဆုံးအရှုံးတွေနဲ့ကောင်မလေးပဲ။ သူ့ခမျာ မာနနဲ့ တင်းခံထားရတာ။ ကျွန်တော် သူနဲ့ပိုနီးကပ်လာသလိုခံစားရသည်။

"မင်း ဒေါက်တာမင်းလတ်ကို ချစ်သလားမေ…"

"ဘာလို့မေးတာလဲ…"

"မင်း ဒုတိယအကြိမ်ဆို ပထမအကြိမ်တုန်းကလို နာဖို့မဖြစ်နိုင်တော့ဘူး သိရဲ့လား…မင်းကို ချစ်ဟန်ဆောင်ပြီး ဒုက္ခပေးခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



လူကို မင်းနောက်တစ်ကြိမ်ကြုံလို့မဖြစ်တော့ဘူး…ဒီတစ်ကြိမ်မှာ သေချာစဉ်းစားရမယ်…"

"ရှင်က ကျွန်မအကြောင်း ဘယ်လောက်သိလို့လဲ…"

"သိတာမသိတာက အရေးမကြီးပါဘူး…မင်းထိခိုက်နစ်နာမှာ ကိုယ်စိုးရိမ်တယ်မေ…သိလား…အဲဒါ တကယ့်စေတနာပဲ… အချစ်ငတ်လို့ရှိရင် မိန်းမတွေဟာ ပိုယုံမှားလွယ်တတ်တယ်ဆိုတာ ကိုယ့်အသက်နဲ့ အတွေ့အကြုံအရ သိနေပြီ…မင်းကြောက်နေတဲ့ ကိစ္စတွေ ထပ်မဖြစ်စေချင်ဘူး…"

"ကိုကို…"

"ကိုယ် မင်းရှေ့မှာ ရှိနေခွင့်ရချင်တယ် မေ…မင်းရဲ့အနာဟာရတွေ၊ အဆုံးအရှုံးတွေကို ကိုယ်ပြုပြင်မယ်…မင်းရဲ့အထီးကျန်တဲ့ဘဝကို ကိုယ် နွေးထွေးစေချင်တယ်…ကိုယ် အချိန်တွေကို ယုံပါတယ်မေ…ကိုယ်စောင့်နေပါ့မယ်…"

www.burmeseclassic.com

www.burmeseclassic.com



သူနားလည်မယ်ထင်ပါသည်။

သူများတွေအတွက်တော့ အဲဒီစကားက ဘာမှလေးနက်ခြင်းရှိမှာမဟုတ်။ ကျွန်တော်နဲ့ သူ့အတွက်ကတော့ စောင့်နေမယ်ဆိုသောစကားသည် အများကြီးအဓိပ္ပါယ်ရှိပါသည်။

ကျွန်တော်နဲ့သူ မိုင်ပေါင်းဘယ်လောက်ဝေးကွာပါစေ… အချိန်တွေဘယ်လောက်ရင်းနှီးမြှုပ်နှံရပါစေ၊ အခက်အခဲကြန့်ကြာမှုတွေဘယ်လောက်ပဲများပြားပါစေ၊ သူ ကျွန်တော့်ရင်ခွင်ထဲရောက်ဖို့ကျွန်တော်စောင့်မည်။

ထိုနေ့က ဒေါက်တာမင်းလတ်ပေးသော နှင်းဆီပန်းများကို ကျွန်တော့်အိမ်ကအမှိုက်ပုံးထဲ သူထည့်သွားသဖြင့် ကျွန်တော်ရယ်မောရပြန်သည်။ တစ်ချက်တစ်ချက် သူသည် အလွန်ကလေးဆန်ပါ၏။

"မင်းလုပ်ပုံကိုမြင်ရလို့က အဲဒီလူ ဒေါသထွက်မယ်…"

"ကိုကြီးက ဒေါသမထွက်ဘူး…"

www.burmeseclassic.com

www.burmeseclassic.com



"လူပဲ ဒေါသမဲ့ထွက်တတ်တာ ရှိလို့လားမေ…"

"ဟုတ်တယ်…ကိုကြီးက အရှမ်းပညာတတ်ဆန့်တယ်…မျက်နှာက ကြည့်ရုံနဲ့ သူ့စိတ်ကို အကဲခတ်လို့မရဘူး…ကျွန်မကိုတော့ သူတကယ်ချစ်ပါတယ်…သူ့မိဘတွေကလဲ အရှမ်းလိုလိုလားလားရှိကြတယ်…"

"တင်မောင်ကရော…"

"ကိုတင်မောင်က သူငယ်ချင်းလေ…"

"မေ…မင်းကိုကြိုက်နေတဲ့လူတွေကို မင်းသူငယ်ချင်းလို ဘယ်လောက်ဆက်ဆံပါစေ သူတို့က မင်းကို မိန်းမတစ်ယောက်လို ဆက်ဆံမှာပဲကွ…မင်း တင်မောင်နဲ့မတွဲသင့်ဘူး…"

သူက ငြိမ်သက်သွားကာ

"ကျွန်မ တကယ်သူငယ်ချင်းလို့ပဲ ခင်တာပါ ကိုကို…"

ဟု ထပ်ချေပသည်။ ယောကျာ်းတွေအကြောင်းကို မင်းနားမလည်သေးပါဘူးမေ။ ယောကျာ်းဆိုတာ ကိုယ့်ဘက်ကအသာထားပြီး တွေးတတ် ပြောတတ်သောလူမျိုး။ မင်းအခွင့်အရေးနဲနဲပေးတာနဲ့ ဒီမိန်းမ ငါ့ကို ကြိုက်နေပေါက်ကျပြီဟု ထင်တာမျိုး။ ဝတ္ထုထဲကဇာတ်ကောင်တွေနဲ့ အပြင်ကလူတွေရဲ့သဘောထားက ပြောင်းပြန်ဆန့်ကျင်နေတာမျိုး။ မင်းက ဘယ်လောက်ပဲ အဖြူရောင်နဲ့စဉ်းစားစဉ်းစား မင်းဘက်ကလို သူတို့ဖြူဖြူစင်စင် တွေးခေါ်တတ်ဖို့ဆိုတာ မျှော်လင့်ထားလို့မရဘူးမေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဲဒီစကားတွေ ဘယ်လိုပြောပြရပါ့မလဲ။

"ကြည့်ရတာတော့ မင်း ချာတိတ်မကလေးလို ဆုံးဖြတ်တတ်ပုံနေတုန်းပဲထင်တယ်…အပြင်ကလူတွေကို ဝတ္ထုထဲကလို ဘယ်တော့မှ မထင်နဲ့မေ…ပညာတတ်တတ် မတတ်တတ် ယောကျ်ားဟာ ယောကျ်ားပဲ…ကိုယ့်ဘက်ကိုယ်တွေးတဲ့ သတ္တဝါမျိုးစိတ်တွေချည်းပဲ…ဘယ်သူမှ မင်းဘက်က လှည့်စဉ်းစားပေးမှာမဟုတ်ဘူး…တင်မောင်က ပြောရမယ်ဆို ကိုယ့်သူငယ်ချင်းအရင်းခေါက်ခေါက်ပဲ…မင်းကိုပြောချင်တာ မင်းယောကျ်ားတွေအကြောင်း ကိုယ့်ထက်ပိုသိချင်သိမယ်…မင်းက စာရေးဆရာမပဲ…မင်းရည်းစားတွေအများကြီးထားခဲ့မှာပဲ…ဒါပေမယ့် လူတွေရဲ့ လှည့်ပတ်ကောက်ကျစ်တာ…စကားကို ကိုယ့်ဘက်ဆွဲပြောတာ…ကိုယ်ရတဲ့အချိန်မှာတစ်မျိုးပြောပြီး မရမှန်းသေချာရင် ပိုးဆိုးပက်သက်ပြောတာမျိုး မင်းထက်အသက်ကြီးတဲ့ကိုယ်က ပိုနားလည်တယ်…"

"ကိုကိုက ဆုံးမတတ်တယ်နော်…"

"မင်းစိတ်ထဲကို ကိုယ်လှမ်းကြည့်နိုင်တယ်လေ…"

လူနှစ်ယောက်သည် တဖြည်းဖြည်းနဲ့ နီးကပ်လာပြီဟု ထင်ရသောအချိန်ဖြစ်သည်။ လူ့ဘဝဆိုတာ တစ်ယောက်နဲ့တစ်ယောက် နားမလည်မှုရှိရင်…အင်မတန်ဆွေးတွေးတဲ့အကြောင်း ဒုက္ခသက်ခံအောင် ကျွန်တော်ကြိုးစားရဦးပေမည်။ သူက အင်မတန်ခေါင်းမာသော လက်ပေါက်ကတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုတင်မောင်လိုလူစားတွေ ကျွန်မသူငယ်ချင်းတွေထဲမှာ ရှိပါတယ်…"

"ကျွန်မသိပါတယ်လို့ မင်းပြောချင်တာမို့လား…ကိုယ် မင်းကို ဟင်မောင်နဲ့တွဲမတွေ့ချင်ဘူး…မင်းသူ့ကို သတိထားပါမေ…"

"ကျွန်မမှာ ကိုကို့လိုအိမ်နီးချင်းရှိတာ ကံကောင်းဟာပဲ… အမှန်ဆို ကိုကို့နာမည် ဟန်စောဆိုတာ ကျွန်မ ကိုတင်မောင်နဲ့ Paradise လာတဲ့နေ့ကမှ သိတာ…သိသိချင်း စိတ်တော့ဆိုးသွားတယ်…"

"မင်းကိုလိမ်ထားတာမဟုတ်ပါဘူး…"

"ဒါပေမယ့် ကျွန်မရဲ့တကယ့်အင်ကိုရင်းလို သဘောထားလို့ ကိုကိုလို့ ဆက်ခေါ်တာပေါ့…"

စကားပုံးကို ကျွမ်းကျင်ပိုင်နိုင်စွာသုံးနှုန်းတတ်သူပင်ဖြစ်သည်။ သူဘာကိုဆိုလိုတာ ကျွန်တော်သိသည်။ ကိစ္စမရှိဘူးမေ။ ကိုယ် မင်းနဲ့ပတ်သက်ရင် သီးခံဖို့ နံပါတ်တစ်ဆိုတာ သဘောပေါက်ပြီးသားပဲ။

"ကိုယ် ဒီညစာ မင်းဆီကတောင်းစားလို့ရပြီလား…"

"ရတယ်…ဒီည ဆီချက်ခေါက်ဆွဲလုပ်စားမလို့…ဒါနဲ့ ကိုကို Europe ကပြန်လာတာ ကျွန်မအတွက်လက်ဆောင်လေးဘာလေး တောင်မဝယ်ခဲ့ဘူးလား…"

"ပိုက်ဆံမရှိတော့လို့…"

"ယုံတယ် သိလား…ကိုကို့လို ဘော်ဒါကများ…"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အဲဒီလို လက်ဆောင်တွေပေးတာ ဝါသနာမပါဘူး အရဲ့...ကလေးကလားဆန်တယ်လို့ ထင်တယ်..."

"အင်း...အင်း...နောက် ဘယ်သွားဖို့ရှိသေးလဲ..."

"ဆစ်ဒနီ..."

"ဩစတြေးလျပေါ့..."

"အင်း..."

"ပျော်စရာကြီးနော်...ကျွန်မလဲ အဲသလိုလျှောက်သွားချင် ထိတ်တာ...တစ်နေ့တော့ ဖြစ်လာမှာပေါ့လေ..."

"လိုက်မလားမေ..."

"ဆစ်ဒနီကိုလား..."

"အင်းလေ...မင်းဘယ်မှရောက်ဖူးပုံမရဘူး... ဘန်ကောက် တင်ရောက်ဖူးရဲ့လား..."

"ဟင့်အင်း...ဒါပေမယ့် ကျွန်မ နိုင်ငံစုံလျှောက်သွားဖို့ ဆုံး ဖြတ်ထားတာပဲ...ကိုယ့်အစွမ်းအစနဲ့ ကိုယ်သွားမယ်...ဘယ်သူ့ကိုမှ အားကိုးဘူးလို့လေ...ကျွန်မကြောင့် သူများကိုလည်း ဝန်ထုပ်ဝန်ပိုး ဖြစ်စေချင်သလို သူများကြောင့်လည်း ကျွန်မမခံစားချင်ဘူး..."

"လူဆိုတာ တစ်ယောက်ထဲနေလို့မှမရတာပဲမေ...ဘာကိစ္စပဲ ဖြစ် တစ်ယောက်တည်းဆုံးဖြတ်တာနဲ့ အများပိုင်းစဉ်းစားတာမတူ ...ဒါကြောင့် လူ့ဘဝမှာ နေဖို့အဖော်လိုတယ်...ခွေးမျိုးမိတ်...ဟာ လိုတယ်...သူငယ်ချင်းဆိုတာလိုတယ်..."

www.burmeseclassic.com

www.burmeseclassic.com



သူဘာမှပြန်မပြော။ သိပ်လက်ခံချင်ပုံမရဘဲ နေရာမှထသည်။

"ခေါက်ဆွဲပြုတ်လိုက်ဦးမယ်..."

"ကိုယ်ပါလိုက်ကူပေးရဦးမလား..."

"ရပါတယ်· ကြက်သားကပြုတ်ပြီးသိုးထားပြီးသားပဲ... ဧည့်ခန်းမှာပဲ ထိုင်စောင့်နေလေ...ရော့ ကျွန်မငယ်ငယ်ကတည်းက ခုထိ ဓါတ်ပုံတွေ ဆုပေးပွဲပုံတွေများပါတယ်...အပျင်းပြေကြည့်ပေါ့... စီဒီဖွင့်ပေးထားခဲ့မယ်..."

ဆိုကာ ဓါတ်ပုံအယ်လ်ဘမ်တွေ ရှေ့ချပေးသည်။ ဘရိုင်ယန် အေဒမ်ရဲ့ စီဒီတစ်ချပ်ထည့်ဖွင့်ပေးထားခဲ့ကာ နောက်ဖေးချောင်းဝင် သွားသည်။

ဓါတ်ပုံအယ်လ်ဘမ်ရှေ့ဆုံးမှာ မီးမီးသို့ အမှတ်တရ ကိုကိုဟု ရေးထားတာတွေ့သည်။ သေသွားတဲ့လူဖြစ်မည်။ ဓါတ်ပုံပေါင်းမြောက် မြားစွာမှာ ထိုသူဟုထင်ရသူတစ်ပုံမှမတွေ့ရ။ သူငယ်ချင်းတွေသာ တွေ့ရသည်။ ပုဂံမှာရိုက်ထားတဲ့ပုံတွေက အလင်းအမှောင်အားကောင်း လှသည်။ ဓါတ်ပုံထဲမှာ အသားပိုဖြူကာ အရပ်ပိုမြင့်သလိုထင်ရသည်။ သူသည် သိပ်လှတဲ့အမျိုးအစားထဲမှာမပါ။ သူ့မျက်နှာက သူများကို စိတ်ဆင်းရဲအောင် လုပ်တတ်မယ့်ပုံ လုံးဝမရှိတာတော့ သေချာသည်။ ပြီးတော့ သူ့ပရိသတ်တွေရဲ့ မိတ်ဆက်စာတွေကိုလဲ တွေ့ရသည်။

မိန်းမတွေရဲ့မျက်နှာတွေကို အကဲခတ်ကြည့်ချင် နိုင်လိုမင်း ထက်ပြုတတ်မည့်မျက်နှာမျိုးမှာ မျက်ခုံးကို အမြဲကျုံ့ထားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြွားသန်သောမျက်နှာမျိုးမှာ ပွဖောင်းဖောင်းဖြစ်ကာ နှုတ်ခမ်းထောင့်စွန်းနှစ်ဖက်သည် ခပ်စုစုသဏ္ဌာန်နှင့် နှာခေါင်းထက်ပိုကျယ်တဲ့သဏ္ဌာန်ဟူ၍တွေ့ရသည်။ မနာလိုဝန်တိုစိတ်ရှိသည့်မျက်နှာမျိုးမှာ မျက်လုံးများက ရီဝေနေတတ်ပြီး တစ်စုံတစ်ခုကို စူးစူးစိုက်စိုက်ကြည့်လျှင် အရောင်ထွက်နေတတ်သည်။ တချို့မျက်နှာများက ပြုံးရွှင်သော်လည်း မျက်လုံးများကမူ စူးရှနက်မှောင်လျှင် အကောက်ကြံတတ်သည်။

ဓါတ်ပုံအယ်လ်ဘမ်ကိုပိတ်ပြီး တွေ့ကရာမဂ္ဂဇင်းတစ်အုပ်ကောက်လှန်လိုက်သည်။ မျက်နှာဖုံးကိုလှန်လိုက်ပြီး အတွင်းစာမျက်နှာထိပ်ဆုံးမှာ ဆရာမသမ္ဘူလသို့ မေတ္တာလက်ဆောင်ဟူ၍ ရေးထားသည်။ မာတိကာကိုဖတ်ကြည့်လိုက်သော် ဝတ္ထုတိုကဏ္ဍ၌ သူ့ဝတ္ထုတိုတစ်ပုဒ်ပါသည်။ ဘာရယ်မဟုတ် ကျွန်တော်ဖတ်လိုက်သည်။

ဖတ်ရင်းနဲ့ ဒီဝတ္ထုကို ဖတ်ဖူးသလိုပဲဟု စိတ်ထဲမှာသိလာသည်။ ဝတ္ထုအောက်ဆုံးရောက်မှ ဂျပန်စာရေးဆရာ၏ ဝတ္ထုတစ်ပုဒ်ကို ဘာသာပြန်သည်ဆိုမှ ရှင်းသွားသည်။ မြန်မာစာအရေးအသားပိုင်းမှာ အရည်အချင်းရှိနေလို့ဆိုတာ သက်သေပြနေသည်။ အစကတော့ ကျွန်တော်လုံးဝအထင်မကြီးခဲ့။ ပုံစံနဲ့လိုက်ပြီးဆုံးဖြတ်ခဲ့တာဖြစ်သည်။

မြန်မာဝတ္ထုတွေကို ကျွန်တော်နောက်ဆုံးဖတ်ခဲ့တာ ...အထိပဲရှိသည်။ ယောကျ်ားတစ်ယောက်အတွက် အသိဉာဏ် ခွန်အားနှင့်ခံစားမှုရသပေးနိုင်သော စာပေမျိုးကို အင်တာနက်မှ ကျွန်တော်ဖတ်

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရခဲ့တာမို့ စာအုပ်တွေကို စိတ်မဝင်စားတော့။

ရယ်စရာတွေကို အဓိပ္ပါယ်မရှိရေးပြီး နာမည်ရလာဖို့ဆိုတာ အင်တာနက်စာအုပ်လောကမှာ လုံးဝမရှိ။ အဖြစ်သနစ်ဝတ်ခုဟာ ဖြစ် နိုင်ရဲ့လားဆိုတာနဲ့ ချိန်ထိုးပြီး Entertainment ကို ဆုံးဖြတ်ကြတာ မို့ ကျွန်တော်သည် အင်တာနက်စာအုပ်လောကနဲ့ ချိန်ထိုးပြီး သူ့ထို ဆရာဝန်အဖြစ်ထက် စာရေးဆရာအဖြစ်က ပိုအောင်မြင်မယ်ဟု ထင် ကြေးပေးနေမိသည်။ သူ အင်္ဂလိပ်စာကို နောက်သုံးနှစ်လောက် ထပ် လေ့လာလိုက်လျှင် နဂိုပါရမီဖြင့် အင်တာနက်စာအုပ်လောကကို ဝင် တိုးနိုင်မဲ့ ဝတ္ထုကောင်းတွေ ဘာလို့မရေးနိုင်ရမလဲ။

"ကိုကိုက ကျွန်မဝတ္ထုတွေဖတ်လို့ပါလား…"

အသံနဲ့အတူ လက်ထဲတွင် ဆီချက်ပန်းကန်နှစ်ပန်းကန်ကိုင် ထားသော သူရောက်လာတော့ သူ့ထက်ထဲမှ ပန်းကန်တွေကို ကျွန်တော်ထယူလိုက်သည်။

"ဘယ်လိုလဲ…ကြိုက်လား…"

"ဘာသာပြန်တာမဆိုးဘူး…"

"ဟုတ်လား…ကျွန်မဘာသာပြန်တာ ဝါသနာကြီးတယ် ကိုကိုရဲ့…ကဲ…စား…စား…မကောင်းလဲ ရေနဲ့မျိုချ…"

ပြောပြီး သူ့ဟာသူရယ်လေသည်။ စားနေရင်းနဲ့

"မင်း…အင်တာနက်စာပေကို စိတ်ဝင်စားလားမေ…"

ဟု ကျွန်တော်စပ်စုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်တာနက်စာပေ…ဟုတ်လား…"

"သိလား…"

"အင်း…သိတယ်…"

"ကြိုးစားကြည့်ပါလား…"

"ကျွန်မကိုယ်ပိုင် Web Site မရှိဘူးလေ…"

"ကိုယ်ကူညီမယ်…"

"အမယ်လေး ကိုကိုရယ်…ကွန်ပျူတာတစ်လုံးတောင် ကျွန်မ ဝယ်နိုင်ပါဘူးရှင်…အထင်မကြီးပါနဲ့…ကျွန်မ မချမ်းသာဘူး ရှင့်…"

"မင်း အင်္ဂလိပ်စာဆက်လုပ်ရင် ရေးနိုင်မယ်ထင်တယ်… ဒီလိုပဲ ကြိုးစားကြည့်ပါလားမေ…"

"ဟင့်အင်း…မလုပ်ဘူး…"

"ဘာဖြစ်လို့တုန်း…"

"မလုပ်ချင်လို့…လုပ်ချင်တဲ့စိတ်မရှိလို့ပေါ့…"

"မင်း ဒီလောက်နဲ့ ကျေနပ်ပြီလား…"

ကျွန်ကော်တို့နှစ်ယောက်လုံးရဲ့ ဆီချက်ပန်းကန်ထဲတွင် ခေါက် ဆွဲများမရှိတော့ပါ။ သူက သောက်ရေပုလင်းထဲမှ ရေကို ဖန်ခွက်ထဲ ငှဲ့ပေးကာ ကျွန်မတော့်ထံလှမ်းပေးသည်။

"ဘာမဆို သိပ်မြင့်မြင့်မှန်းထားတာ မရရင်စိတ်ဆင်းရဲရမယ် ဆိုတော့…ကျွန်မ ဘာကိုမှ ပလိုချင်ဘူး…ကျွန်မဘဝမှာ အရမ်းစိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲခဲ့ရတဲ့အချိန်တွေချည်းပဲ…ဒါကြောင့် ထပ်စိတ်မဆင်းရဲချင် ဘူး…ပြီးတော့ ပစ်မှတ်ဆိုတာ တစ်ခုပဲကောင်းပါတယ်…ဒီလောက် နဲ့ကျေနပ်ပြီလားဆိုတော့ ကျွန်မငယ်ငယ်ကတည်းက တစ်နေ့ ငါစာ ရေးဆရာဖြစ်ရမယ်ဆိုပြီး ရည်မှန်းထားတာမျိုးမရှိခဲ့ပဲ ကိုကိုရဲ့…စိတ် ညစ်တော့ စာရေးမိတယ်…ဝတ္ထုတွေဖြစ်လာတယ်…အဲဒါတွေကို မဂ္ဂဇင်းတိုက်တွေပို့ရင်း အရွေးခံရလို့ ဖြစ်လာတယ်…နောက် ကျွန်မ က စာသိပ်ဖတ်တယ်…အဲဒီမှာ စာရေးနည်းတွေအားလုံး တဖြည်း ဖြည်းသိလာတယ်…ကျွန်မ ဇာတ်လမ်းတွေကို အဲဒီစာဖတ်တာ ရတဲ့ပညာတွေနဲ့ပဲ ရေးဖြစ်တယ်…လူတချို့လက်ခံတယ်…တော် တော်များများ ကျွန်မကိုမကြိုက်ကြဘူး…စိတ်ညစ်စရာကောင်း တဲ့…မညားလို့တဲ့…ကျွန်မ မသေချာတဲ့နေရာတစ်ခုအတွက် ဆရာ ဆိုတဲ့ ဖောင်မဖျက်ရဲဘူး ကိုကို…သတ္တိမရှိဘူး…ပြီးတော့ စာ ဆရာနဲ့ဆရာဝန်…ကျွန်မ စာရေးဆရာအရင်ဖြစ်ခဲ့တာလေ… ကြောင့် အကြီးက အနစ်နာခံတဲ့သဘောမျိုးပေါ့…မသေချာတာ ချည်းပါပဲ…ဒါပေမယ့် စာရေးဆရာဘဝကို အသက်ကြီးရင် ပြန် ချယ်ဖြစ်မယ်ထင်တယ်…"

"မင်းစိတ်က ဆန်းကြယ်တယ်…"

"အင်း…ဟုတ်လို့လား…သဘာဝကျကျပြောတာပါ…

တာနက်စာပေဆိုတာက အကြမ်း၊ အရမ်း၊ အသတ်အပုတ်နဲ့ S

www.burmeseclassic.com

www.burmeseclassic.com



(လိုင်)ကိစ္စတွေ ရောမွှေထားတာတွေများတယ်…ကျွန်မက မရေးရဲဘူး…အဲ…"

သူ့မျက်နှာတစ်ချက်ရဲသွားကာ ရှို့တို့ရှန့်တန့်ဖြစ်သွားသည်။

"ဟို…ကိုယ်ရေးတဲ့စာ ကိုယ်ပြန်ဖတ်ပြီး မရှက်ချင်ဘူး…ကိုယ်က မြန်မာလေ…အဲဒီစိတ်တော့ရှိတယ်…ပြီးတော့ ကိုယ်လက်ခံထားတဲ့ အတွေးအခေါ်နဲ့ ဆန့်ကျင်တာတွေမရေးထွက်ဘူး… တစ်ခုခုရေးလိုက်ရင်…ဆယ်ကျော်သက်တွေ လိုက်လုပ်မှာကြောက်တယ်…အဲသလိုမျိုးပေါ့…"

"မင်းစေတနာ မင်းကိုပြန်အကျိုးပေးပါလိမ့်မယ်…"

"တော်ပါပြီရှင်…ကြီးကြီးကျယ်ကျယ်အောင်မြင်ဖို့လဲ မမျှော်လင့်ပါဘူး…ဘယ်လိုပြောရမလဲ…ကျွန်မ ကျော်ကြားတာကြီးကိုမကြိုက်ဘူး…ကျောင်းတုန်းကလဲ အဲဒီဒဏ်ကို ကျွန်မတော်တော်ခံရတယ်…ကိုယ်ကစိတ်ဝင်စားတဲ့ဘာသာက Medicine (ဆေးပညာ)နဲ့ OG(သားဖွားမီးယပ်) $S_x$(ခွဲစိတ်ကုပညာ)ဖြေတော့ ဒုက္ခရောက်တော့တာပဲ…စာရေးဆရာမ မဲမဲ $S_x$ စာမေးတာ မရဘူးဆိုပြီး MSC တွေကြားမှာ နာမည်ကိုကြီးတာ…အရမ်းရှက်တာပဲ…စာဆိုတာကတော့ ရတာလဲရှိမယ်…မရတာလဲရှိမယ်…ဒါပေမယ့် ကိုယ် မရရင် စာရေးဆရာမဆိုတာက နောက်ကပါလာရော…အဲဒါကို မကြိုက်ဘူး…I mean They are different Novelist & Medical Student have not the same source like this"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်မှာ သူပြောပုံကြည့်ပြီး ဟားရလေသည်။ စာရေးဆရာမ မဲမဲတဲ့။ သူ့ကို နာမည်ပေးသူကို တော်တော်ကျေးဇူးတင်ရသည်။ သူ့ကို ကွက်တိထိအောင် ပြောနိုင်သောစကားပဲ။

"မင်းအသားက ညိုတယ်နော်..."

"အင်း...ငယ်ငယ်တုန်းကဆို ကုလားမလို့ အခေါ်ခံရတယ်...တကယ်ပဲ...ဒါပေမယ့် ကြီးလာတော့ မရှိတော့ပါဘူး...Skin color does not make the man လေ...အဲသလိုထင်တယ်..."

"ကိုယ်လဲ မင်းကို ဆရာမမဲမဲလို့ ခေါ်မှပဲထင်တယ်..."

သူက နှုတ်ခမ်းကိုအုပ်ကာ ရယ်လေသည်။ မျက်ရည်ထွက်တဲ့အထိရယ်သည်။ သူရယ်တာကြည့်ပြီး ကျွန်တော့်မှာ လိုက်ရယ်ရလေသည်။

"ဘာဖြစ်လဲ...ကျွန်မကို ရှင်အဲသလိုခေါ်ရင်...ရှင့်ကို ကိုတင်မောင်ပြဿနာရှာမှာပေါ့..."

ကျွန်တော် ရယ်နေရာမှ ရပ်သွားသည်။

"မင်းက ကိုယ့်ကို ပြဿနာရှာစေချင်လို့လား..."

"အဲသလိုမပြောပါဘူး...ကျွန်မကြောင့် ယောက်ျားနှစ်ယောက်ရန်တော့မဖြစ်ရပါဘူး...ရှင်ကလဲ...နောက်တာပါ..."

"ကိုယ့်အမြင်တော့ မင်း တင်မောင့်ကို အားကိုးပုံပဲ..."

"ဟာ...ကျွန်မ ဘယ်သူ့မှအားမကိုးဘူး...တော်ပြီ...တော်

www.burmeseclassic.com

www.burmeseclassic.com



ဗွီ…ရှင်စိတ်ဆိုးသွားပုံပဲ…ကျွန်မ စကားအထာအနေကောက်တဲ့လူတွေ ထို မကြိုက်ဘူး ကိုကို…ကျွန်မစတာပါ…"

"ဒါပေမယ့် ကိုယ်နဲ့တင်မောင် မင်းကြောင့် ပြဿနာတက် မှာတော့ သေချာသလောက်ပဲမေ…"

"ရှင်ကတော့လေ…သိပ်ခက်တဲ့လူပဲ…ဟာ…ရှင့်…ရှင် ခေါင်းပေါ်မှာ…"

သူက အလန့်တကြားထအော်သဖြင့် ကျွန်တော် အရမ်းလန့် သွားသည်။ ကပျာကယာ မတ်တပ်ထရပ်ကာ ခေါင်းကိုလက်ဖြင့် ပုတ်ခါတော့ ထရယ်လေသည်။

"တကယ်ထင်သွားတဲ့ပုံပဲ…စတာ…ရှင့်ခေါင်းမှာ ဆံပင်ရှိ တယ်လို့ ပြောမလို့…"

"မေ…မင်းတော့လေ…"

"ကျွန်မက အတည်ပေါက်နဲ့ နောက်တတ်တယ်လေ…သိရဲ့ အး…နောက်ဆို သတိထားပေါ့…ကဲ…ပြန်တော့…ကျွန်မ စာဖတ် ဦးမယ်…"

ကျွန်တော့်မှာ ယောက်ျားတန်မဲ့ သူ့ရှေ့မှာ လန့်သွားခြင်း တွက် အောင့်သီအောင့်သက်ဖြင့် ပြန်လာခဲ့ရလေသည်။

ကိုယ့်အိမ်ပြန်ရောက်တော့မှ ဘာရယ်မဟုတ် စိတ်ထဲက ပေါင် ဖြစ်မှုကို ပြေပျောက်အောင် စနောက်လိုက်သော သူ့အသံနဲ့ပုံစံ ပြန်မြင်ကာ တစ်ယောက်ထဲ ရယ်မောမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာတဲ့။ ဆရာဆရာမ မဲမဲတဲ့။

သူ့ကိုသူ ပြောပြောပြီး ရယ်သောဟန်ကို ကျွန်တော်တွေးပြီး ပြုံးစိစိဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

ကမ်းစပ်က ရေလှိုင်းတွေကြည့်ပြီး ကျွန်တော် သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်သည်။ မိန်းမတစ်ယောက်ကိုချစ်ရတာဟာ ရေအောက်နေတဲ့ကမ်းစပ်မှာ လမ်းလျှောက်ရတာနဲ့ တူပါသည်။

ကိုယ့်ခြေဖျားတွေကို လာထိလိုက် ပြန်ဆင်းသွားလိုက်ဖြင့် ကလူကျီစယ်နေသော ရေလှိုင်းများသည် ကိုယ်နဲ့ ဝေးလိုက်နီးလိုက်ဖြစ်နေသော မိန်းမနဲ့တူသည်။

သူ့အား ကျွန်တော့်ဘဝထဲကို ဆွဲသွင်းဖို့ ကျွန်တော်မကြိုးစားခဲ့ပါ။ ဒီတသက် ဘယ်တော့မှလဲ ကြိုးစားလိမ့်မည်မဟုတ်။

အချစ်ဆိုတာ ဖြေလျှော့လွှတ်တင်ခြင်းဟု ယူဆထားသောသူသည် ကိုယ်တိုင်က စွန့်တစ်ကောင်ဖြစ်ချင်သလို ကျွန်တော်က စွန့်စားတတ်သူဘာဝနဲ့ပဲ ကျေနပ်ရောင့်ရဲပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စချစ်သွားပြီးသည့်နောက်ပိုင်းမှာ တစ်ခါတစ်ရံ ရယူ ပိုင်ဆိုင်လိုစိတ်တွေ ပြည့်သိပ်လာတိုင်း ကျွန်တော် ကိုယ့်စိတ်ကိုယ် ဆုံးမခဲ့ရသည်။ သူ့ကိုချည်ရင် ရုန်းကန်ထွက်ပြေးမယ်ဆိုတာ သိနေ သော ကျွန်တော့်အဖို့ ရွေးချယ်စရာလမ်း မရှိပါ။ ကျွန်တော် ဘယ် လောက် ရင်နင့်ရမည်ထင်ပါသလဲ။

တဖြည်းဖြည်း ကျွန်တော်တို့နှစ်ယောက်သည် နီးနေရက်က ဝေးလာခဲ့ကြသည်။ ကျွန်တော် သူ့နားသို့ တိုးကပ်သွားတိုင်း သူသည် မသိမသာဖြင့် နောက်သို့တဖြည်းဖြည်းဆုတ်သွားသည်။

မျက်လုံးများဖြင့် တစ်ယောက်နှလုံးသား တစ်ယောက်သိမြင် နေခဲ့ကြသော သူနဲ့ကျွန်တော်မှာ နှစ်ယောက်လုံးမှားနေခဲ့မည်ဟုထင် သည်။

သူဘာလိုချင်လဲဆိုတာ ကျွန်တော်မသိနိုင်ခဲ့။ ဘယ်လိုသီးခံမှု မျိုးနဲ့မှ သူ့ဦးနှောက်ထဲမှာရှိနေသော အတွေးများကို ကျွန်တော်မသိ နိုင်ခဲ့။ သူသည် အချစ်နှင့်ပတ်သက်လျှင် လျှို့ဝှက်လွန်းသည်။

အချစ်ဆိုတာ အတူနေရမှ အချစ်မဟုတ်ဘူးဆိုသော သီအိုရီ ဖြင့် လုံးချင်းလောကထဲ ဝင်လာခဲ့သူ။

တကယ်လဲ ယောကျ်ားတစ်ယောက်ကို အသဲအသန်နဲ့ထိ တူချစ်မြတ်နိုးနေပါလျက် စွန့်ခွါရှောင်ပြေးခဲ့သူ။

အသက်တိုင်းမှာ အောင်မြင်မှုတစ်ခုစီ ဆုပ်ကိုင်ရယူဖို့ ကြိုးစား ပြီး ရလေ့ရှိသော လူငယ်စာရေးဆရာမတစ်ယောက်ရဲ့...မာနမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ချစ်ခြင်းကို အရောင်စွန်းစေခဲ့သည်။

ချစ်တာဟာ ကြောက်စရာကောင်းလား မကောင်းလားဟု ကျွန်တော်မသိသောအချိန်မှာ ချစ်ရမှာကြောက်၍ သူသည် အကြိမ်ကြိမ်ရှောင်ပြန်းခဲ့သည်။ ကျွန်တော် လိုက်ဖမ်းလို့မမိ။ သူသည် အရှိန်အဟုန်ပြင်းထန်စွာဖြင့် တိမ်းရှောင်လေ့ရှိသည်။

"ဒီလိုနဲ့ပဲ…

မနက်မှာ အရှေ့ကနေထွက်ခဲ့တယ်…

ညနေမှာ အနောက်ကို နေဝင်ခဲ့တယ်…

တစက္ကန့်ပြီးတစက္ကန့် ကိုယ်နဲ့မင်း

ခေါင်းပေါ်ကကျော်သွားကြတယ်။

မှားသွားမယ့် ထင်တဲ့ မြှုပ်နှံမှုတိုင်းမှာ…

အကြောင်းပြချက်ကောင်းကောင်း မပေးတတ်ခဲ့ဘူး…

ကောင်းကင်ပေါ်ကျော်ကြည့်လို့…

မြူနှင်းတွေပဲမြင်ရမယ်ဆိုတာ…

မင်းမပြောလည်း…

ကိုယ်သိခဲ့သားပဲ…

မင်းသိလား…

လိပ်ပြာဆိုတာလေ…

ခဏတာ ပါးမှာနားဖို့…

www.burmeseclassic.com

www.burmeseclassic.com



မှုန်ဖွဖွအနမ်းတွေကြား…
အဲဒီမှာ ကိုယ်…
မာယာသံနဲ့ တောင်ပံတဖျတ်ဖျတ်ခတ်သံကြားရတယ်…
ကိုယ်က….
ငှက်ကလေးတစ်ကောင်သာဆို…
မေက…တေးဆိုသင့်ပေါ့ကွယ်…
ကိုယ်က…
နှင်တံတစ်ချောင်းသာဆို
မေက…
ဂါထာရှင်ကဝေမပေါ့ကွယ်…
အသက်တမျှ တွယ်တာ…
ရင်းနှီးထားတဲ့ အစိတ်အပိုင်းတိုင်းမှာ…
မျှော်လင့်ခြင်းတွေချိုးဖဲ့…
မင်းသိပ်ရက်စက်တတ်နေပြီကွဲ့မေ…"

အဲဒါ သူ့ကဗျာတွေထဲကတစ်ပုဒ်ဖြစ်သည်။ မဂ္ဂဇင်းတစ်ခုရဲ့ ကဏ္ဍမှာ သူ့ကဗျာသည် စာလုံးစိမ်းစိမ်းများဖြင့် လှပစွာနေရာယူလျက်ရှိသည်။ အချစ်ဆိုတာဘာလဲမေ။ ကျွန်တော်မမေးရသေးပါ။

မေးချင်သော်လည်း ဘာလို့လဲဟု ပြန်မေးလျှင် ကျွန်တော် မဖြေတတ်တော့။ ကဗျာခေါင်းစဉ်က "…."

www.burmeseclassic.com

www.burmeseclassic.com



မသေချာမှုကို ပြသောကဗျာ။

ထိုကဗျာထဲမှာ နာကျင်မှုတစွန်းတစကို မြင်ရသည်။ ကျွန်တော် တစ်ခုခုကိုသိနေသော်လည်း ဘာမှမပြောဖြစ်ပါ။

စတင်ပြောခဲ့သည့်နေ့ကတော့ ဆောင်းတွင်းရဲ့ညနေပိုင်းမှာဖြစ်သည်။ မှတ်မှတ်ရရ ကျွန်တော်နဲ့သူ တိုက်ရှေ့ကိုပြိုင်တူရောက်တဲ့ အချိန်။ ကျွန်တော်က ကားစက်သတ်ခိုက် သူက ဆွဲခြင်းဆွဲကာ ကျွန်တော့်ကားဘေးက အဖြတ်။

"ပြန်လာပြီလားမေ..."

"ဟုတ်ကဲ့..."

သူ့ကိုနှုတ်ဆက်နေခိုက် ကျွန်တော့်ကားရှေ့မှာ ခွေးတစ်ကောင် (ရှိမသေ) မစင်စွန့်ဖို့ ခြေလေးဘက်ကားနေပြီ။

"ဟာ...ပြဿနာပဲ..."

ကျွန်တော့်အသံကြောင့် လှည့်ထွက်သွားဟန်ပြုသော သူ့ဦးခေါင်းသည် ချက်ချင်းပြန်လှည့်ကာ ခွေးရဲ့ပုံစံကိုမြင်သွားသည်။

ပြီးကော့ ကျွန်တော့်လက်တစ်ဖက်ကို ဆွဲယူကာ သူ့လက်ညှိုးတစ်ချောင်းနဲ့ ကျွန်တော့်လက်ညှိုးတစ်ချောင်းကို အောက်ပါအတိုင်း ချိတ်လိုက်သည်။

ခြေလေးဘက်ကားကာ ခွေးသည် ပုံမှန် အနေအထားဖြစ်သွားပြီးနောက် ခပ်လှမ်းလှမ်းသို့ထွက်ခွါသွားလေသည်။

"ဘာလုပ်တာလဲ မေ..."

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး…ငယ်ငယ်တုန်းကဆို ခွေးချီးပါတာတွေ့ရင် ကျွန်မ
တို့သူငယ်ချင်းတွေ အဲသလိုလက်ချင်းချိတ်လိုက်တာပဲ…ဟီးဟီး…"

တစ်ချက်ရယ်ကာ လက်ကိုပြန်ဖြုတ်သည်။ သူ့မျက်နှာက
ခပ်တည်တည်ပင်။ ဘာမှမပြောင်းလဲ။ ကျွန်တော့်ရင်ထဲမှာသာ တဒိတ်
ဒိတ်ခုန်၍ကျန်ခဲ့သည်။

နှစ်ယောက်အတူတူ လှေခါးထစ်တွေကိုတက်တော့ သူမောနေ
ပုံရသည်။

"ကိုယ် ဆွဲခြင်းဆွဲပေးရမလား…"

"အင်း…ကျေးဇူးပဲ…"

"မင်းအရမ်းပင်ပမ်းလာသလိုပဲ…"

"ညက Night Duty လေ…တစ်ညလုံး ကလေးအယောက်
နှစ်ဆယ်မွေး ပေးခဲ့ရတယ်…တော်တော်မွေးနိုင်ကြတဲ့မိန်းမတွေ…
သူတို့ပဲ မနာကြဘူး…တချို့ဆို အသက်ကဆယ့်ခြောက် G4 တဲ့…
အပျိုတောင်ဖြစ်ရဲ့လားမသိဘူး…"

"G4 ဆိုတာ ဘာလဲမေ…"

"လေးယောက်မြောက်လေ…ကျွန်မသာဆို သေမယ်…
အကုန်လုံးမတတ်နိုင်တဲ့လူတွေချည်းပဲ…ကလေးကတော့ မွေးလိုက်
တာ…Contraception သုံးပါဆိုတော့ ကြောက်လို့တဲ့…အဲဒီတော့
ကလေးတွေကစိပ်လာ…အကြီးနဲ့အငယ် တစ်နှစ်ပဲကွာတော့ ကလေး
ကို ဂရုမစိုက်နိုင် မကျွေးနိုင်…အကြီးကလေးက PEM (အာဟာရ

www.burmeseclassic.com

www.burmeseclassic.com



ဓါတ်ချို့တဲ့ရောဂါ)ဖြစ်ပြီးတော့ Child Ward (ကလေးဌာန) ရောက်…ဟော…အကြီးနေကောင်းပြန်တော့ အငယ်ကDiarrhoea (ဝမ်းလျှော)ရပြန်ရော…အဲသ လိုနဲ့ ကလေးတွေထွားမလာကြတော့ ဘူး…ရှင်မွေးလွှန်းတွေလေ…"

သူ့ဟာသူပြောပြီး ရယ်နေသည်။

ကျွန်တော်ကတော့ ရယ်စရာဟုမထင်ပါ။ သူ့အသံတွင် မော ဟိုက်သံပါနေတာကိုသာ သနားနေမိသည်။ သူခဏနေရင် စာသွား သင်ရဦးမှာ ကျွန်တော်သိသည်လေ။ ဒါကြောင့် သူ့ကိုသနားနေမိ သည်။

"မင်း စာမသင်ပါနဲ့တော့လားမေ…"

"ဟင်…"

"ကြည့်ရတာ ပင်ပန်းလွှန်းလို့…"

"ဝတ္ထုရေးတာ ပိုက်ဆံသိပ်မရဘူးကိုကိုရဲ့…ဆေးခန်းကလည်း တစ်လနှစ်သောင်းပဲရတာ…စာသင်တာက တစ်လကို တစ်သိန်းခွဲ ရတယ်…ကျွန်မဝတ္ထုတိုတစ်ပုဒ်ရေးရင် ၂၀၀၀ပဲရတယ်…တချို့ မဂ္ဂဇင်းတွေက စာအုပ်သာထွက်တယ်…စာမူခရော စာအုပ်ရော… လာမပေးဘူး…အောက်ကျခံပြီးမတောင်းချင်ပြန်ဘူး…တကယ်… စိတ်ကုန်တယ်…ပိုက်ဆံများ သိပ်ရှာရခက်တာပဲ…တစ်ခါတစ်ခါ လက်ထဲမှာ နှစ်ရာပဲရှိတာမျိုး ခဏခဏပဲ…အဲသလိုနေ့မျိုးဆို ကျွန်မ ခေါက်ဆွဲပြုတ်တစ်ထုပ်ကို မနက်တစ်ဝက် ညတစ်ဝက်ခွဲသောက်ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်…အဲဒီလောက်ထိ ချွေတာရတယ်…နို့မို့…အိမ်ငှားခ လေးသောင်း၊ မီးဖိုး ရေဖိုးနဲ့ ကျွန်မဘယ်လိုတတ်နိုင်မလဲ…"

"အိမ်ငှားနေတာလားမေ…"

"အင်းလေ…ကျွန်မမှာ ပိုင်ဆိုင်တာ ဘာမှမရှိပါဘူး ကိုကို… အထင်မကြီးနဲ့ရှင်…"

"မင်းအတွက် MD ဘွဲ့က အဲဒီလောက်တောင် အရေးကြီး လား မေ…အစာချို့ငံခံပြီး ပညာဆက်သင်ရလောက်အောင်တော့ မဖြစ်သင့်ဘူး…မင်းဆရာဝန်တစ်ယောက်ပဲ…"

"ကျွန်မဘဝက ဆရာဝန်ပဲလေ…ကျွန်မသေတဲ့အထိ ဆရာဝန် ပဲလုပ်မယ်…ချို့ငံတာ ခုမှမဟုတ်ဘူး…ဆေးကျောင်းတက်ခဲ့တဲ့ တောက်လျှောက် ကျွန်မချို့ငံခဲ့တာပဲ…ဒုတိယနှစ်မှာ ပြဋ္ဌာန်းစာအုပ် ဘာမှမဝယ်နိုင်ဘူး…Part II မှာ ဂျူရှင်စုံအောင်မတက်နိုင်ဘူး… တချို့စာအုပ်တွေ ကျွန်မနာမည်ပဲကြားဖူးတယ်…မြင်တောင်မမြင်ခဲ့ ဖူးဘူး…အခု ပိုက်ဆံတွေရတော့မှ စာအုပ်တွေအစုံဝယ်ရတာ…တစ် အုပ်တစ်အုပ်ကို သောင်းနဲ့ချီတယ်…ကျွန်မ အချို့ငံမခံဘဲ အစာကောင်း ကောင်းတွေစား၊ အဝတ်အစားကောင်းကောင်းဝတ်…ဘာလုပ်မှာ လဲ…မေဘယ်လ်ဟန်စောရဲ့တန်ဖိုးဟာ မေဘယ်လ်ဟန်စောဝတ်တဲ့ အဝတ်အစား လက်ဝတ်လက်စားပေါ်မှာပဲရှိနေတယ်ဆိုရင် အဲဒါတွေ ဖယ်လိုက်တာနဲ့ မေဘယ်လ်ဟန်စောဆိုတာ ငပေါမကြီးဖြစ်သွားမှာ ပေါ့…ကျွန်မကြောက်တယ်…အဲသလိုမျိုး ဟန်ပဲရှိတဲ့မိန်းမမျိုး မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး…တန်ဖိုးဆိုတာ ပညာတစ်ခုကို သေချာတတ်ရမယ် ကိုကို… ကျွန်မ ရှေ့ဆက်အငတ်ခံရဦးမယ်…အချို့ငှဲခံရဦးမယ်…”

ကျွန်တော့်ရင်ထဲမှာ ပြောမပြတတ်အောင် ခံစားသွားရသည်။ ဒီလောက်စိတ်ဆန္ဒပြင်းပြတဲ့မိန်းမမျိုး၊ အသက်နှစ်ဆယ့်နှစ်နှစ်နှင့် မလိုက်အောင် လောဘတက်လွန်းသောမိန်းမမျိုး၊ ရုန်းရှုထက်မြက်သော ဦးနှောက်ကိုအသုံးချဖို့ အမြဲတွေးသောမိန်းမမျိုးကို ကျွန်တော် တစ်ခုခု ကူညီချင်ပါသည်။ ဥပမာ သူတက်ချင်သောကျောင်းအတွက် လိုအပ်မယ့် နိုင်ငံခြားငွေပမာဏကို ကျွန်တော် ပေးချင်သည်။

ပေးလိုက်လို့ကတော့ မိုးမီးလောင်မည်။

“ဘာပဲဖြစ်ဖြစ် ကိုယ့်ဘဝကိုယ့်ဖာသာအသိဆုံးမဟုတ်လား မေ…မင်းတစ်နေ့အောင်မြင်ပါလိမ့်မယ်…”

ကျွန်တော့်ကို သူ နှုတ်ခမ်းကလေးကော့ပြီး ပြုံးပြပါသည်။ ထိုအပြုံးသည် ထီမထင်ဆိုသောအပြုံးမျိုး။

“သူသေသွားပြီးတဲ့နောက်ပိုင်းမှာ ကျွန်မ စိန်ခေါ်တာတွေ ကြုံကြုံခံရင်ဆိုင်ခဲ့ရတယ် ကိုကို…ဘယ်နေ့ မှောက်ရက်လဲမလဲ… ဘယ်လိုအဆုံးအရှုံးမျိုးနဲ့ ဒလိမ့်ကောက်ကွေးရင်ဆိုင်ရပြီး ရှုံးနိမ့်သွားမလဲ…လောကကြီးထဲကနေ ခေါင်းငုံ့ပြီး မေဘယ်လိပ်ပြန်စောင့်မိုတဲ့ မိန်းမတစ်ယောက် မျက်ရည်စက်လက်နဲ့ ဘယ်အချိန်ထွက်ပြေးသွားမလဲ ဆိုတာကို စောင့်ကြည့်နေခဲ့ကြတဲ့မျက်လုံးတွေထဲမှာ ကျွန်မ မနဲရပ်တည်ခဲ့ရတယ်…မမေ့ဘူး…အဲဒီခံစားချက်ကို ကျွန်မမမေ့ဘူး… အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအတွက် တွန်းအားပဲ…ကျွန်မ တစ်ခါတစ်လေ သိပ်ပင် ပန်းပြီး အိပ်ရေးဝဝအိပ်ပစ်ချင်တယ်…ဒါပေမယ့် မအိပ်ရဲဘူး…တစ်နာရီစာမဖတ်တာနဲ့ တစ်နာရီ နောက်ကျသွားမယ်…အဲသလိုမျိုးပေါ့…"

ကျွန်တော့်လက်ထဲကဆွဲခြင်းကို ဆွဲယူကာ

"ကဲ…ရောက်ပြီ…"

"နေဦး မေ…"

"ဘာပြောဦးမလို့လဲ…"

"မင်း ဒီည ဘယ်အချိန်ပြန်ရောက်မလဲ…"

"အင်း…ဆယ့်တစ်နာရီ…"

"ကိုယ် စကားပြောချင်လို့ပါ…"

"ဖုန်းဆက်လိုက်လေ…"

တစ်ညနေလုံး ကျွန်တော် ကွန်ပျူတာရှေ့မှာ ထိုင်လိုက် ထလိုက်ဖြင့်…ဝင်လာသမျှ invoice တွေကို ဖိုတိုကူးဖို့တောင် စိတ်မပါ။ ကျွန်တော် ဘာလုပ်ရမလဲ။ သူ့အတွက် ဘာလုပ်ပေးရပါ့မလဲ။ ကျွန်တော်တစ်ခုခုလုပ်ပေးရင် သူလက်ခံပါ့မလား။

"လောကကြီးထဲကနေ ခေါင်းငုံ့ပြီး မေဘယ်လ်ဟန်စောဆိုတဲ့ မိန်းမတစ်ယောက် မျက်ရည်စက်လက်နဲ့ ဘယ်အချိန်ထွက်ခွါသွားမလဲ ဆိုတာကို စောင့်ကြည့်နေခဲ့ကြတဲ့မျက်လုံးတွေထဲမှာ…"

"တန်ဖိုးဆိုတာ ပညာတစ်ခုကို သေချာတတ်ရမယ် ကိုကို"

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်မ ရှေ့ဆက်အငတ်ခံရဦးမယ်...အချို့ငှဲခံရဦးမယ်..."

"တချို့စာအုပ်တွေ ကျွန်မ နာမည်ပဲကြားဖူးတယ်...မြင်တောင်မမြင်ခဲ့ဖူးဘူး..."

Littmann နားကြပ်ကို လည်ပင်းမှာချိတ်ထားသော သူ့ရုပ်ချောင်ကိုမြင်လာသည်။ ကာလပေါက်ဈေး ခုနစ်သောင်းခွဲရှိသော ထိုနားကြပ်ကိုဝယ်ဖို့ သူဘယ်လောက်အငတ်ခံခဲ့ရမလဲ။

အသီးအရွက်တွေ၊ ခေါက်ဆွဲတွေပဲစားတာ တကယ်တော့ သူချွေတာတာဖြစ်မည်။ ကျွန်တော် တွေးရင်း ရင်နင့်လာသည်။

လည်ပင်းနဲ့အတိကပ်နေသော ခရစ်ကတ်ဒ်ဆွဲကြိုးသည် ကျွန်တော်ခန့်မှန်းကြည့်သလောက် သူရောင်းစားပစ်လိုက်ပြီထင်သည်။

ရှက်တရက်ဖုန်းမြည်လာသဖြင့် စိတ်မပါ့တပါ ကောက်နားထောင်လိုက်သည်။

"တင်မောင်..."

"အေး...မင်းကို ငါမေးချင်လို့ဟန်စော..."

"ပြော..."

သူနဲ့ပတ်သက်တော့မှာ ကျွန်တော်သိသည်။ တင်မောင့်အသံ နဲနဲမူးနေသံ။

"ငါ့ကို အပြတ်ငြင်းလိုက်ပြီ..."

"ဘာကိုလဲ..."

"မင်းသိပါတယ် ဟန်စော...မေဘယ်လိုလဲ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့မဆိုင်ဘူးထင်တယ်..."

"ငါလည်းထင်တာပဲ...ဒါပေမယ့် ထင်တာတွေမှားသွား တယ်...ဘာရယ်မဟုတ်ပါဘူး...မင်း ဟန်စောကိုများ စိတ်ဝင်စား နေသလားလို့ ငါမေးမိတယ်..."

ကျွန်တော့်နားထင်တွေထဲ သွေးတွေ တဒိတ်ဒိတ်တိုးဝင်လ သည်။

"မင်းကို ဆွဲထည့်တာမဟုတ်ပါဘူးကွာ...ဒါပေမယ့်... ငိုင်သွားတယ်ကွ...အဲဒီမှာ ငါသိလိုက်တာပဲ..."

"မင်း ဘာကိုပြောချင်နေတာလဲ တင်မောင်..."

"ငါသူ့ကိုတန်ဖိုးထားပါတယ်ကွာ...မင်းသိအောင် ငါပြေ တာပါ...ငါတကယ်ခံစားရတယ်...မင်းကို အပြစ်လဲမတင်ပါဘူး... မင်းက ချမ်းသာတဲ့လူပဲ..ငါ့ထက်စာရင် သူပိုစိတ်ဝင်စားမှာ ငါသိ တယ်..."

"မဟုတ်ဘူး...မင်းမှားနေပြီ...မေနဲ့ငါ့ကြားမှာ မင်းထင်သ ဘာမှမရှိဘူး...ငါချမ်းသာတာကို မက်မောတဲ့မိန်းမမျိုးလဲမဟုတ် ဘူးကွာ...မင်း သူ့ကိုမစော်ကားပါနဲ့...သူ့ခမျာ မာနနဲ့ပဲ ရှန်း နေရတာ..."

"ငါသိပါတယ် ဟန်စော...သူ့ကို လေးစားပါတယ်ကွာ ငါဆုံးရှုံးသွားပေမယ့် မင်းနဲ့ဆိုရင် သူ့ဘဝလေး အေးချမ်းမယ် ငါယုံပါတယ်...Good Luck သူငယ်ချင်း..."

www.burmeseclassic.com

www.burmeseclassic.com


"ဟော့ကောင် ..."

ကျွန်တော်ထပ်ခေါ်သော်လည်း တင်မောင်ဖုန်းပိတ်လိုက်ပြီ။ ကျွန်တော်ဘာလုပ်ရမလဲ။ ကွန်ပျူတာစခရင်ပေါ်မှာ အမေရိကားကနေ ဝင်လာသော E-mail တစ်စောင်။ စာတွေဖတ်ကြည့်တော့ ကွန်ပျူတာအသစ်တွေထပ်မှာသော အမှာစာ။ ကျွန်တော် ခုနေဘာအလုပ်မှ စိတ်မဝင်စားတော့။ ချက်ချင်းပဲ ကွန်ပျူတာဒက်ရှ်ဘုတ်ပေါ် လက်ရောက်သွားသည်။

နောက်သုံးနာရီခန့်မှ ပြန်ဆက်သွယ်မည်ဟု စာရိုက်လိုက်သည်။ နာရီငုံ့ကြည့်တော့ ညဆယ်နာရီခွဲ။

နာရီဝက်တောင်လိုသေးသည်။

နာရီဝက်အတွင်း ကျွန်တော့်မှာ ငရဲခံနေရသလို ခံစားရသည်။

ထိုင်မရ၊ ထမရ။ ဗဒင်သီချင်းထဲကလို ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေသည်။ အဲလေ။ မနိုင်းကောင်းပါဘူး။ ဖုတ်လိုက်ဖုတ်လိုက် ဆိုတာ အသက်ငင်နေတာကို ဆိုလိုသည်မဟုတ်လား။

ဒါဆို ခုတလောခေတ်စားတဲ့ အိုင်စီအဖွဲ့ရဲ့ စောဘွဲ့မှုုးသီချင်းကို version လုပ်ထားသော ရောဂါပေါ့။ အင်း။ ရောဂါ။ ရောဂါ ...။ ဒါဘာရောဂါပါလိမ့်။ သီချင်းထဲမှာတော့ ရောဂါအမိပ္ပါယ်ကိုဖွင့်မပြထား။ ဒေါက်တာမေဘာယ်လ်ဟန်စောရောက်လာမှပဲ မေးတော့မည်။

What is disease? (ရောဂါဆိုတာဘာလဲ)

နာရီဝက်သည် ကျွန်တော့်အတွက် ပင်ပန်းဆင်းရဲလွန်းလှပါ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ ငိုချင်သလိုလို ရယ်ချင်သလိုလိုဖြစ်လာသည်။

**ရွှေရာပေါ် ခေါင်းထိုးအိပ်တော့လဲ မရ။**

*ပဿ…ဒုက္ခပဲ။ ဘယ်ဘဝကဝဋ်ကြွေးလဲမသိပါဘူးကွာ။* ဆယ့်တစ်နာရီထိုးပြီဟု နာရီကပြသောအချိန်တွင် ကျွန်တော်သည် တုန်လှုပ်သောလက်ချောင်းများဖြင့် ဖုန်းကိုကိုင်လိုက်သည်။ ပြီးတော့ ဖုန်းခလုတ်တွေကို တစ်ခုချင်းနှိပ်သည်။

"တီ…တီ…"

ဘယ်နှစ်ခါများမြည်ပြီး လာကိုင်မယ့်သူမရှိမှာကို စိုးသောစိတ်သည် ငလျှင်ကဲ့သို့ ပြင်းထန်လှသည်။

"ဟဲလို…အမိန့်ရှိပါရှင်…"

"မေ…"

"ပြော်…ကိုကို…"

"ဘယ်တုန်းကပြန်ရောက်လဲ…"

"နာရီဝက်လောက်ရှိပြီ…အိပ်တော့မလို့ အရမ်းအိပ်ချင်ပြီ…မနက်ကျမှပြောတော့နော်…ဂွတ်ဒ်နိုက်…"

ကျွန်တော် ဘာမှမပြောရသေးခင် ဖုန်းချသွားသည်။ ကျွန်တော့်တစ်ကိုယ်လုံး…ရုတ်တရက်ပူလာလေသည်။

စိတ်ညစ်ညူးစွာ ဖုန်းချလိုက်သည်။ ပြီးတော့ ရေချိုးခန်းထဲဝင်ကာ ရေတွေ ခေါင်းပေါ်ကလောင်းချလိုက်သည်။ ရင်ထဲကအပူက ပျောက်မသွားဘဲ ပိုဆိုးလာသည်။ ရေချိုးခန်းနံရံကိုမှီကာ…စိတ်

www.burmeseclassic.com

www.burmeseclassic.com



ခါတ်တွေအကြီးအကျယ်ကျလျက်ရှိသည်။

မဖြစ်ဘူး။ ဒီညပြောမှ။ ဒီညမှမမေးရရင် မဖြစ်ဘူး။

ကျွန်တော် သူ့အခန်းဘက်ကူးသွားကာ တံခါးခေါက်လိုက်သည်။

တံခါးကြားမှာပေါ်လာတာက အိပ်ချင်မူးတူးဖြစ်နေသော သူ့မျက်နှာ။

"ဘာတုန်းကိုကို...ကျွန်မသိပ်အိပ်ချင်နေပြီ..."

တံခါးကို ကျွန်တော့်လက်နဲ့တွန်းကာ အတွင်းသို့ဝင်လိုက်သည်။ အတန်ငယ်မှေးနေသော သူ့မျက်လုံးများကျယ်သွားသည်။ ကျွန်တော် သူ့ပခုံးနှစ်ဖက်ကိုကိုင်ကာ မျက်နှာချင်းဆိုင်လိုက်သည်။

"မင်းကိုမေးစရာရှိတယ် မေ..."

"ဒီအချိန်ကြီးမှ...ကျွန်မ မနက်ခြောက်နာရီ စာသွားသင်ရဦးမယ်...သိရဲ့လား...အိပ်တဲ့အချိန်လာနှိုးတာ ပြဿနာရှာတာပဲ..."

"မင်းကိုယ့်ကို စိတ်ဝင်စားသလားမေ..."

ထိုမေးခွန်းမှာ သူ့မျက်နှာသည် ရုတ်တရက်ငြိမ်ကျသွားသည်။

"ရှင်ရူးနေလား..."

"ဟုတ်တယ်...ကိုယ်ရူးနေပြီ...ကိုယ်မင်းကို စတွေ့ကတည်းက ရူးတာ မေသိရဲ့လား...မင်းသိမှာပါမေ...မင်း တင်မောင်ကို ဘယ်လိုဖြေလိုက်သလဲမေ..."

"ရှင် ဘာတွေလာမေးနေတာလဲ...ကျွန်မ ရှင်တို့ကိုပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ရှင်တို့က ဘယ်အဆင့်ထိ နှိမ်ပစ်လိုက်ကြတာလဲ…ဟင်…ရက်စက်လှချည်လား…ရှင်တို့တွေးနေတဲ့အတွေးတွေက ကျွန်မကို ဘယ်လောက်နာကျင်စေသလဲသိရဲ့လား…"

ကျွန်တော့်လက်တွေကိုပုတ်ချကာ စိတ်ဆိုးမာန်ဆိုးဖြင့် သူ အနီးရှိဆိုဖာတစ်ခုမှာ ဝင်ထိုင်သည်။

"ကိုယ် စိတ်လောသွားတယ်မေ…ဆောရီး…ကိုယ်အကြိမ်ကြိမ်ပြောခဲ့ပြီးသားပါ…ကိုယ် မင်းရဲ့ဘေးမှာ နေပါရစေမေ…ကိုယ့်ကိုခွင့်ပြုပါ…ဟင်…မင်းသိပ်ပင်ပမ်းလှပြီ…ကိုယ်မကြည့်ရက်ဘူး…"

"တော်တော့…"

"မတော်နိုင်ဘူး…"

"ကျွန်မစိတ်တိုလာပြီနော်…"

"ကိုယ်ပြောချင်တာ ပြောခွင့်ပြုပါမေ…"

"မပေးနိုင်ဘူး…ထွက်သွား…ကျွန်မအိမ်ထဲကထွက်သွားပါ…"

သူ ကျွန်တော့်ကို နီးစပ်ရာစာအုပ်တစ်အုပ်နဲ့ ကောက်ပေါက်လေသည်။ ရုတ်တရက်မို့ရှောင်လို့မလွှယ်။

စာအုပ်က ကျွန်တော့်ရှေ့တည့်တည့်မှာပြုတ်ကျ၍ ကန့်ကောက်လိုက်သည်။ ပြီးတော့ သူ့ကို ခပ်အေးအေးကြည့်၍…

"ကိုယ့်ကို မမုန်းပါနဲ့မေ…ကိုယ် မင်းမုန်းမှာကြောက်တယ်…"

www.burmeseclassic.com

www.burmeseclassic.com


သူ ကျွန်တော့်ကိုစူးစူးစိုက်စိုက်ကြည့်ကာ

"ထွက်သွားလို့ ကျွန်မပြောနေတယ်နော်…"

ဟု သွားစေ့သံနှင့်ပြောသဖြင့် ကျွန်တော်ပြန်ထွက်လာခဲ့သည်။ ထိုယံ့အခန်းထဲရောက်တော့ လက်ထဲမှာ သူပစ်ပေါက်လိုက်သော စာအုပ်ပါလာတာတွေ့ရသည်။ ဘာရယ်မဟုတ် အိပ်ရာထဲမှာလှဲရင်း စာအုပ်ကို ဖွင့်ကြည့်ဖြစ်သည်။

"စာရေးဆရာမ…

မောင်စိန်ဝင်း ပုတီးကုန်းကတော့

အင်းလျှားလိတ်ဟော်တယ်မှာ စာရေးတယ်တဲ့…

နင်ကရော…(ဗွက်အိုင်ထဲမှာ)

သူများတွေက ကျွဲမလို့ခေါ်ကြတယ်…

မခေါ်တော့ပါဘူး အားနာလို့…

ငါ့သူငယ်ချင်း အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာ ဆရာဝန်မ ဖြစ်ပါစေ…"

သူတို့ Part II တုန်းက နောက်ဆုံးနှစ်အမှတ်တရထုတ်သော စာအုပ် ဖြစ်သည်။ အထဲမှာ လက်ရေးမျိုးစုံတွေ့ရသည်။

"ကျွန်မက သာမန်မိန်းမ မဟုတ်ဘူး…

ကျွဲမ…

(ဂျီပေါက်နေလို့)

မှားလို့…အဲလေ…စာရေးဆရာမ…ဟဲဟဲ…ကွိကွိ…

www.burmeseclassic.com

www.burmeseclassic.com



ဟု သူ့ခါတ်ပုံဘေးမှာ ပန်းချီလက်ရေးနှင့် ရေးထားတာတွေ့သဖြင့် ပြုံးမိသည်။ သူ့ကို တော်တော်နောက်ထားတဲ့ စာတွေချည်းပဲ။

"စာရေးဆရာမရေ…

ကလောင်သွားက ခါးသွားထက်ထက်၏တဲ့…

ငါ့အိမ်ကခါးတွေတုံးရင် ကူညီပါ…

မှတ်ချက်။ ။ Prof: ဦးကျော် (Surgery)နှင့်ဆီက ခါးလာတောင်းပြီး ခွဲနေဦးမယ်…"

**"စာရေးဆရာမ…**

**စာပေလောကမှာ အောင်မြင်ပါစေ…"**

"အလွန်တရာမှ ထင်ရှားကျော်ကြားလှသော အသင်စာရေးဆရာ ဆရာဝန်မ၏ စာအုပ်ထဲတွင် အော်တိုရေးခွင့်ရသော ကျွန်ုပ်သည် သင့်ထက် ပိုတော်သည်မှာ သံသယရှိစရာမလို…"

**"နင် တစ်နေ့ အရမ်းအောင်မြင်သွားရင် ငါတို့အတူပေါ်ခဲ့တဲ့ အချိန်တွေကို မမေ့နဲ့နော်…"**

**"ကျွဲမ…**

**နင့်အသားကို နောက်ဆယ်နှစ်မှာ ဒီတိုင်းမမြင်ချင်ဘူး… တစ်**

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံး အကြိမ်တစ်ရာ ပေါင်းတင်ထားပါ…"

"ကျွဲမ…
နင် ငါ့ကိုကြိုက်တာ ငါသိတယ်…
စက်တာက ကျွဲမရယ်…
ငါ့မှာ ချစ်ဦးသူရှိနေပြီ…
နင့်ကိုအားတော့နာပါတယ်…
တကယ်လို့ နင်သူ့ကို ဂျိမ်နဲ့စတ်လို့
သေသွားရင်တော့…
ငါ နင့်ကို စဉ်းစားပါ့မယ်…"

"ကျွဲမ…
တစ်နေ့မှာ နင့်အသားဖြူသွားရင်…
ငါ့ကိုလည်း မမေ့နဲ့ဦးနော်…
မဲဖော်မဲဖက်လေ…"

နှစ်ဆယ်ကျော်ကလေးများ၏ နောက်ထားပြောင်ထားချက်များကို ဖတ်ပြီး ကျွန်တော်ရယ်မိသည်။ စာစောကပ္ပပင်များ ခဏ ပျောက်သွားသည်။ သူသည် တစ်တန်းလုံးမှာ တစ်ယောက်ထဲသော စာရေးဆရာမဖြစ်ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာမ ပဠုမပဟုရေးထားတာ အများကြီးပါသည်။

"ကျွဲမရေ...

အချိန်ရတိုင်းကိုက်တာတဲ့နင့်ကို ငါသတိရပါ့မယ်...ကျောင်း အမြဲပြေးပြီး Supply မထိလို့ အုံညြဖွယ်ရာများထဲမှာ နင့်ကိုတစ်ခု အဖြစ် ငါထည့်သွင်းထားပါတယ်...

ဒီတစ်ခါ $S_x$ ဖြေရင် ဦးခင်ထွန်းနဲ့ဖြေရင်ရင် (အဲလေ...) မှားလို့...ဒါပေမယ့် နင်ဘယ်လိုပဲဖြေဖြေ စာမေးပွဲအောင်တာ...ငါ့ ကို ပဠလက်အဆောင် နဲနဲမျှပါ..."

"ကျွဲမ..

ကျွဲထီးရှာတော့လေ...

ကျွဲကြီးကတော့ နေစပ်ပြီးသွားပြီ...

နင့်ကျွဲထီးနဲ့ယှူရင် ငါတို့ ဗွက်အိုင်တစ်ခုလက်ဖွဲ့ပါ့မယ်..."

"စာရေးဆရာမ...

သွက်လက်ထက်မြက်တဲ့နင့်ကို အမြဲတမ်းအောင်မြင်စေချင်ပါ တယ်..."

"စာအုပ်တွေမနားတမ်းရေးသော၊

စကားလုံးကြီးကြီးတွေပြောသော၊

www.burmeseclassic.com

www.burmeseclassic.com



ထက်ထက်မိုးဦးနှင့် ညီအစ်မဟုထင်ရလောက်သော၊
အမြဲတမ်း Active ဖြစ်သော
နင့်ကို အရာရာ အောင်မြင်စေချင်ပါတယ်"

"နင့်ကို လောကတိုင်းမှာအောင်မြင်စေချင်တယ်…
ဆရာဝန်လောက
စာပေလောက
စီးပွားရေးလောက
အိမ်ထောင်ရေးလောက…"

"ဘဝရဲ့အချိုးအကွေ့တွေကို
စံနိုင်ရည်ရှိလို့လေးစားတယ်
သူငယ်ချင်း…
ရန်ကုန်ရောက်ရင် လာလည်မယ်နော်…
ငါ့ကိုမသိချင်ဟန်ဆောင်မနေနဲ့…
နင်က ခပ်တည်တည်နဲ့ နောက်တတ်တယ်လေ…"

"နင့်နာမည်ရင်းက ကျွဲမ
ကလောင်နာမည်က မှောင်…
မော်ဒန်တွေရေးတဲ့ စာရေးဆရာမရေ…

www.burmeseclassic.com

www.burmeseclassic.com



နှင်းအတင်းလိုက်ရောင်းခဲ့တဲ့ ကဗျာစာအုပ်တွေကို
ငါအားတတ်တရ ချောင်ထိုးထားပါတယ်…"

"လူနားမလည်တာတွေရေးတဲ့
မော်ဒန်စာရေးဆရာမ…
နှင်းမင်္ဂလာဆောင်ရင်…
အနီရောင်ပိတ်စလက်ဖွဲ့မယ်…
ကျွဲဆိုတာ အနီရောင်လိုက်ခွေ့တယ်တဲ့…
နှင်းစိတ်ဆိုးပြီး နှင့်ကျွဲထီးကို လိုက်မခွေ့နဲ့နော်…"

"မေဘယ်လ်ဟန်စော…
မစွစ်ဟန်စော ဘယ်တော့ဖြစ်မှာလဲ…
ဒီတစ်ခါကျွေးရင် Traders' မှာပဲစားချင်တယ်နော်…"

"နှင့်ကို ချီးကျွေးပါတယ်…(အဲလေ)
ချီးကျူးပါတယ်…
ကိုယ်ပိုင်ဝင်ငွေနဲ့ ကျောင်းတက်တဲ့သူငယ်ချင်း
ရှေ့ဆက် အောင်မြင်ပါစေ…"

"ကျွဲမ…

www.burmeseclassic.com

www.burmeseclassic.com


ငါတို့အတန်းရဲ့ တစ်ဦးတည်းသော စာရေးဆရာမကို
မှောင်ဆယ်နှစ်မှာ ကျွဲပေါက်လေးတွေနဲ့ တွေ့ပါရစေ...
ငါ့ကိုလိုက်တော့မရှေ့နဲ့နော်..."

"စာရေးဆရာမ...
ဒီတစ်ခါ ဦးစိန်ဝင်းနဲ့ Surgery ဖြေရရင်...
Hernia (အူကျွံရောဂါ)ကို
Herniqplasty မလုပ်လိုက်နဲ့ဦး...
တော်ကြာ Prolene Suture ဘာရောင်လဲ မေးနေဦး
မယ်..."

"ကျွဲမ...
တွေဝေပြာတတ်သော၊
စာအုပ်အကြီးကြီးတွေ ခေါင်းအုံးအိပ်တတ်သော၊
သားရေကျပြီး ခြေထောက်နဲ့ကန်တတ်သော
နင့်ကို အဆောင်မှာ
လာအိပ်တာလုံးဝလက်မခံပါ"

"စာရေးဆရာမ
နင်ချက်ကျွေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြက်သား နေ့ကျိုကျို…

ခေါက်ဆွဲပျော့ဖတ်ဖတ်…

ရန်ကုန်ကြက်ဥမွှေကြော် (အခွံတွေပါကြော်ထားသော)

တို့ကို နင့်ယောကျ်ားရမှ

ထပ်ချက်ကျွေးနော်…”

စာအုပ်ကို ပိတ်လိုက်သည့်တိုင်အောင် စကားလုံးများက ကျွန်တော့်ကို ဖမ်းစားဆဲဖြစ်သည်။

ဒါကြောင့် သူစိတ်ညစ်တာနေမှာ။ သူစာမရရင် စာရေးဆရာမ ဆိုပြီး ဆရာတွေကပွမ်းတော့တာ၊ ဝတ္ထုပဲရေးနေလို့ဆိုပြီး ဆူခံရတာ။ တကယ်တော့ သူ့မှာ စာကျက်ချိန်ရှိပုံမရပါ။

စာဖတ်ချိန်မှာ ခေါင်းထဲဝင်သမျှနှင့် သူစာမေးပွဲအောင်ခဲ့ပုံရ သည်။ သူ့မှာ ကျောင်းတက်ဖို့ ပိုက်ဆံတစ်ဖက်ကရှာနေရတာနဲ့ပဲ အချိန်တွေကုန်နေတာဖြစ်သည်။

သူ့ခါတ်ပုံလေးကိုကြည့်ပြီး ကျွန်တော် မနက်ဖြန်မိုးလင်းစေချင် စိတ်ပေါက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းပိုင်းမှာ မေ့ခနဲအိပ်ပျော်သွားသဖြင့် ကျွန်တော် နိုးလာချိန်မှာ မနက်ဆယ်နာရီထိုးနေပြီ။

ကွန်ပျူတာ Workload ကို ညက လုပ်ဖို့ မေ့သွားသဖြင့် စစ်ဆေးကြည့်ရသည်။ အီးမေးလ်တွေဝင်ထားတာ ဆယ်စောင်ကျော်သည်။ ခေါင်းနဲနဲကြည်သွားပြီဖြစ်၍ ချက်ချင်းစာပြန်ရန် ပြင်ဆင်ရသည်။ စီးပွားရေးဆိုတာ အခွင့်အလမ်းနှင့်လာတာမျိုး။ အခွင့်အလမ်း ရတုန်း ယူထားမှ။

စာတွေပြန်ပြီးတော့ ကျွန်တော် ဗိုက်ဆာ၍ အနားရှိဆိုင်တစ်ဆိုင် ဖုန်းဆက်ကာ ပုဇွန်အစိမ်းသုတ်မှာလိုက်သည်။

ထို့နောက် ထမင်းအေးအေးဆေးဆေးစားရင်း ညကမခင် မခြင်မေးခဲ့မိတာအတွက် ဘာဆက်လုပ်သင့်လဲ စဉ်းစားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆေးရုံလိုက်သွားချင်စိတ်ရှိသည်။

လိုက်သွားရင် စိတ်ဆိုးမလား။

ဘာပဲဖြစ်ဖြစ် အခုက ကျွန်တော်လိုက်နေမှန်း သူသိနေပြီဖြစ်၍ ပြေးပော့မှာဖြစ်သည်။ စိတ်ထဲမှာ အဲဒါကိုသိနေသည်။ သူထွက်ပြေးလိုစိတ်ဖြင့် ကျွန်တော့်ကို ငြင်းဆန်မှာသေချာသည်။

ကျွန်တော် အခန်းတံခါးသော့ခတ်နေတုန်း ခြေသံကြားရသဖြင့် လှည့်ကြည့်လိုက်တော့ မိန်းမတစ်ယောက်နှင့် ကလေးတစ်ယောက်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲခင်ဗျာ..."

"မေဘယ်လ်နဲ့လေ..."

"သူဆေးရုံသွားတယ်ခင်ဗျ..."

"ဟုတ်လား...အိမ်လခက တစ်လကျော်နေပြီ...လာတိုင်း ဆေးရုံသွားတာပဲ တိုးနေတယ်..."

"ဟို...ကျွန်တော့်အခန်းထဲ ခဏဝင်ထိုင်ပါလားခင်ဗျား..."

"ဘာဖြစ်လို့လဲကွဲ့..."

"မေဘယ့်လ်အိမ်ခန်းခတွေ သိချင်လို့ပါ...ကျွန်တော့်ကို သူမှာသွားလို့ပါ..."

"ဪ...ဟုတ်လား...တော်သေးတာပေါ့..."

ထိုမိန်းမကြီးက အိမ်ခန်းငှားသည့်စာချုပ်ထုတ်ပြသည်။

"ရှေ့ခြောက်လစာထပ်ပေးရဦးမယ်..."

"ဒါဆို...နှစ်သိန်းလေးသောင်းပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..."

"ကျွန်တော် တစ်နှစ်စာပေးလိုက်မယ်..."

"အင်...တကယ်လား..."

"တကယ်ပါ...လေးသိန်းရှစ်သောင်းပေါ့အန်တီ...စာချုပ်ထဲမှာ ဖြည့်လိုက်ပါဦး...ကျွန်တော် ပုံစံတူတစ်ရွက် ရိုက်လိုက်ဦးမယ်...လက်ခံထားမလို့...မေက သူ့စာချုပ် မထားခဲ့ဘူး..."

"အို...ရပါတယ်...ရပါတယ်..."

ကျွန်တော် ငွေရှင်းပြီးနောက် မှာရသေးသည်။ မေကမေးမှပြောရန်နှင့် မေ့ဆီ နောက်နောင် အိမ်ငှားခလာတောင်းလျှင် ကျွန်တော့်ဆီတောင်းရန်ဖြစ်သည်။

"မောင်လေးနဲ့က ဘာတော်လဲ..."

"ကျွန်တော့်နေ့းလောင်းပါ..."

"ဩော်...ဩော်...ဒါနဲ့ မောင်လေးက ဘာလုပ်လဲဟဲ့..."

"အင်း...အရောင်းအဝယ်ပေါ့ခင်ဗျာ..."

"ကောင်းတာပေါ့ကွယ်...ဟဲဟဲ..."

ထိုမိန်းမကြီးပြန်ဆင်းသွားပြီးနောက် ကျွန်တော် အပြင်ထွက်ရန်အဝတ်အစားကို ဖျက်လိုက်သည်။

အိမ်ထဲမှာပဲနေပြီး ဆိုင်ကိုဖုန်းတစ်ချက်ဆက်သည်။

"ဆိုင်မှာ စာရေးဆရာမ သမ္ဘူလရောက်နေတယ်..."

ဟု ကောင်မလေးတစ်ယောက်က ပြောသဖြင့် ကမန်းကတန်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်ရသည်။ ဆိုင်ရောက်တော့ ဆိုင်ပေါက်ဝကိုကျောပေး၍ သူ ထိုင်ရေးနေသည်။ ကျွန်တော်က သူ့အော်တိုထဲမှာ စာတွေကို သတိ ပြီး ပြုံးမိသေးသည်။ ဗွက်အိုင်ထဲမှာ စာရေးတဲ့ စာရေးဆရာ ဒီလိုဆို ကျွန်တော့်ဆိုင်က ဗွက်အိုင်ဖြစ်ရပြီ။ အဲဒီထက်ပိုဆိုးတာ သူ့ကို သူငယ်ချင်းများက ကျွဲမဟုခေါ်ကြသည်။ ကျွန်တော်တေ ဒီတစ်ခါမှ လူစင်စစ်က တိရိစ္ဆာန်ဘဝရောက်ရပြီထင်သည်။

"ကျွဲမ..."

ကျွန်တော့်ခေါ်သံကြောင့် စာရေးနေရာကနေ သူမော့ကြ သည်။

"ရှင်ဘယ်လိုခေါ်လိုက်တယ်..."

"ကျွဲမလို့လေ...ဒီစာအုပ်ထဲမှာ မင်းသူငယ်ချင်းတွေက ကျွဲ လို့ခေါ်ထားကြတယ်..."

သူက ကျွန်တော့်လက်ထဲက စာအုပ်ကိုဆွဲယူကာ

"ဘယ်ကလာ...အဲဒီကျွဲမဆိုတာ ကောင်လေးတွေ တာ...အတန်းထဲကကောင်လေးတွေက အဲသလိုပဲ...လိုက်နာမ ဖျက်နေတာ...အတန်းထဲမှာ ပေါင်ကြီး၊ သရဲကြီး၊ အရိုင်း၊ ငှက် ကြော်၊ ခွေးကြီး၊ ဘောကြီး၊ ဘဲဥ၊ ကြက်ဖ အကုန်ရှိတယ်...ကျွ သူငယ်ချင်းကောင်မလေးတွေက စုတ်ဖောင်းလို့ခေါ်တာ..."

"စုတ်ဖောင်း..."

"အင်း...ကျွန်မဆံပင်တွေက ရှုပ်ပွနေပြီး အိပ်ရေးဝတဲ့အ

www.burmeseclassic.com

www.burmeseclassic.com

ပါးက အရမ်းဖောင်းနေတတ်တယ်…ချစ်စနိုးနဲ့ခေါ်တာလေ…"

"ကိုယ်လည်း ခေါ်လို့ရလား…"

"ရှင်က သူငယ်ချင်းမှမဟုတ်တာ…"

ကျွန်တော် သူ့နားကခုံတစ်ခုံမှာ ဝင်ထိုင်လိုက်သည်။

"မင်း ဆေးရုံမသွားဘူးလား…"

"ဟင့်အင်း…ဒီနေ့နားရက်…Off လေ…"

"အိမ်မှာ ဘာလို့မရေးတာလဲ…"

"အမှန်အတိုင်းပြောရရင် အိမ်လခတောင်းမှာစိုးလို့…ပိုက်ဆံ မပြည့်သေးဘူး…စာအုပ်နှစ်အုပ်ဝယ်လိုက်လို့ လျော့သွားတာ…"

ကျွန်တော်ပေးပြီးမှန်း သူမသိသေး။

"ကိုယ်ချေးရမလား…"

"မလိုပါဘူး…"

"လိုတဲ့အချိန်ကျရင် ချေးချင်စိတ်ပေါက်လာမှာပေါ့…"

သူ ကျွန်တော့်ကို ခပ်စူးစူးတစ်ချက်ကြည့်ကာ မကျေမနပ်ဖြင့် တစ်ဖက်ပြန်လှည့်သွားသည်။

"ဟင်…မေ…တကယ်ပြောတာ…ကိုယ် ချေးမယ်လေ"

"ကျွန်မအတိုးမပေးနိုင်ဘူး…"

"ရတယ်…ကိုယ်အရမ်းချေးချင်နေတာမို့ပါ…"

"ကျွန်မ စိတ်ဆိုးလာပြီနော်…ရှင်…ညကလဲ ပြဿနာရှာ ပြီးပြီ…အခုလဲ လာရှာပြန်ပြီ…စိတ်ရှုပ်ရတဲ့အထဲ…ဒီဝတ္ထုပြီးရင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခြောက်သောင်းရမယ်…ဒါပဲ…အဲဒါအဓိကပဲ…မလိုဘူး… ဘယ်သူ့ဆီကမှ မချေးဘူး…အကြွေးရှင်ဆိုတာ မပေးနိုင်တဲ့အချိန်ဆို ပိုတောင်းတတ်တယ်…ကျွန်မ အကြွေးယူတာမုန်းတယ်…"

ကျွန်တော်ပေးထားမှန်းသာသိလျှင် သူ ဗွေ့ဗွေ့ခုန်နေတော့မည်။

"ထမင်းစားပြီးပြီလားမေ…"

"ကော်ဖီတစ်ခွက်တောင် ၅၅ဝိ/-ဟာကို…ကျွန်မမှာ ပိုက်ဆံ သိပ်မရှိလို့ မစားနိုင်ပါဘူး…"

"ကိုယ်ကျွေးမယ်လေ…"

"စားမှာပေါ့…"

"ထမင်းကျကော့စားတယ်…"

"စားမှာပေါ့…ရှင် ကျွန်မဆီမှာ လာကပ်စားတာ အနပ်ပေါင်း နဲ့မှမနဲပဲဥစ္စာ…"

ဘယ်လောက် ဘဲစားဘဲချေဆန်တဲ့မိန်းမလဲလို့။ ကျွန်တော် ရယ်ချင်စိတ်ကို တော်တော်ထိန်းသိမ်းထားရသည်။

"ဘာဟင်းနဲ့စားမလဲ မေ…"

"ကြက်နှာနတ်…"

"ဒါပဲလား‥"

"တော်ပြီ…"

"ဟင်းချိုတို့ အရွက်ကြော်တို့ မှာလေ…"

"တင်ပူရာရမလား…"

www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်လို့လား…"

"အင်း…"

"ရမယ်…"

"ပြီးရော…သိပ်မမှာပါဘူး…ဈေးကြီးတယ်…"

ကျွန်တော်နဲ့သူ ထမင်းလက်ဆုံစားခဲ့သောအကြိမ်များစွာအနက် သူ့ရဲ့ မရှိမဲ့ရှိမဲ့ငွေနဲ့ ချေတာချက်စားရသော ထမင်းနပ်ပေါင်းများစွာထို ပိုသဘောကျပါသည်။ အမြင်အားဖြင့် မလှပသော်လည်း တန်ဖိုးအားဖြင့် မကြီးမားသော်လည်း စေတနာကိုအခြေခံ၍ ကျွေးတာမို့ ကျွန်တော်ပိုတန်ဖိုးထားသည်။

တစ်နေ့နေ့တော့ ပြောပြဖြစ်မည်။

မင်းချက်ကျွေးတဲ့ထမင်းဟင်းကို တသက်လုံး ကိုယ်စားရရင် သိပ်ကောင်းမှာပဲ မေလို့။

ဒါပေမယ့် သူက အဲဒီလောက်ထိ ယောကျ်ားတစ်ယောက်ကို အောက်ကျခံပြုစုဖို့အချိန်အားတဲ့ မိန်းမမဟုတ်။ သူ့မှာ အချိန်တွေ ရှားပါးလွန်းသည်။

"အပြန်ကို ဘာနဲ့ပြန်မှာလဲမေ…"

"ဘတ်စ်ကားနဲ့ပေါ့…"

"ကိုယ့်ကားနဲ့လိုက်ခဲ့ပါလား…"

"ရတယ်…"

"မလိုက်ချင်လို့လား…"

www.burmeseclassic.com

www.burmeseclassic.com



"…"

"ကိုယ့်ကို ညက သိပ်စိတ်ဆိုးသွားမှန်းသိပါတယ်…"

"အဲဒါကြောင့်မဟုတ်ပါဘူး…ကျွန်မ စာအုပ်တစ်အုပ် ဝ
စရာရှိလို့…"

"ရတယ်လေ…ဘယ်မှာဝယ်မှာလဲ…ကိုယ်စောင့်ပေး
မယ်…"

"အသစ်မဟုတ်ဘူး၊ အဟောင်း…ဘာသာပြန် တစ်အုပ်ပဲ
ဂျပန်ဝတ္ထု…သွေးမြေခစေဦးတော့ ဆိုတဲ့ဝတ္ထုလေ…ကျွန်မဆီ
ပထမအုပ်ပဲရှိလို့…ဇာတ်လမ်းက အရမ်းကောင်းတယ်…ဆက်
အကြောင်းရေးထားတာ ရဲဇဝင်ပါပါတယ်…အဲဒီထဲကမင်းသမီး
မင်းသား နောက်ဆုံး ဘာဖြစ်သွားမလဲဆိုတာ ကျွန်မအတွက် အ
အရေးကြီးနေတယ်…"

"ဂျပန်ဝတ္ထုတွေ မင်းတော်တော်ကြိုက်ပုံရတယ်နော်…
သာပြန်ရင်လဲ ဂျပန်ဝတ္ထုတွေများတယ်…ဝတ္ထုအရှည်မှာလည်း မင်
လွှမ်းမိုးပုံရတယ်…ဒါကြောင့် မင်း ဝတ္ထုတွေက ထူးခြားနေတာ
စာရေးဆရာဆိုတာ Image (ပုံရိပ်)တစ်ခုတော့ မိနေရမှာအမှန်ပဲ…

"ကျွန်မ အရင်ဘဝက ဆာမူရိုင်းဖြစ်ခဲ့မယ်ထင်တယ်…"

"ဆာမူရိုင်း…"

"အင်း…စိတ်ထဲမှာသိနေတယ်…ဘယ်လိုပြောမလဲ… ကို
နဲ့ဂျပန်ယဉ်ကျေးမှုအငွေ့အသက်တွေနဲ့ အရမ်းရင်းနှီးနေတယ်

www.burmeseclassic.com



ဆာမူရိုင်းစိတ်ဓါတ်ကို အရမ်းသဘောကျတယ်…ဘယ်အရာကိုမဆို ဂုဏ်သိက္ခာကိုရှေ့တန်းတင်တာ…သူရဲကောင်းစိတ်ဓါတ်နဲ့ အနစ်နာ ခံတာ ဖွဲ့ရှိတာ…ရန်သူကို ဓါးတစ်ချက်တည်းနဲ့ အသေသတ်ပစ်တာ တွေက ပြတ်သားတာပေါ့နော်…အဲဒီသဘောကို လေးစားတယ်… ဆာမူရိုင်းဆိုတာ ဂျပန်ရဲ့ ပုံရိပ်ပဲ…"

"The last Samurai ကားကြည့်ပြီးပြီလားမေ…"

"တွမ်ခရုစ်လား…အင်း…ကြိုက်တယ်…တွမ်ခရုစ်ကို ဗင်လဲ ဒီးယန်းစကိုင်းမှာ မကြိုက်ဘူး…The last Samurai မှာ ကြိုက် တယ်…ဂုဏ်သိက္ခာဆိုတာ လူ့ဘဝမှာ နပါတ်တစ်ပဲလေ…ဂုဏ်သိက္ခ ာရှိဘဲနဲ့…အသက်ဆက်ရှင်ဖို့ဆိုတာ အဓိပ္ပါယ်မှမရှိဘဲ…ဘာကြောင့် ပဲ ကိုယ့်ဂုဏ်သိက္ခာကို စွန့်လွှတ်လိုက်ရပါစေ…ပြန်ယူရဲတဲ့သတ္တိရှိ ရမယ်…ကျွန်မ The last Samurai ကိုကြည့်ပြီးတော့…စိတ်ဓါတ် အားတက်လာတယ်…အဲဒီအချိန်က ကျွန်မဘဝမှာ အဆိုးဆုံးအချိန် လေ…သူသေသွားတယ်…Part II စာမေးပွဲတွေ ဖြေရတယ်…လက် ထဲမှာ ငွေမရှိဘူး…လူတွေကကဲ့ရဲ့တင်းဆိုကြတယ်…စကားလုံးတွေ နဲ့ အနိုင်ကျင့်ကြတယ်…သွေးစုပ်ကြတဲ့လူတွေပေါ်လာတယ်…ဒါ ပေမယ့် ကျွန်မ အဲဒီဒုက္ခတွေခံနိုင်ခဲ့တယ်…ရုပ်ရှင်ဆိုတာ လူ တစ်ယောက်ရဲ့ဘဝကို ခွန်အားပေးနိုင်ရမယ်…ဂျပန်ကားတွေက အဲသလိုမျိုးတွေ များတယ်…အနောက်တိုင်းရုပ်ရှင်နဲ့မတူဘူး… အနုပညာကို Approach လုပ်တာ မတူဘူး…ဒါ…ကျွန်မ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုကိုစတ်ရှာရဦးမှာ…သွားတော့မယ်…"

"ဒါဆို လိုက်ရှာလေ…ကိုယ်မင်းနဲ့ အဖော်လိုက်ပေးပါ့မယ်…သွေးမြေခစေဦးတော့…တော်တော်ကောင်းတဲ့နာမည်ပဲ…"

"Senest လေ…မှုရင်းဝတ္ထုက…"

"Senest ကိုယ်မဖတ်ဖူးဘူး…"

"ရှင်က e-mail တွေ Fax တွေ ဖတ်နေတဲ့လူကိုး…အဲဒါတွေက ပိုက်ဆံရတာကိုး…"

"ကိုယ် အင်တာနက်မှာဖတ်တာပဲမေ…ဒါနဲ့…မင်းအားရင်လာဖတ်ပါလား…ကိုယ့်အခန်းမှာ အားနာစရာမရှိဘူး…"

"စာအုပ်အရသာနဲ့ ကွန်ပျူတာစခရင်ပေါ်မှာဖတ်ရတဲ့အရသာမတူဘူး…စာအုပ်က ပိုကောင်းတယ်…"

"မင်း အင်တာနက်စာပေကို ဘယ်နှစ်ခါများ ဖတ်ကြည့်ဖူးလဲမေ…နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ ကြိုက်တဲ့စာအုပ်တွေ မင်းဖတ်နိုင်တာပဲဥစ္စာ…"

"ဝတ္ထုဖတ်ဖို့များ…အဲ…ဟို…Medical Field နဲ့ပတ်သက်တာတွေရော ကြည့်လို့ရမှာပေါ့…"

"ရတာပေါ့မေ…"

"ဟာ…အဲဒါပဲကြည့်မယ်…ကျွန်မအတွက် အသုံးဝင်တယ်"

သူနဲ့ကျွန်တော် ပန်းဆိုးတန်းအောက်ဘက်က စာအုပ်အဟောင်းဆိုင်တွေမှာ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ဖြင့် Senest ကိုရှာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နေလုံးသည် ပထမအရောင်တစ်မျိုး။ အချိန်တွေကုန်လာတာနဲ့အမျှ လိမ္မော်ရင့်ရောင်ဘက်သို့သန်းသွားသည်။ ရှုံးဆင်းချိန်ဖြစ်သဖြင့် လူတွေက ရုတ်တရက် တအားများပြားလာသလိုထင်ရပြီးနောက် ကားကြီးကားငယ်အသွယ်သွယ်ဖြင့် ထွက်ခွါကုန်ကြသည်။

"မင်းအသက်ဘယ်လောက်ရှိပြီလဲမေ…"

"ဂျပန်လိုဆို နှစ်ဆယ့်သုံး…မြန်မာလိုဆို နှစ်ဆယ့်နှစ်…"

ဂျပန်လူမျိုးများသည် ပဋိသန္ဓေကာလ တစ်နှစ်ကိုပါ အသက်ထဲတွင်ထည့်သွင်းတွက်ချက်လေ့ရှိသည်။

"ကိုကိုကရော…"

"ကိုယ်…ဂျပန်လိုဆို သုံးဆယ့်သုံးပေါ့…"

"ကိုကိုနဲ့ကျွန်မ ဆယ်နှစ်ဝေးကွာတာပဲ…"

ပြောပြီး ခဏငြိမ်သက်သွားသည်။

"ပြန်တော့မလား မေ…"

"ကိုကိုပြန်ချင်နေပြီမို့လား…"

"ကိုယ်ညောင်းနေပြီ…"

"ကျွန်မကတော့ မညောင်းဘူး…စိတ်ထဲမှာ သိပ်စိတ်ညစ်ရင် ဒီလိုလမ်းတွေ အကြာကြီးလျှောက်ပစ်လိုက်တယ်…အဲဒီအခါ ဟင်းချပ်တာတွေ လျော့သွားသလိုပဲ…ငိုချင်တဲ့စိတ်က ဒီလိုလမ်းလျှောက်နေရတော့ တဖြည်းဖြည်းပျောက်သွားတယ်…"

"မင်း သိပ်စိတ်ညစ်နေလားမေ…"

www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်တော့်ကိုမကြည့်ဘဲ ရှေ့တူရူကိုသာကြည့်နေသည်။

"မင်းကိုယ့်ကို ဘာမဆိုဖွင့်ပြောနိုင်ပါတယ်...ညီမလေးတစ်ယောက်လိုပေါ့...ကိုယ်အားလုံးကို နားလည်ပေးထားတယ်...ဟင်မေ...ပြောမယ်မို့လား..."

သူ ခေါင်းကို ဖြည်းညှင်းစွာခါယမ်းပြသည်။

နီညိုရောင်ဆံနွယ်များသည် လေအဟုန့်တွင် လှပစွာ ယိမ်းခါသွားကြသည်။ သူ့မှာရှိသော သိပ်လှသည့်အရာများထဲတွင် သူ့ဆံပင်များလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဆံပင်တွေက ပိုးသားလိုချောမွေ့တောက်ပြောင်နေပြီး စင်းစင်းလေးတွေဖြစ်သည်။ အခုခေတ်ဖြောင့်ထားသောဆံပင်များက တောင့်နေတတ်ပြီး သူ့ဆံပင်ကတော့ပျော့ပျောင်းပုံရသည်။ နဂိုဖြောင့်ဆံပင်များဖြစ်ပုံရပါသည်။

"ကျွန်မ ဟာနာအိုဂျိအကြောင်းကို တွေးနေတာ..."

"ဟာနာအိုဂျိ...ဟုတ်လားမေ..."

"အင်း...ဘဝကို မိဘအတွက် စွန့်လွှတ်လိုက်ရတဲ့သမီးအလိမ္မာလေးပေါ့...တကယ်တော့ စွန့်လွှတ်တယ်ဆိုတာ အနာကျင်ရဆုံးကိစ္စပဲ...လူတစ်ယောက်ကို စိတ်ထဲမှာ နှစ်နှစ်ကာကာချစ်မိသွားတဲ့အချိန်ကစပြီး ငါချစ်လို့မဖြစ်ဘူးဆိုတဲ့အသိကြားမှာ နေထိုင်ရတဲ့လူတစ်ယောက်ရဲ့ဘဝက ဘယ်လောက်ထိဆိုးရွားလိုက်မလဲ...ဘယ်လောက်ကျဉ်းမြောင်းကျပ်တည်းလိုက်မလဲ...အဲသလိုမျိုးပေါ့..."

"ဟာနာအိုဂျိကို ကိုယ်သိပါတယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား…"

"ကိုယ်က တိုကျိုမှာ နေခဲ့တာကိုး မေ…ဂျပန်မှာနေခဲ့ပြီး ဟာနာအိုကိုအကြောင်းမသိရင် ကိုယ်တုံးတာပေါ့…တိုကျိုကိုလိုက်လည် မလားမေ…ကိုယ် ရှေ့နှစ်ပြန်သွားမှာ…"

"လိုက်လည်ရမယ်…"

"အင်း…မေစိတ်ဆိုးမှာစိုးလို့ပါ…တကယ်တော့ မေ့ကို ကိုယ် ခေါ်ပြီးခေါ်သွားချင်တာ…မေတစ်ယောက်ထဲ ကိုယ်မထားချင်ခဲ့ဘူး… ပါလေမယ့် မေ့သဘောပါ…ကိုယ်နဲ့ပတ်သက်ပြီး မေဘယ်လိုပဲဆုံး ဖြတ်ပါစေ ကိုယ်က အချိန်တွေကိုယုံတယ်…စောင့်နေမှာပါမေ…"

"တကယ်လို့ပေါ့လေ…ကိုကို့နောက်ကိုလိုက်ခဲ့တယ်… ဆိုက်ဖြစ်တယ်ပဲသဘောထားပါတော့…တစ်နေ့မှာ ဟာနာအိုကိုလို ထိုယ့်ရပ်ရွာ ကိုယ်ပြန်လာရဲတဲ့သတ္တိ ကျွန်မမှာမရှိဘူး…"

သူ့အသံတွေ အဖျားခတ်တုန်ယင်သွားသည်။ ဘေးစောင်းမြင် ရသောသူ့ပါးပြင်ပေါ်သို့ မျက်ရည်သည် တလိမ့်ချင်းဆင်းလာလေ သည်။ သူ…ကျွန်တော့်ကြောင့် မျက်ရည်ကျရပြီ။

ထိုအသိဖြင့် ကျွန်တော့်ရင်သည် စူးစူးရှရှနာကျင်လာသည်။

"ဟာနာအိုကိုလို ကျွန်မ မစွန့်လွှတ်ရဲဘူး…ပထမတစ်ကြိမ်မှာ ကျွန်မ ပက်ပက်စက်စက်ရှုံးပြီးပြီ…ကျွန်မ အရှုံးကို တမြေ့မြေ့စားပြီး နေခဲ့တဲ့အချိန်မှာ…နာကျင်ခဲ့ရတာတွေ ဘယ်သူမှမသိနိုင်ဘူး…"

"ကိုယ်သိတယ်…ကိုယ်သိပါတယ်…"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…ရှင်မသိပါဘူး…ရှင်အနားမှာမရှိခဲ့ဘူး… ကျွန်မ တစ်ယောက်တည်း ရောက်ခဲ့ရတဲ့ဒုက္ခတွေ ဘယ်သူသိမလဲ…ယောကျ်ားတစ်ယောက်ကို အဆုံးစွန်ပတ်သက်မိလို့ ရလာခဲ့တဲ့ဆိုးကျိုးတွေ ကျွန်မ ခုထိမှတ်မိကယ်…ဘယ်တော့မှ မေ့မှာမဟုတ်ဘူး…သူ့ကို လဲ နောင်ဘဝဆက်တိုင်း ခွင့်မလွှတ်ဘူး…သူပေးသွားခဲ့တဲ့ဒုက္ခတွေ ကို ကျွန်မသေတဲ့အထိ ယူသွားရမှာကိုကိုရဲ့…ကျွန်မ…ကျွန်မလေ… အတိတ်ကထွက်မပြေးချင်တယ်…လူတွေကိုလည်း သိပ်ကြောက် တယ်…မျက်လုံးတွေကိုလည်း ကြောက်လှချည်ရဲ့…"

သူ့အသံတွေ အေးစက်လာတာကိုကြည့်ခြင်းဖြင့် သူသည် ဘဝမှာ ကံကြမ္မာထိုးနှက်ချက်ကို ထိထိခိုက်ခိုက် ကြေကြေမွမွ ခံစား ခဲ့ရမှန်း ခန့်မှန်းမိသည်။ မပြောပါနဲ့တော့မေ။

ကိုယ်အားလုံးသိတာပဲ။ ဒါတွေဟာ မေ့ရဲ့ဖြူစင်မှုကို ညစ်နွမ်း စေခဲ့တဲ့ အဖြစ်သနစ်တွေမဟုတ်ဘူး။ ဘာမှ Guilty ဖြစ်စရာမလိုဘူး။ ဆာမူရိုင်းကို ခရေစီဖြစ်သောသူသည် ဆက်ပုခုများစိတ်ဝင်စားနေ သလားမသိ။ ဆာမူရိုင်းတစ်ယောက်မှာ ရန်သူအတွက် ဓါးရှည်တစ် လက်နှင့် မိမိကိုယ်တိုင်အတွက် ဓါးတိုတစ်လက်ရှိသည်။ ဓါးရှည် သည် ရန်သူကိုသုတ်သင်ဖို့ဖြစ်ပြီး အကယ်၍ အကြောင်းတစ်ခုခု ကြောင့် ရှုံးခဲ့လျှင်သော်လည်းကောင်း၊ မိမိဂုဏ်သိက္ခာပျက်ပြားခဲ့လျှင် သော်လည်းကောင်း၊ ဓါးတိုဖြင့် မိမိဗိုက်ကို မိမိခွဲပစ်ကာ အဆုံးစီရင်ပစ် လေ့ရှိသည်။ ဟာရာကီရီဟူ၍လည်း အရပ်စကားဖြင့် ခေါ်ကြသည်။

www.burmeseclassic.com



"ကိုယ်နဲ့ပတ်သက်ပြီး မင်း အဲဒီလိုအဖြစ်တွေ မကြုံရဘူးဆိုတာ ကိုယ့်ဘက်က သေချာတယ်မေ..."

"ဒါပေမယ့် ကြောက်တယ်...ကိုကို ကျွန်မကို အရင်ခွဲခွါသွားမှာကို အကြောက်ဆုံးပဲ...ဒီတစ်ကြိမ်ဆို ကျွန်မရူးသွားလိမ့်မယ် ထိုကို..."

"မေ...အခု နှစ်ဆယ့်တစ်ရာစု ရောက်နေပြီကွ...အယူမသဲ နဲ့တော့..."

"အနာဂါတ်ကို ဘယ်သူသိနိုင်လို့လဲကိုကို...ဟင်...သေချာလို့လား...မေဟာ အရင်တုန်းက မေ့လောက်သေချာတဲ့မိန်းမ ရှိမယ်တောင်မထင်ခဲ့ဘူး...မေ ကျောင်းစာတစ်ဖက် စာသင်တာတစ်ဖက်စတ္တုရေးတာတစ်ဖက်နဲ့...အချိန်ကို ဖေယာ်နဲ့ဆွဲသုံးခဲ့တဲ့မိန်းမပါ...ဒါပေမယ့် မေ သူ့ကိုသေသွားမယ်လို့ တစ်ခါမှတောင် အိပ်မက်မမက်ခဲ့ဖူးဘူး...သူဟာ မေ ဆရာဝန်ဖြစ်တဲ့အထိ...မေ့နောက်ဆုံးထွက်သက်အထိ မေ့နားမှာရှိမှာလို့ မေသေချာခဲ့တယ်...သူသေသွားပြီးတဲ့နောက်ပိုင်း မေအမြင်တော်တော်ပြောင်းသွားတယ်...ဒါအမှန်ပဲ...မေ့ထိုယ်မေသိတယ်...အရင်ကမေဟာ သိပ်မာကျောတယ်...ခက်ထန်တယ်...မာနကြီးတယ်...အခုမေ မာနကြီးတယ်ဆိုတာ အရင်ကအသိအိပ်နေသလောက်ပဲရှိတယ်...ပြီးတော့ ကိုကို့ကို မေလေးမြတ်ရဲ့အဲ့...ဒါအမှန်ပဲ...ကိုကိုက်သိပ်ချမ်းသာလွန်းတယ်...မေကြောက်တယ်...ကိုကို့ပတ်ဝန်းကျင်ကိုလည်း မေကြောက်တယ်...မေတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



အနာဂါတ်ဘာဖြစ်မလဲဆိုတာ ဘယ်သူမှမသေချာဘူး…အဲဒါကို မေ သိတယ်…မေနဲ့ရွယ်တူတွေ အိမ်ထောင်ရေးတွေအဆင်ပြေကြတယ်… ငွေတွေသိန်းချီမြတ်တဲ့လုပ်ငန်းတွေနဲ့ အောင်မြင်နေကြတယ်…အိမ် ထောင်ရေးဆိုတာ သိပ်ပျော်စရာကောင်းတာပဲ သိပ်စိတ်ချမ်းသာစရာ ကောင်းတာပဲလို့ ဘယ်လောက်ပြောကြပစေ…မေမယုံဘူး…အဲဒါ ဒုက္ခတွေပဲ…မေကြုံခဲ့ဖူးတယ်…ခဏပဲ…ဘယ်ယောကျ်ားမှ မိန်းမ တစ်ယောက်ကို တစ်နှစ်ထက်ပိုပြီး တွတ်တီးတွတ်တာမလုပ်နိုင်ဘူး… ထမင်းချက်မကျွေးနိုင်ဘူး…အချိန်တန်ရင် လူတွေဟာ ကိုယ့်လုပ်ငန်း ခွင်ထဲ ကိုယ်ပြန်ဝင်ရတယ်…နှစ်ယောက်တစ်ဘဝဆိုတာ ရေပွက်တဲ့ အချိန်လိုပဲ…ဘာမှမကြာဘူး…တစ်နှစ်ကျော်ရင်…လူနှစ်ယောက်ရဲ့ ဟန်ဆောင်မှုမျက်နှာဖုံးတွေ ကွာကျသွားပြီ…အဲဒီမှာ သိပ်ချစ်ပါတယ် ဆိုတဲ့ယောကျ်ားတစ်ယောက်ရဲ့ အတ္တက ဘွားခနဲပေါ်လာတော့တာ ပဲ…မိန်းမဖြစ်ရတဲ့ဘဝကို မေရွံတယ်…တကယ်တော့ ရာသက်ပန် ဆိုတာ မိန်းမတွေနဲ့ပဲ ပတ်သက်တဲ့ကိစ္စပါ…"

"မဟုတ်ဘူး…မေမှားနေပြီ…မေ အရင်တစ်ယောက်နဲ့ရခဲ့တဲ့ ဒုက္ခတွေရှိရင်…မေဟာ ဘဝထဲက ကိုယ့်ပျော်ရွှင်မှုကို ကိုယ့်ဖာသာ ကိုယ်မရှာတော့ဘူးလားဟင်…မေ…တစ်သက်လုံးပဲ ခေါင်းငုံ့… မင်းသေမတတ်အလုပ်တွေလုပ်…ပြီးတော့ မင်းယောကျ်ားတွေကို တန်းတူအမြဲပဲ ဆက်ဆံပြီး…မင်းအတွက် တီတီကျကျလင်သားဆို တာမရှာတော့ဘူးလား…"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့စကား သိပ်ရင့်သီးပါလား..."

"ဟုတ်တယ်...တမင်ကိုယ်ပြောတာပဲ..."

"ရှင်..."

သူ့မျက်နှာသည် တမဟုတ်ချင်း ခက်ထန်ပြောင်းလဲသွားသည်။ သူ့လက်တစ်ဖက် လေထဲမြောက်တက်သွားတာ ရိပ်ခနဲမြင်လိုက်သည်။ ကျွန်တော့်မျက်လုံး စုံမှိတ်လိုက်သည်။ မေဘာယ်လ်ဟာန်စောဆိုတဲ့ မိန်းမဟာ သူ့ကိုထိခိုက်နစ်နာအောင်လုပ်တဲ့လူမှန်သမျှ ပြန်တိုက်ခိုက်ဖို့ ဝန်မလေးတဲ့မိန်းမမှန်း ကျွန်တော်သိခဲ့သားပဲ။ သို့သော် ကျွန်တော် မျက်လုံးပြန်ဖွင့်တဲ့အချိန်တွင် သူသည် ကျွန်တော့်ပါးကို လက်ဖြင့် ချိန်ရွယ်ထားရာမှ တဖြည်းဖြည်းလက်ကပြန်ပြုတ်ကျသွားတာ မြင်ရသည်။ မင်းမရိုက်ရက်ဘူးမို့လား မေ။ မင်းကိုယ့်ကို နာကျင်အောင် မလုပ်ရက်ဘူးဆိုရင်လည်း ချစ်တာကို မညာသင့်တော့ဘူးမေ။ မင်း သိပ်ပင်ပန်းလွန်းနေခဲ့ပြီကွဲ့။ ဟန်ဆောင်ရတဲ့ဒုက္ခ ဘယ်လောက်ကြီး လဲဆိုတာ မင်းကိုယ်မင်း အသိဆုံးပါ။

"ကျွန်မ...ကျွန်မ...မရိုက်ရက်ဘူး...ဒီလောကမှာ... ကျွန်မ ဘယ်သူ့ကိုမဆို တုန့်ပြန်ရဲခဲ့ပေမယ့် ရှင့်ကို နာကျင်အောင် မလုပ် ရက်ဘူး...သူ့ကိုတောင် ကျွန်မ ရိုက်ဖို့ဝန်မလေးခဲ့ဖူးဘူး..."

ကျွန်တော် သူ့လက်ကလေးတွေကို ယုယစွာ ဆွဲယူလိုက်သည်။ ပြီးတော့ သူ့ပုခုံးတစ်ဖက်ကို ညင်သာစွာဖက်လိုက်သည်။

"ကိုယ်တို့ ပြန်ကြရအောင်မေ..."

www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်းမှာ သူ လုံးဝစကားမပြောပါ။

ကျွန်တော်က ကားကိုဂရုတစိုက်မောင်းနှင်ရင်း…စိတ်ထဲမှာ ကြည်နူးနေမိသည်။

သူ…ကျွန်တော့်ကို တကယ်ချစ်သည်လေ။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့နှစ်ယောက် လက်ချင်းတွဲကာ…တိုက်ခန်းလှေခါးထစ်များကို ဖြည်းညှင်းစွာတက်ခဲ့ကြသည်။

"ဘဝမှာ ဒီလိုလှေခါးထစ်တွေကို ကိုယ်နဲ့မင်း တူတူတွဲတက်ရဦးမယ် သိလားမေ…မင်းထက် ကိုယ်အသက်ကြီးတဲ့အတွက် မင်းဆိုယ့်လက်ကို ယုံယုံကြည်ကြည်တွဲရမယ်…ကြားလားကလေးမ…"

ကျွန်တော့်လက်ထဲက သူ့လက်ကို အတင်းပြန်ဆွဲယူရာ ကျွန်တော်ကလွှတ်မပေး။

"ဘာလို့ရှန်းနေတာလဲမေ…"

"ယောကျ်ားတစ်ယောက်လက်ကို တွဲပြီးမှ ကျွန်မဘဝအောင်မြင်မယ်ဆို အစကတည်းက ကျွန်မအောင်မြင်အောင် မလုပ်ဘူး…"

"သိပ်ခေါင်းမာတဲ့ မိန်းမပဲ…"

"ရှင်သိဖို့အရေးကြီးပါတယ်…"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက်ရဲ့အခန်းတွေရှေ့ရောက်သောအခါ

"ကဲ…လက်လွှတ်တော့…ကျွန်မ ညနေစာချက်လိုက်ဦး

မယ်…"

"ကိုယ်လာစားမယ်နော်…"

"အင်းပါ…"

"ကိုယ့်အတွက် အီးမေးလ်နဲ့ဖက်စ်တွေရောက်နေပြီထင်

တယ်…အဲဒါတွေ check လုပ်ပြီးရင် လာခဲ့မယ်…"

"ကိုကို ဘာစားမလဲ…"

"ရှိတာပဲချက်လေကွာ…"

"မနက်က ကောင်းကောင်းစားထားလို့…"

"ငါးပိရည်နဲ့လဲဖြစ်ပါတယ်…"

"ကျွန်မ ငါးပိရည်မစားဘူး နံလို့…"

"ဟုတ်လား…ဒါဆောင် အညာသူမရုပ်ထွက်နေတယ်…"

သူ့ကို မခံချင်အောင်စနောက်ပြီး ကျွန်တော် အိမ်ထဲဝင်ခဲ့

သည်။ ထင်တဲ့အတိုင်းပဲ အလုပ်တွေများနေပြီ။ တစ်နေကုန် မေ့ထား

အချိန်ကုန်နေတာ။

ဖက်စ်တစ်စောင်ချင်းစီက ငွေတွေရေတွက်ပြီး ငွေလွှဲစာ

အတွက် ပြင်ဆင်ရသည်။ ပြီးတော့ အလှငါး export လုပ်သော

နိုင်ငံနှစ်နိုင်ငံ၏ ငွေကြွာဟချက်ကို တွက်ချက်ရသည်။

ကျွန်တော့်အလုပ်က မသေချာလို့မရ။ ကွာဟချက်ရှိလို့

www.burmeseclassic.com

www.burmeseclassic.com


နို့မို့ ငွေကျွာပဟာချက်ကို ကျွန်တော်စိုက်ရှင်းရပေမည်။

ဆစ်ဒနီရှိ သူငယ်ချင်းစီက ဝင်လာသော အီးမေးလ်တစ်စောင်တွင် ကျွန်တော်လက်ထပ်ဖို့သင့်ပြီဆိုသောအကြောင်းနှင့် သူတောင်ပြီးခဲ့တဲ့သုံးရက်ကမှ ဘုရားကျောင်းတွင် လက်ထပ်လိုက်ပြီဖြစ်ကြောင်းရေးသားထားသည်။ ကျွန်တော့်ကို မိန်းမပေးစားဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ဖူးသော မိဘတွေလက်လျှော့သွားတဲ့အကြောင်းကို ကျွန်တော့်သူငယ်ချင်းတွေ အကုန်သိသည်။ သူတို့က မိန်းမဆို ကျွန်တော်က Sex လောက်ပဲသိတဲ့လူဟု နာမည်ဖျက်ကြသည်။

စာအုပ်တစ်အုပ်ထဲမှာတော့ ဖတ်ဖူးတာပဲ။ ခက်ခဲပင်ပန်းကြမ်းတမ်းလှသောအလုပ်တွေ မခုံးနိုင်သောဆင်းရဲသံသရာတွေ၊ အဆုံးအစမရှိသော မေတ္တာတရားတွေ စသည့်အရာတွေ မယုံကြည်နိုင်လောက်အောင် ပေါင်းစပ်ထားသော အမျိုးသမီးတစ်ယောက်ကိုမတွေ့ဖူးသေးသမျှ မည်သည့်ယောက်ျားကမှ မိန်းမတစ်ယောက်၏အကြောင်းကိုမှန်မှန်ကန်ကန်အကဲဖြတ်နိုင်လိမ့်မည်မဟုတ်။

မေသည် ငွေနဲ့ဝယ်ယူရနိုင်သော မိန်းမတစ်ယောက်မဟုတ်။ မေ့မှာရှိသော ငြိမ်သက်ခြင်းသည် ကျွန်တော့်အတွက် အေးချမ်းခြင်းကိုဖြစ်စေသည်။ မေ့မှာရှိသော အပြစ်ဟူသမျှ ကျွန်တော်က နားလည်ခွင့်လွှတ်ခြင်းဖြင့် ဆေးကြောသုတ်သင်ပစ်မည့်သူသာဖြစ်သည်။

သေချာတာက ကျွန်တော့်ဘဝမှာ မေ့လိုမိန်းမမျိုး ဘယ်တုန်းကမှ မတွေ့ခဲ့ဘူး။ မေသည် တစ်ခါတစ်ရံ ကျားသမီးမတစ်ကောင်လို

www.burmeseclassic.com

www.burmeseclassic.com



ဗွေရှုရဲရင့်တတ်ပြီး တစ်ခါတစ်ရံ ယုန်ကလေးတစ်ကောင်လို ကြောက်လွယ်ရွံ့လွယ်နေပြန်သည်။

မေ့အိမ် ကျွန်တော်ရောက်တော့ မေထမင်းချက်ပြီးပြီ။

"ကံကောင်းတယ်...Fridge ထဲမှာ အသီးအရွက်တွေအစုံရှိတယ်...ကြက်သားလည်းရှိတယ်...ကိုကို...ကြက်သားသုပ်စားမလား...ချဉ်ချဉ်စပ်စပ်လေး...ပြီးရင် မေလက်ဖက်သုပ်နဲ့ရေနွေးတိုက်မယ်..."

"မေကြိုက်သလိုလုပ်..."

ကျွန်တော်တို့နှစ်ယောက်သည် ချစ်သူဖြစ်စနေ့မှာတင် မျက်နှာချင်းဆိုင်၍ ထမင်းစားခွင့်ရခဲ့ကြသည်။ အတိတ်နိမိတ်များကို ယုံလွယ်သူမဟုတ်သော်လည်း ဒါဟာ ကျွန်တော်တို့နှစ်ယောက်အတွက် လက်ထပ်ဖြစ်မည့်နိမိတ်ဟု ကျွန်တော်ယုံကြည်သည်။ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ကျွန်တော်ကတော့ မေ့ကိုစတင်၍ မစုန့်လွှတ်ဟုသန္နိဋ္ဌာန်ချထားမိပြီလေ။

"ကြက်အသဲမစားဘူးလားမေ..."

"ဟင့်အင်း...မေငယ်ငယ်တုန်းကဆို ကြက်အသဲသိပ်ကြိုက်တာ...1st MB တုန်းက ကြက်ရဲ့အစာချေစနစ်ကို ဖော်မလင်စိမ်ပြီးပြထားတာ ကြည့်ရတယ်လေ...မေ အဲဒီမှာ အရုမ်းရွံသွားတာသိလား...ကြက်အသဲကို ဘယ်လိုမှစားမဝင်တော့ဘူး...နောက် မေထမင်းကို လက်နဲ့လုံးဝမစားတတ်ဘူး...ငယ်ငယ်ကတည်းက မေ

www.burmeseclassic.com

www.burmeseclassic.com



ငှက်နဲ့ခက်ရင်းနဲ့ စားတယ်…ငါးပိရည်ဆို လုံးဝစားလို့မရဘူး…ဝက်သားဒုတ်ထိုးဆို မေသိပ်မစားတတ်ဘူး…သူငယ်ချင်းတွေက အရမ်းစားတာ သူတို့နဲ့လိုက်စားပြီးမှ စားတတ်သွားတာ…"

"မေ့မှာ သူငယ်ချင်းများပုံရတယ်…"

"များတယ်…GTC ကသူငယ်ချင်းတွေ အများကြီးရှိသေးတယ်…တစ်နှစ်နဲ့တစ်နှစ် သူငယ်ချင်းတွဲတာမတူဘူး…"

"အခုရော…"

"အခု တစ်ယောက်ထဲပဲနေတယ်…မေက ပိုစတင်လဲမဝင်တော့ဘူးလေ…"

"မေ…အခုကတည်းက မေ့ကိုကြိုပြောထားချင်တာတစ်ခုရှိတယ်…"

"ပြော…"

"မေဘာပဲလုပ်လုပ် ကိုယ်မကန့်ကွက်ဘူး…ဒါပေမယ့် မေဘာပဲလုပ်လုပ် ကိုယ့်ကို ကြိုပြောထားရမယ်…မေ့ထက် ကိုယ်က အတွေ့အကြုံရင့်ကျက်တယ်…ဘာပဲဖြစ်ဖြစ် မေတစ်ယောက်ထဲ စဉ်းစားဆုံးဖြတ်တာထက်စာရင် နှစ်ယောက်စဉ်းစားတာ ပိုကောင်းမယ်…"

"ဟင့်အင်း…မဖြစ်နိုင်ဘူး…"

"ဘာဖြစ်လို့လဲမေ…"

"ကျွန်မမှာ သူငယ်ချင်းတွေအများကြီးရှိတယ်… ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဘာလုပ်လုပ် တိုင်ပင်တဲ့အကျင့်မရှိဘူး…စာမေးပွဲနီးလို့စာဖတ်ရင်တောင် တစ်ယောက်ထဲပဲဖတ်တယ်…ဘယ်သူ့ကိုမှ မယုံဘူး…ဘာလို့လဲဆို ရှေ့မှာ သူငယ်ချင်း ချစ်သူငယ်ချင်း ဘာညာပြော…ပြီးနောက်ကွယ်မှာ ဒီမိန်းမက ဝတ်ထားတာစုတ်ပြတ်နေတာပဲ…ပိုက်ဆံလဲမသုံးနိုင်ဘူး…အပြောကကြီးတယ်…ဒီလိုမျိုး ပြောကြတဲ့နောက်ဘယ်သူ့ကိုမှ အားကိုးလို့မရဘူးလေ…ကျွန်မ သူငယ်ချင်းဆိုတာမယုံဘူး…လောကမှာ မိတ်ဆွေဆိုတာမရှိဘူး…ပိုက်ဆံချေးတဲ့လူသိပ် သူငယ်ချင်းပီသတယ်…အကုန်ဒုက္ခခံပေးတဲ့လူမှ သူငယ်ချင်းစီသတယ်…အဲသလိုမျိုး ကိုယ့်ကိုပေးဆပ်မှ သူငယ်ချင်းလို့ထင်တဲ့လူတွေချည်းပဲ…လူတိုင်း အဲသလိုချည်းပဲ…ရှိတယ်…လူတစ်ယောက်ကိုယ့်ကိုချစ်ခင်စေဖို့ အဲဒီလူကို ပိုက်ဆံချေးဖို့မလိုဘူး…အဲဒီလူကိုအကုန်လိုက်လုပ်ပေးစရာလိုလား…တချို့ကိစ္စတွေက ကိုယ့်ဟာကိုယ်ဖြေရှင်းမှရတယ်…အပေါင်းအသင်းဆိုတာ ရှေ့မှာတော့ အကောင်းနောက်မှာအတင်းပြောနေတဲ့နောက် ကျွန်မ လုံးဝအယုံအကြည်မရှိဘူး…ကျွန်မမှာ ဘဝနဲ့ရင်းပြီး ယုံရလောက်တဲ့ သူငယ်ချင်းတစ်ယောက်ပဲရှိခဲ့ဖူးတယ်…ကျွန်မ ဘာလုပ်လုပ် သူ့ကိုပြောတယ်…”

“ကိုယ့်ကိုကျတော့…”

“နားထောင်ဦးလေ…ကျွန်မ သူ့ကိုချစ်တယ်…ကျွန်မက သူငယ်ချင်းလိုချစ်တာ…ဒါပေမယ့် သူက ပြောင်းသွားခဲ့တယ်…ကျွန်မ ဆေးတက္ကသိုလ်ဝင်ခွင့်ရတဲ့နေ့မှာ ကျွန်မကိုအဖြေတောင်း

www.burmeseclassic.com

www.burmeseclassic.com



တယ်…မချစ်ဘူးပေါ့…အဲသလိုပြန်ဖြေခဲ့တယ်…ကျွန်မဆီကအပြန်မှာ သူရေသွားကူးတယ်…မမျှော်လင့်ဘဲ သူဆုံးသွားခဲ့တယ်…အရက်သောက်ထားတော့ သူနေနေ့စ်နေတာ မအော်နိုင်ဘူးလေ…သူ့နာမည်က ဝေထွန်းတဲ့…သူကတော့ တကယ်ကောင်းတဲ့ လူတစ်ယောက်ပါ…ငယ်ငယ်ရွယ်ရွယ်နဲ့ သူလူ့လောကထဲက ထွက်သွားတာ ကျွန်မစိတ်မကောင်းဘူး…"

"ကိုယ်က မေ့ချစ်သူပဲ…"

"အဲဒါကြောင့် ဗိုမယုံတာ…"

ကျွန်တော် အောင့်အီးသီးခံလိုက်ရသည်။

ကျွန်တော့်ကို သူဘယ်တော့မှယုံကြည်မှာမဟုတ်တာ သိနေတော့ ဘာမှထပ်ပြောချင်စိတ်မရှိ။

"တစ်ခုခုဖြစ်ရင် တစ်ယောက်ထဲပဲရင်ဆိုင်တယ်…တကယ်လို့များ ကိုယ်ကယုံမှတ်စွာနဲ့ ဖွင့်ပြောပြရင် အဲဒီအကြောင်းကို ကိုယ်ကွယ်တာနဲ့ အတင်းထုတ်တဲ့လူချည်းပဲ…"

"ကိုယ်က ဘယ်သူ့ကိုပြောပြရမှာလဲ…"

"အဲဒါ ကိုကို့အပိုင်းလေ…မေမယုံဘူး…မေ့ရဲ့ယုံကြည်မှုကတန်ဖိုးသိပ်ကြီးတယ်…သိပ်ယုံရင် သိပ်လိမ်ခံရတတ်တယ်လေ…သိတယ်မို့လား…"

ကျွန်တော် ဘာဆက်ပြောရမှန်းမသိ။ သူ့ဟာဝန်းကျင်က အဖြစ်သနစ်တွေကို သူကောက်ချက်ချယုံကြည်နေပုံက တော်တော်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းတန်သည်။ သူသည် သူငယ်ချင်းတွေအကုန်လုံးကိုလည်းကောင်း၊ မိဘညီအစ်ကိုမောင်နှမ ဆွေမျိုးကိုလည်းကောင်း၊ ကွယ်လွန်သွားသူကိုလည်းကောင်း၊ စွဲစွဲမြဲမြဲနာကျည်းမုန်းတီးနေလေသည်။ သူ့ကိုယ်သူလည်း မုန်းတီးနေပုံရသည်။ အမြဲတမ်း စိတ်အေးချမ်းမှုကို ရှာဖွေပါလျက် စိတ်ဆင်းရဲနေရသူဖြစ်သည်။

"မေ…ဒီည ဘာလုပ်မှာလဲ…"

"စာဖတ်မယ်…CVS လေ…"

"အင်တာနက်ကြည့်မလား…"

"ကြည့်မယ်…ကိုကိုနဲ့ပြပေးလေ…ကျွန်မနဲ့ ကွန်ပျူတာက မရင်းနှီးဘူး…Mouse တောင် နှိပ်လို့မရဲတော့ဘူး…အရင်တုန်းက တော့ အရုမ်းGame ဆော့တယ်…"

"အခုဆော့လေ…ရတယ်…"

"ကိုကိုက အလုပ်လုပ်နေတာကို…"

"မင်းဆော့ချင်ရင်ဆော့ပါ…ကိုယ် မင်းကို ကွန်ပျူတာတစ်လုံးဝယ်ပေးရမလား…"

"ထားခဲ့ရမှာချည်းပဲ မလိုချင်ဘူး…"

လက်ဖက်သုပ်ပန်းကန်နှင့် ရေနွေးကြမ်းအိုးကိုသယ်ကာ ကျွန်တော့်အခန်း ကူးလာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာမောက်စ်ပေါ် သူလက်တင်လိုက်ပုံကိုမြင်ကတည်းက မရတာ ကျွန်တော်သိသည်။ ကျွန်တော်က သူ့လက်ခုံပေါ် အုပ်ကိုင်လိုက်တော့ ကျွန်တော့်မျက်နှာဘက်ကို သူစောင်းကြည့်သည်။

သူ့မျက်လုံးများသည် အရောင်တောက်လျှက်ရှိနေသည်။ ဟော့ကိုင်းဒိုးကောင်းကင်ပြင်က ကြယ်ကလေးတွေလိုပဲ စူးရှနေသည်။

သူပြောသော ဟာနာအိုကိုဆိုတာ ဂျပန်မှာ အထင်ရှားဆုံးသော မိန်းမလှဖြစ်သည်။

ယောကျ်ားတိုင်း၏ အသဲစွဲ၊ ကောင်လေးက အရှုံးအမူးချစ်မြတ်နိုးခြင်းခံရသူ၊ ဘဝကအသပြာဖြင့် ရောင်းစားလျက် တခိုးရိပ်တန်ဖိုးတက်သော်ငြား ချစ်သူနောက်ကို အရဲစွန့်လိုက်ပြေးသွားသူ၊

ထို့နောက် ဟစ်ကိုယ်ထဲ သူပြန်ရောက်လာခဲ့သည်။

သူဘာဖြစ်ခဲ့လဲ၊ သူ့ချစ်သူရော?။

www.burmeseclassic.com

www.burmeseclassic.com



သူဘာကြောင့် ပြန်လာတာလဲ။

ဘယ်သူမှမသိကြ။

ပြီးတော့ ဟာနာအိုဂျီသည် အသက်ကြီးလာသော မိန်းမတို့ ထုံးစံအတိုင်း ယောကျာ်းများအတွက် တန်ဖိုးမရှိတော့။ သူ့တန်ဖိုး သည် ပျောက်ဆုံးကုန်သော အလှနှင့်အတူ သူညသာရှိတော့သည်။ သူ့ဘဝဇာတ်ကြောင်းက အဲဒီမှာတင်ပဲ ရေရေရာရာမရှိဘဲ ပြီးဆုံးသွား သည်။ လောလောဆယ်တော့ သူသည် ကျွန်တော့်အတွက် ဟာနာအိုဂျီ ပင်ဖြစ်နေသည်။ ကျွန်တော့်ကို ငြင်သာစွာနမ်းရှိုက်ရင်း

"ကျွန်မတသက်မှာ ဒါ ပထမဆုံးနဲ့ နောက်ဆုံးအချစ်ပဲထင်ပါ ရဲ့ ကိုကို"

ဟု သူ မသဲမကွဲရေရွတ်သည်။ ကျွန်တော်ခေါင်းညိတ်လိုက် သည်။ ယုံသည်။

သူ့အရပ်သည် ကျွန်တော့်ထက် တစ်ပေနီမ့်သည့်အပြင် သူ့ ခန္ဓာကိုယ်က ကလေးတစ်ယောက်လို ပေါ့ပါးသွယ်ပျောင်းလှသည်။

ကျွန်တော်တို့နှစ်ယောက် ပတ်ဝန်းကျင်မှာ တလက်လက်ဖြစ် နေသောကြယ်ကလေးတွေ အများကြီး။ သူရောကျွန်တော်ပါ ပြိုင်တူ ပြုံးလိုက်မိသည်။

သူသည် အချစ်မှာ ကျွန်တော်ထင်ထားတာထက် နည်းသိမ်မွေ့ လှပါသည်။ ရွှေဝါရောင်သမ်းသော ရင်ညွန့်ဆီမှာ ခရော်ကတ်ဒ်ကလေး မတွေ့သဖြင့် ကျွန်တော်ကမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပေါင်ထားတယ်..."

"ဘယ်လောက်နဲ့လဲ..."

"တစ်သိန်း..."

"ကိုယ်ပိုက်ဆံပေးမယ်...ပြန်သွားရွေးလိုက်..."

"မလိုချင်ပါဘူး..."

"မင်းရဲ့သဂေါ်တာက အဲဒီဆွဲကြိုးပဲမေရဲ့...ကိုယ်သိပ်သဘော ကျတယ်..."

"ကိုကိုကတော့လေ..."

"မေ..."

"ဟင်..."

"မနက်ဆေးရုံလိုက်ပို့မယ်..."

"ဟင့်အင်း..."

"ဒေါက်တာမင်းလတ်နဲ့တွေ့မှာစိုးလို့လား..."

"ကိုကြီးလက်ထပ်တော့မှာ..."

"ဟုတ်လား...ကောင်းတယ်..."

"ဘာကောင်းတာလဲ..."

"ကိုယ်တစ်ယောက်ထဲဆိုတာ ကောင်းတာပေါ့..."

"ကိုကိုလဲ အတွေ့ရှိတာပဲ..."

"မေရော...မေကပိုမဆိုးဘူးလား..."

"မေက...မေကြောက်တယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုကြောက်တာလဲ…"

"မသိဘူး…"

"ဟာနာအိုဂျီလိုဖြစ်မှာစိုးတာလား…"

"အင်း…ဘယ်သူသိနိုင်မှာလဲ…ဘာကြောင့် ဟာနာအိုဂျီ နိပွန်း (ဂျပန်- ဂျပန်လူမျိုးများက ချစ်စနိုးဖြင့် နိပွန်ဟုမခေါ်ဘဲ နိပွန်းဟုသုံးသည်)ကို ပြန်လာသလဲဆိုတာလေ…"

"မ ကြ ဘယ်လိုထင်လို့လဲ…"

"သူ့ချစ်သူက သူပြည်တန်ဆာဖြစ်ခဲ့တာကို အနိုင်ယူပြောလို့ စိတ်နာပြီး ပြန်လာတာ…ဒါမှမဟုတ် သူ့ချစ်သူသေသွားတာ…ဒါမှ မဟုတ်…သူကပဲ စိတ်ကုန်ပြီး…သူ့ဖာသာသူ ပြန်လာတာ…အကုန် ဖြစ်နိုင်တာပဲ…"

ကျွန်တော့်ကောင်မလေးသည် သူများတွေးသလို ဘယ်တော့ မှမတွေးတတ်ချေ။ အဲဒါကြောင့်ပဲ သူစာရေးဆရာမဖြစ်လာခဲ့ခြင်းဖြစ် ပါလိမ့်မည်။

"မေဟာလေ…စာရေးဆရာမလို့ မပြောရဘူး…သိပ်အတွေး ခေါင်တာပဲ…"

"မေကြောက်တယ်လို့ ပြောပြီးပြီပဲ…ဟာနာအိုဂျီဆို သူ့ဘဝ မှာ သူများအတွက်ပဲ ရှင်သန်ခဲ့ရတာ…ပြီးတော့ သူ့ချစ်သူအတွက် သူ့ဘဝကိုပေးဆပ်ရတယ်…နောက်ဆုံး သူဘာရလဲ…ဘာမှမရဘူး… သူ့ရင်ထဲမှာ နာကျည်းနေမှာပဲ…လူဆိုတာ အမြဲတမ်းပေးဆပ်နေရရင်

www.burmeseclassic.com

www.burmeseclassic.com



နာလာတာထုံးစံပဲ…နောက်ဆုံး သူ့တန်ဖိုးကသူညပဲလေ…လူမှုအဖွဲ့
အစည်းမှာ စွန့်လွှတ်တဲ့အခါ ဒါ သူရဲကောင်း…အဲသလိုသတ်မှတ်
ပြီး ဘာမှမပေးဆပ်နိုင်တဲ့ အခါ သူညဖြစ်သွားတာ ဘယ်လောက်
ရင်နာဖို့ကောင်းသလဲ…လူဆိုတာ ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ကိုယ်ပိုင်
ဘဝရှိရမယ်…မေ့အတွေးအခေါ်တွေဟာ သိပ်ဆန်းသလားကိုကို…"

"အင်း…သမားရိုးကျမဆန်ဘူး…မေက မိန်းမမဆန်ဘူး…"

"ဟုတ်လား…ကိုကိုက…ဟင်းဟင်း…ကိုကိုကပဲပြောရ
တယ်ရှိသေး…"

"မေဟာ သာမန်မိန်းကလေးတွေလိုမဟုတ်ဘူး…"

"အနုပညာသမားလေ…အနုပညာဆိုတာ အရမ်းနုနယ်
တယ်…မေက ခံစားလွယ်တယ်…မျိုသိပ်နိုင်တယ်…မေ့ဟာနာအိုကို
ဆို အဖြစ်မခံနိုင်ဘူး…မေ ပေးဆပ်ပြီး မနာကျင်ချင်ဘူး…အဓိက
က အဲဒါပဲ…"

ကျွန်တော် သူ့နားထင်ကို ဖျတ်ခနဲမွှေးလိုက်သည်။

သူ သက်ပြင်းသဲ့သဲ့ချသည်။ ကျွန်တော် သူ့ဆံပင်တွေကို
ကိုင်ကြည့်ကော့ တကယ်ပဲပျော့ပြောင်းလှတာတွေ့ရသည်။

ကျောလယ်ထိရှည်သော ဆံပင်များသည် ကျွန်တော့်ရင်ခွင်ထဲ
တွင် အထွေးလိုက်စုပုံနေသည်။ ဆံပင်များကိုနမ်းသောအခါ ရှန်ပူနံ့
မွှေးသင်းသင်းရသည်။

"မေ ပြန်တော့မယ်…"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုပြန်လိုက်ပို့မယ်..."

"ရတယ်...အိမ်ကဝေးရာတာကိုး..."

သူပြန်သွားသောအခါ သူ့အရိပ်များကျန်နေခဲ့သလို ခံစားရသည်။ မိန်းမတစ်ယောက်အဖြစ် အသိအမှတ်ပြုနိုင်သော ကျွမ်းကျင်မှုမျိုးဖြင့် မေ့ကိုစွဲလျက်ရှိပြီ။ မေ့ကို ဝေးဝေးမသွားစေချင်။

မေသာလိုက်ခဲ့စမ်းပါ။

မေတက်ချင်တဲ့ကျောင်းလဲ ကျွန်တော်ထားပေးမယ်။

ကျွန်တော့်မှာ မေပဲရှိတာ။

မေ့ကြောင့်သာ ပိုက်ဆံတွေသုံးဖို့ရှိတာ။

မေ့ရဲ့ Sponser ကောင်းကောင်းလုပ်နိုင်သားပဲ။

ဒါပေမယ့် မေက ကျွန်တော့်ကို မမှီခိုပေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် ချစ်သူဖြစ်ပြီး တပတ်အကြာတွင် ကျွန်တော် ဆစ်ဒနီသို့သွားရသည်။ ကျွန်တော်သွားမည့်နေ့တွင် သူ မရှိ။ သွားရမယ်ဆိုတာသိထားပေမယ့် ဘယ်နေ့သွားရမလဲဆိုတာ သူမသိ။

ကျွန်တော့်မှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။ သူစိတ်ပူမှာစိုးသောစိတ်သည် ငယ်ထိပ်တက်မီးလောင်နေသကဲ့သို့ပင်။

"ကြည့်ရတာ ညက Night ဆင်းရတယ်ထင်တယ်..."

တစ်ခါတလေ ဆင်းရပြီး ဆေးရုံမှာပဲ သူအိပ်လေ့ရှိသည်။ ကျွန်တော်က နိုင်ငံတကာ ခရီးသွားလာကျင့်ရှိသူမို့ ခရီးသွားမယ်ဆိုတာနှင့် အိတ်ကြီးတွေနဲ့ ပြင်ဆင်လေ့ရှိသူမဟုတ်။ အလုပ်ကိစ္စအတွက် လိုအပ်သော စာရွက်စာတမ်းတွေရယ်၊ ခရီးဆောင်ကွန်ပျူတာရယ်၊ အကျီတစ်စုံရယ်၊ နိုင်ငံခြားငွေရယ်။ အဲဒါပဲယူသည်။

ကွန်ပျူတာကတော့ မရှိမဖြစ်။ မေ့လို့ပဲပေါ့။ မေနဲ့ကွန်ပျူတာသည် ကျွန်တော့်ဘဝမှာ မရှိမဖြစ်သောအရာများဖြစ်သည်။

နှုတ်မဆက်လို့ကလဲမဖြစ်။ နှုတ်ဆက်လျှင်လဲ နှစ်လလောက်ခွဲရဦးမည်မို့ ကျွန်တော်စိတ်မကောင်းဖြစ်ဦးမည်။ သွားခါနီးမှာ သူ့မျက်နှာလေးတော့ မြင်သွားချင်သေးသည်။

သို့သော် ကျွန်တော်နဲ့သူ လုံးဝမတွေ့ခဲ့ရပါ။

နှစ်လအတောအတွင်း ကျွန်တော် သူ့ဆီကို ဖုန်းဆယ်ခါဆက်သည်။ သို့သော် လုံးဝမကိုင်။ ကျွန်တော် ခြေမကိုင်မိ လက်မကိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလေပြီ။ အချိန်တွေက ကုန်ခဲသလိုခံစားရသည်။

ဘာများဖြစ်နေသလဲမေ။

ကျွန်တော်ပြန်ရောက်လာတော့ သူ့အခန်းတံခါး ပွင့်နေသဖြင့် ကျွန်တော် အခန်းထဲမဝင်ဘဲ သူ့အခန်းထဲ အရင်ဝင်လိုက်သည်။

ဖောရိန်နာ (နိုင်ငံခြားသား)နှစ်ယောက်နှင့် အသက်ခပ်ကြီးကြီး အမျိုးသားတစ်ယောက်ရယ် သူရယ် စကားထိုင်ပြောနေကြသည်။

ကျွန်တော့်ကိုမြင်တော့

"ကိုကို…လာလေ…"ဟုသူခေါ်သည်။ ပြီးတော့ သူ့ဧည့်သည်များနှင့် မိတ်ဆက်ပေးသည်။

အကုန်လုံး Physician (သမားတော်)တွေချည်းဖြစ်သည်။ နိုင်ငံခြားသားနှစ်ယောက်လုံးက အင်္ဂလန်ကဖြစ်သည်။

"ဒါ ကျွန်မအမျိုးသားလေ…"ဟု သူက ကျွန်တော့်အလုပ် အကိုင်နှင့် တွဲ၍မိတ်ဆက်ပေးသဖြင့် ကျွန်တော့်ရင်ထဲက မကျေနပ် မှုတချို့ ကျေပျက်သွားရသည်။

"ပြီးမှ လာခဲ့မယ်မေ…ကိုကို ခရီးပန်းလာလို့…"

ဧည့်သည်များကို ကျွန်တော် ခုမှ ဆစ်ဒနီက ပြန်လာတာဖြစ် ကြောင်းနှင့် ခဏနားဦးမယ့်အကြောင်း အင်္ဂလိပ်လိုပြောပြီး ခွင့်တောင်း ကာ ကျွန်တော့်အခန်းဘက် ပြန်လာလိုက်သည်။

မေ ဘာတွေလုပ်နေသလဲ။ ကျွန်တော်မသိ။

ကျွန်တော် နောက်ထပ်တစ်နာရီမျှ သီးခံစောင့်ဆိုင်းရပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



မေ တံခါးလာခေါက်လေသည်။ တံခါးဖွင့်ပေးလိုက်တော့ ပြုံးစိစိနဲ့ ဝင်လာပြီးနောက်၊ ကျွန်တော့်လည်ပင်းကို သူ့လက်နှစ်ဖက်နဲ့ခိုကာ ကျွန်တော့်မေးစေ့ကိုနမ်းပြီး

"လွမ်းလိုက်ရတာ…ကိုကို အကြာကြီးပဲ…"

ကျွန်တော် တစ်ခုခုပြောဖို့ဟန်ပြင်သောအခါ သူကအရင်

"မေ့အတွက် ဘာဝယ်လာလဲ ကိုကို…ဘာမှမပါရင်တော့ အသိပဲနော်…ကိုကိုမရှိတဲ့အချိန်မှာ မေလည်းအလုပ်တွေတအားများ နေလို့…ကိုကို့ဖုန်းငါ့ဒိုစောင့်သေးတယ်…ဒါပေမယ့် မေ ပြီးခဲ့တဲ့တစ်လ လုံး ဒီမှာမရှိဘူး စက်ာပူရောက်နေတယ်…စာမေးပွဲသွားဖြေတာ…"

"ဘာ…"

ကျွန်တော့်အသံကြောင့် သူမျက်နှာပျက်သွားလေသည်။

"နေပါဦး…ကိုယ်ဆစ်ဒနီသွားမှာ မင်းသိတယ်နော်…သွား ယ့်နေ့က မင်းကို ကိုယ်ထိုင်စောင့်နေသေးတယ်…ဘယ်လိုမှ စောင့် ပြီမဖြစ်လို့ ကိုယ်ထွက်သွားရတာ…မင်းစက်ာပူသွားမယ်ဆိုတာ ကိုယ့် ို အရိပ်အမြွက်တောင် မင်းမပြောခဲ့ဘူး…"

"ဘာလို့ပြောရမှာလဲ…ကျွန်မရဲ့အနာဂါတ်အတွက် ကျွန်မ ချယ်ထားတဲ့အလုပ်ကို ကျွန်မပဲနားလည်တယ်…ရှင်က ဆရာဝန် ား…"

သူ့ရဲ့နောက်ဆုံးစကားသည် ကျွန်တော့်ရင်ဝကို ခြေနဲ့ဆောင့် န်လိုက်သကဲ့သို့ နာကျင်စေပါသည်။ ကျွန်တော်သည် ဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com



ထက်မနိမ့်သော ပညာအရည်အချင်းတစ်ခုကို ပိုင်ဆိုင်ထားမှန်း သူသိ
ရက်သားနှင့် ပြောထွက်သည်။

"မင်း...သိပ်မောက်မာတဲ့မိန်းမပဲ..."

"ဟုတ်တယ်...ကျွန်မမောက်မာတယ်...ရှင့်ကို ကျွန်မဘာ
လုပ်လုပ် ပြောရမယ်ဆိုတာ အမိန့်ပေါ်ယ်ရောရှိလို့လား..."

"မင်းနဲ့ကိုယ်က ဘာတွေလဲ...သူငယ်ချင်းတွေလား...
ဟင်...ပြောစမ်းမေ...ကိုယ်က ဘာကောင်လဲ...ကိုယ်က မင်းရဲ့
ဘာလဲ..."

ကျွန်တော့်ဘဝမှာ တစ်ခါမှ အစော်ကားမခံခဲ့ရဘူးပါ။ ဂျပ
နိုင်ငံက အင်ဂျင်နီယာဘွဲ့ကိုရခဲ့သော၊ လူငယ်စီးပွားရေးလုပ်ငန်းရှ
နိုင်ငံတကာနှင့် ဆက်သွယ်လုပ်ကိုင်နေသော လူတစ်ယောက်ကို
စကားလုံးက တော်တော်ရက်စက်စွာ ထိခိုက်နာကျင်စေပါသည်။

"ကိုယ် မင်းကိုသိပ်ချစ်တာ မင်းသိရဲ့သားနဲ့မေ...ကို
ဆရာဝန်မဖြစ်တာ မလုပ်ခဲ့လို့ကွ...မင်းနားလည်ရဲ့လား...ကိုယ် လုံ
ဝါသနာမပါလို့မရွေးခဲ့တဲ့လမ်း...မင်းက ဆရာဝန်ဆိုပြီး တခြား
တွေကို မောက်မာပါ...မာန်တက်ပါ...ကိုယ့်ကိုလာ မာန်မတက်
မေ..."

"ကောင်းပြီလေ...ကျွန်မတို့နှစ်ယောက်လုံး Professio
မတူကြဘူး... ကျွန်မကဆရာဝန်...ဆရာဝန်ဆိုတာ ဆရာဝန်
နားလည်နိုင်တဲ့ တက်လမ်းတွေရှိတယ်...ကိုကို့လုပ်ငန်းမှာ ကျ

www.burmeseclassic.com

www.burmeseclassic.com



နားမလည်ဘူး…ကျွန်မရဲ့လုပ်ငန်းကိုလဲ ကိုကိုဘယ်လိုလုပ်နားလည် မှာလဲ…မဟုတ်ဘူးလား…ကိုကိုကပြောပြလို့သာပြောနေတာ…မေ့ လုပ်ငန်းတွေက လူတွေကို လျှောက်ပြောပြနေရမယ့်အလုပ်တွေလဲ မဟုတ်ဘူး…မေ့ရည်မှန်းချက် ဿိပ်မြင့်တာ ကိုကိုအကဲခတ်မိမှာပါ… မေ အခုမှ လမ်းစကိုတွေ့တုန်းရှိသေးတယ်…စောစောက ဆရာဝန် တွေက မေ့ကို Sponser ပေးမယ့်ဆရာဝန်တွေလေ…ဒီလိုအခွင့် အလမ်းရဖို့ မေဘယ်လောက်ကြိုးစားခဲ့ရသလဲ…ဟင်…မေ ဘယ်သူ့ ကိုမှမပြောပြခဲ့ဘူး…မလိုဘူး…သူငယ်ချင်းတွေလဲမသိဘူး…မေ သူများအထင်သေးတာပဲခံမယ်…အထင်ကြီးတာမခံဘူး…မေနေတဲ့ ပုံစံနဲ့ ကိုကို့ကိုဆက်ဆံတာ မှားသလား…"

ကျွန်တော်စိတ်လျှော့လိုက်သည်။

မလျှော့လို့မဖြစ်။

သူက လုံးဝလျှော့မှာမဟုတ်။ ကျွန်တော့်ဘက်က ဆက်တင်း ထားလျှင် ပြတ်ရုံပဲကျွန်တော့်မည်။ ကျွန်တော် အပြတ်မခံရဲ။

ကျွန်တော့်နားက သူထွက်သွားမှာ ကြောက်သည်။

ဒီတစ်ချက်ထဲနဲ့ ကျွန်တော်အချည်ခံရပြီ။

"ဒါဆို ကိုယ်တောင်းပန်ရမှာလားမေ…"

"ဒါပေါ့…ကိုကို့ကို မေဘာမဆို ပြောပြဖို့ မလိုအပ်ဘူး… မေ လူတွေကို အယုံအကြည်မရှိဘူး…"

"လာပြန်ပြီ…မမ…မင်း အဲဒီစကားကိုပြောတာ ကိုယ့်ကို

www.burmeseclassic.com

www.burmeseclassic.com



သိပ်စော်ကားတာပဲ…မင်းသိရဲ့လား…"

"ကိုကို့ကို ကျွန်မသိပ်လေးစားတာပဲ…ဘာလို့စော်ကားမှာလဲ…ကိုကိုက ရောက်တာနဲ့အပြစ်ပြောဖို့ပဲသိတယ်…မေစာမေးပွဲအခြေအနေ ဘယ်လိုလဲ တစ်ခွန်းမမေးဘူး…"

"ဟင်…မင်းက ကိုယ့်ဘက်တော့ အတော်တွေးတတ်တဲ့မိန်းမပဲ…"

"ဟုတ်တယ်…ဘာဖြစ်လဲ…ဒါနဲ့…ကိုကို မေ့အတွက် ဘာပါလာလဲ…"

"ဘာမှမပါဘူး…"

"သိသားပဲ…အဲဒါလား…ဂရုစိုက်တာ…ဘာမဆို ကိုကို့ကိုပြောစေချင်တယ်…တိုင်ပင်စေချင်တယ်…ဒါပေမယ့် ကိုကိုကိုယ်တိုင်မိန်းမတစ်ယောက်ကို ဘယ်လောက်ဂရုစိုက်တတ်လဲ…ကိုကိုလည်းတခြားလူတွေလိုပါပဲ…ကိုယ့်ကိုပဲပေးဆပ်စေချင်တယ်…အဲဒါမှ အဲဒီလူကောင်းတယ်လို့သတ်မှတ်တယ်…လူတွေအားလုံးဒီလိုပဲ…"

ပြောပြီးတာနဲ့ သူပြန်လှည့်ထွက်သွားသည်။ ကျွန်တော်လည်းခရီးရောက်မဆိုက် ရန်ဖြစ်နေရတာနဲ့ မောပြီးအိပ်ပျော်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်မာတဲ့နေရာမှာတော့ မိန်းကလေးဖြစ်ပြီး ကျွန်တော်တောင် လိုက်မမှီ။ ကျွန်တော့်ကို နောက်ရက်တွေမှာလဲ လုံးဝစကားမပြောပေ။

ပထမတစ်ရက်၊ နှစ်ရက်ထိ ကျွန်တော်ခံနိုင်သေးသည်။

နောက်ရက်တွေမှာ မခံနိုင်တော့။ အဲဒီလောက်တော့ တင်းမာ ဖြတ်သားဖို့ မကောင်းဘူးပေါ့မေ။ ကိုယ်နဲ့မင်းက ချစ်သူတွေပဲ။ တစ် ယောက်ဘဝကို တစ်ယောက်မျှယူချစ်ခဲ့ကြသူတွေပဲ။ ဘာမဟုတ်တာနဲ့ မင်း ဒီလိုပြတ်သားနေတာ နဲနဲမှမဖြစ်သင့်ဘူး။

မိန်းမတစ်ယောက်ကို ဘယ်လောက်ဂရုစိုက်တတ်လဲတဲ့။

ကျွန်တော် အဲဒီစကားကို ပြုံးမိသည်။ ကလေးကလားဆန်တဲ့ အလုပ်တွေ ကျွန်တော်လုံးဝမလုပ်ချင်။ ပြီးတော့ ကျွန်တော်ဂရုမစိုက် တာထက် သူ ကျွန်တော့်ကိုနားလည်ဖို့ ပိုအရေးကြီးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပညာရိုတတ်လေ ဖိနိုးမဆိုတာ ပိုမောက်မာလေပဲဟု ကျွန်တော် သူ့ကိုကြည့်ပြီး စိတ်ပျက်မိသွားတာတော့မညာလို။

ဒါပေမယ့် ချစ်တာကတော့ ချစ်နေတာပဲ။ နောက်ဆုံး ကျွန်တော်ပဲ လက်နက်အရင်ချရတော့တာပေါ့။

သူ့ဆီကို ဖုန်းဆက်တော့

"ဘာတုန်း..."

ဟု ခပ်မာမာထူးသည်။

"ဒီညနေ ထမင်းလာစားမလို့..."

"ကျွန်မက ရှင့်ထမင်းချက်မဟုတ်ဘူး..."

ကျွန်တော် ဘာဆက်ပြောရမှန်းမသိ။ ရယ်လဲရယ်ချင်သည်။

"Well, Well, I apologized to you. Ok, Baby. Let's over, Hmm?"

"ဘာတွေလာပြောနေတာလဲ...နားမလည်ဘူး..."

"I love U"

"ရှင်နော်..."

"Aishitaeima"

သူ့ဘက်က ရယ်သံကြားရသည်။

"မေ...ကိုယ်အရမ်းချစ်တယ်..."

"ဘယ်သူ့ကိုခေါ်နေတာလဲ..."

www.burmeseclassic.com

www.burmeseclassic.com



"မနောက်နဲ့ကွာ မေ…ကိုယ်ဘယ်လောက် ဒီရက်တွေမှာ ရှုးနေလဲသိလား…"

"မသိဘူး…"

"မေ အခုဘာလုပ်နေလဲ…"

"ကျွန်မကို ဆရာလုပ်တဲ့လူတစ်ယောက်အကြောင်း ဝတ္ထုရေးနေတယ်…"

"ကိုယ့်အကြောင်းလား…"

"အင်းပေါ့…"

"ဟာ…ပြဿနာပဲ…ပက်သတ်တဲ့လူတွေသိရင် ကိုယ့်ကို ဟားမှာပေါ့…"

"ဟားပစေပေါ့…ရှင့်ကိုလေ ဝတ္ထုထဲမှာ လူဆိုးလုပ်ထားတယ်…"

"နာမည်ရင်းတော့မရေးပါနဲ့မေရယ်…"

"မရေးပါဘူး…Creations ထပ်ထည့်တာပေါ့…"

"မင်းသမီးကရော…"

"ရှင့်ရဲ့ရည်းစားဟောင်းကို ထည့်ထားတယ်…"

"ဟင်…"

"ကိုတင်မောင်ပြောပြတာ… အဲဒီတစ်ယောက်အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ခရေစေ့တွင်းကျကို ပြောပြတာ…ရှင်ဘယ်လိုသဲ့ကြောင်း တဲ
ကြောင်း…ရှုပ်ကြောင်း နပ်ကြောင်း…"

"တော်ပါတော့မေရာ…ပြီးသွားပြီပဲဥစ္စာ…"

"အေးလေ…ဝတ္ထုပဲဟာကို…ရှင်က ဘာနာနေတာလဲ…"

"မင်းကို ကျွမလို့ခေါ်ရင် ကြိုက်သလားမေ…"

"မကြိုက်ဘူး…ဒါပေမယ့် တကယ်မှမဟုတ်တာ…ကျွန်မ
အသားက အဲသလောက်မမဲပါဘူး…သနပ်ခါးလိမ်းရမှာ ပျင်းလို့…
ဟိုမှာနေရရင် ဖွေးလာမှာပဲဟာ…ဒီမှာ အပူပိုင်းနဲ့ပဲဟာကို…"

"မင်းကိုပြောလို့မရပါလား မေ…"

"အပြင်မှာမှုန်းလို့ ဝတ္ထုထဲမှာ ရှင့်ကိုအသေသတ်ထားတယ်…
သိလား…တသက်လုံးပြန်မရှင်အောင်လို့…"

"တော်ကြာ အပြင်မှာတကယ်ဖြစ်နေဦးမယ်…"

သူ ဖုန်းကိုဂွပ်ခနဲနေအောင်ချပစ်လိုက်သည်။ ပြီးတော့
ကျွန်တော့်အိမ်ဘက်ရောက်လာသည်။

"ကိုကိုနော်…ကျွန်မ ကိုကို့ကို ထပ်အဆုံးရှုံးမခံနိုင်ဘူးသိ
ရက်နဲ့ ဘာလို့အဲသလိုပြောရတာလဲ…ကျွန်မမှာ အခု ကိုကိုပဲရှိတာ…
ကိုကိုမရှိလို့မဖြစ်ဘူး…ကိုကို့ကြောင့် ကျွန်မဘဝ အဓိပ္ပါယ်ရှိလာခဲ့
ရပြီ…ကျွန်မ အဲဒီလို အဓိပ္ပါယ်ရှိတဲ့ဘဝကို မက်မောတယ်…ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေရတာ အခုမှ ပိုပြည့်စုံလာသလိုခံစားရတယ်…ကိုကိုနားလည်ရဲ့လား…ကျွန်မဘဝတောက်လျှောက် ပေးဆပ်လာခဲ့တာချည်းပဲ…တစ်ချိန်လုံး ကျွန်မရင်နာနေခဲ့ရတာချည်းပဲ…"

ကျွန်တော် သူ့ကို ခပ်ဖွဖွပွေ့ဖက်ကာ သူ့နဖူးပြင်ကို နမ်းလိုက်သည်။ ရှားရှားပါးပါး သနပ်ခါးပါးကွက်ကျားနှင့်။

"ကိုယ်သိတယ်…ကိုယ်သိပါတယ်မေရယ်…ဒါပေမယ့် လူဆိုတာ လက်ရှိဖြစ်နေတာနဲ့ပဲ ဆုံးဖြတ်တတ်ရမယ်လေ…အရင်က ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ အခု ကိုယ့်ရင်ခွင်ထဲကမေနဲ့ ဘာမှမဆိုင်ဘူး…ကိုယ် မေ့ကိုလေးစားတယ်…မေ့ကိုစာရေးဆရာမအနေနဲ့ရော ဆရာဝန်တစ်ယောက်အနေနဲ့ပါ ကိုယ်လေးစားတယ်…မေ့ကို ကလေးလေးတစ်ယောက်လိုလဲ ကိုယ်ချစ်ပါတယ်…ကိုယ့်ကြောင့် မေဘယ်တော့မှ မျက်ရည်မကျစေရဘူး…ဟုတ်ပြီလား…မေ့ကို ကိုယ်အတတ်နိုင်ဆုံး နားလည်ပေးထားတယ်…"

စိတ်ကောက်ပြီး ပြန်ချစ်ရတဲ့အရသာက ဘာနဲ့မှမတူ။ ကျွန်တော်နဲ့သူသည် တစ်ယောက်ကိုတစ်ယောက် မျက်စေ့အောက်က အပျောက်မခံနိုင်အောင် ချစ်ကြပါသည်။ သူဘယ်သွားသွား ကျွန်တော်လိုက်ပို့ချင်ပေမယ့် လိုက်မပို့နိုင်။ တစ်ခါမှာတော့ ညဘက်ဆယ်နာရီလောက် ကျွန်တော့်ဆီဖုန်းဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မေ…ဘာဖြစ်လို့လဲ…"

"အခု မေ အင်းစိန်မှာ…စာသင်တဲ့အိမ်လေ…အိမ်နံပါတ်…လမ်းနံမည်…ရပ်ကွက်…မှာ အဲဒါ မေ့တပည့်အိမ်က ကားပျက်နေလို့ကိုကို…"

"ကိုကိုလာကြိုရမလား…"

"အင်း…ဒီမှာညမအိပ်ချင်ဘူး…"

"အိုကေ…ကိုကိုလာခဲ့မယ် ဟုတ်ပြီလား…အဲဒီမှာပဲစောင့်နေနော်…Baby, Don't worry"

ကျွန်တော် အဲဒီအိမ်ရောက်သွားသောအခါ သူက စိုးရိမ်သောကရောက်နေသောမျက်နှာဖြင့် စောင့်နေတာတွေ့သည်။

"လာမှလာပါ့မလားလို့…"

"အလကားစိတ်ပူတတ်တယ်…လာတာပေါ့…ဘာကိစ္စမလာရမလဲ…"

သူ့နားမှာ သူ့တပည့်ကောင်လေးနှင့်ကောင်မလေးနှစ်ယောက်

"ချယ်…ချယ့်လူကြီးလား…"

"ချယ်…အရပ်အမြင့်ကြီးပဲဗျ နော်…ချယ်နဲ့ဆို (လက်ခလယ်နဲ့လက်သန်း)Middle & finger ပဲ"

နှစ်ယောက်သား တခိခိရယ်ကာ ကျွန်တော့်ကို ပြုံးပြကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက သူ့တပည့်တွေကို

"သိပ်စပ်စုတာပဲ..."

ဟု ဟောက်ကာ ကျွန်တော့်ကားပေါ်တက်ထိုင်ပြီး သွားမယ် ဟုဆိုသည်။

လမ်းမှာ ကျွန်တော်ကမေးသည်။

"မေက ကိုယ့်ကို ဘာလို့ တပည့်တွေမသိစေချင်တာလဲ..."

"အဲသလိုမဟုတ်ပါဘူး..."

"အမှန်အတိုင်းပြောပါမေ..."

"မေ့တပည့်တွေက ပိုက်ဆံရှိတဲ့အသိုင်းအဝိုင်းကချည်းပဲ ဆိုကို...အကုန်လုံး မေ့ကိုလေးစားကြတယ်...ဆရာမမှာ ချစ်သူရှိတယ်ဆိုရင်တောင် သူတို့သိတာပဲဖြစ်စေရမယ်...မြင်တာမျိုးမဖြစ်စေရဘူး..."

"ကိုယ့်ထက် မေ့ဂုဏ်သိက္ခာက အရေးကြီးတယ်ပေါ့..."

"မေမှာ ကိုကို့ထက်အရင် တစ်ယောက်ရှိခဲ့ဖူးတယ်ဆိုတာ သတိရပါကိုကို...သူသေသွားတာမှန်ပေမယ့် လူတွေက သူ့နေရာမှာ ဆိုကို့ကို အစားထိုးဖို့အချိန်ပေးရလိမ့်မယ်...ကိုကိုက နိုင်ငံခြားမှာ နေခဲ့တာ မေ့အသက်လောက်ရှိတယ်...အရှေ့တိုင်းချင်းတူပေမယ့် သက်ခံထားတဲ့ပတ်ဝန်းကျင်အမြင်ခြင်းမတူဘူး...မေ ဘာလုပ်လို့

www.burmeseclassic.com



မေသိပ်ဆင်ခြင်တယ်ကိုကို...ဘာမဟုတ်တာအတွက် ကိုကို့ကို အထိခိုက်မခံနိုင်ဘူး...ကိုကို မေ့ကြောင့် သူများမျက်စေ့ဒေါက်ထော ကြည့်တာမခံစေရဘူး..."

ကျွန်တော် သူ့စေတနာကို နားလည်သွားရသည်။

မလိုအပ်တဲ့ပြဿနာတွေသည် သူနဲ့ကျွန်တော့်ကြားမှာ ပတ် ကျင်အမြင်ဂ မနေ ဖြစ်တည်ကူးစက်လာနိုင်သည်။

ကျွန်တော်က ဘာကိုမှဂရုစိုက်တဲ့လူမဟုတ်။ မေ့မျက်နှာတ တည်းကိုသာ ကြည့်တဲ့လူဖြစ်သည်။

သို့သော် မေက အောင်မြင်နေတဲ့မိန်းမ။

လူချစ်လူခင်ပေါများတဲ့မိန်းမ။

ဂုဏ်သိက္ခာရှိ ပညာတတ်ဆရာဝန်တစ်ယောက်။

ကျွန်တော်ပိုင်ဆိုင်ထားသောငွေကြေးများစွာနှင့် မေ့မှာရှိနေ အောင်မြင်မှုကို ဝယ်ယူလို့မရနိုင်။

မေ့ရဲ့ပရိသတ်ကို ကျွန်တော်ဝယ်ယူ၍မရပါ။

မေ့ရဲ့ သီးခံနိုင်စွမ်းအားနှင့် ရယူခဲ့သော ဒေါက်တာ ကျွန်တော် ဘယ်လိုလုပ် ငွေနဲ့ဝယ်ယူရနိုင်ပါ့မလဲ။

မေ့မှာရှိသော ပိုင်ဆိုင်မှုများသည် အချိန်များစွာ ဆင်းရဲပင် ခံပြီးမှ ရရှိခဲ့သောအရာများဖြစ်ပြီး ကျွန်တော့်ကြောင့် နဲနဲမှအ

www.burmeseclassic.com

www.burmeseclassic.com



အထင်းမဖြစ်စေချင်ပါ။

သို့သော် မေက ကျွန်တော့်ကိုပိုပြီးစေတနာရှိသည်။

"မေလေ…ကိုကို့ကို သူများတွေပြောမှာ နဲနဲမှမခံနိုင်ဘူး…"

ကျွန်တော် ကားကို လမ်းဘေးချရပ်လိုက်သည်။ ထို့နောက် သူ့ကို ရင်ခွင်ထဲဆွဲသွင်းကာ သူ့နဖူးပြင်ကို အညင်သာဆုံးမွှေးလိုက်သည်။

"မင်းဟာ တစ်ခါတစ်လေကျရင် ဓါးတစ်ချောင်းနဲ့သိပ်တူတယ်…တစ်ခါတစ်လေကျရင် ပန်းပွင့်လေးလို နူးညံ့နေပြန်ရော…"

"ဟင့်အင်း…မေက ဘယ်တုန်းကမှ ပန်းတစ်ပွင့်မဖြစ်ခဲ့ပါဘူး ကိုကို…မေက ဖြစ်ခွင့်ရမယ်ဆို ဓါးတစ်ချောင်းပဲဖြစ်ချင်တယ်…ဒါမှ မေ့ကိုနှိပ်စက်တဲ့လူတွေကို ပြန်တိုက်ခိုက်နိုင်အောင်လို့…"

"ဓါးဆိုရင်တောင် မေက နတ်ဒေဝတာတွေ လက်ဆောင်ပေးတဲ့ မြင့်မြတ်တဲ့ဓါးတစ်ချောင်းဖြစ်မှာပါကွယ်…"

သူ နူးညံ့စွာပြုံးလေသည်။

ထိုအပြုံးသည် သူနဲ့ကျွန်တော် ပတ်သက်ခဲ့သမျှ အချိန်အားလုံးတွင် တစ်ကြိမ်ထဲသောအပြုံးဖြစ်သည်။ ဘာမှမသိနားမလည်သော ကလေးတစ်ယောက်စိတ်ကြည်နူးစွာဖြင့် ပြုံးသောအပြုံးမျိုး။

ဆာမူရိုင်းတွေရဲ့ ဓါးတိုင်းမှာ သီအိုရီတစ်ခုရှိသည်။ ဓါးတစ်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းသည် ထက်မြက်မှုကို ထိန်းထားရန်အတွက် မာကျောရန်လို
အပ်သလို...ဖိနှိပ်မှုကြောင့် ကျိုးမသွားစေရန် ဓါးသည် အလွန်အမင်း
ပျော့ပြောင်းနေရန်လိုအပ်သည်။

မေသည် ကျွန်တော့်အတွက် တကယ်ပဲမြင့်မြတ်သော ဓါးတစ်
ချောင်းဖြစ်ပါသည်။

သို့သော် ကျွန်တော့်နှလုံးသွေးတွေ မေ့မှာစွန်းထင်းမှာကို
ကျွန်တော်စိုးလှသည်။

မေဟာ ပထမတစ်ကြိမ်က အရှုံးများနဲ့ယှဉ်ပြီး ကျွန်တော့်ကို
တော့ မရက်စက်လောက်ဘူးထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်တစ်ယောက် မိန်းမယူတော့မယ်…စနေနေ့မင်္ဂလာဆောင်မယ်ဟု ကျွန်တော့်ဆီဖုန်းဆက်ပြီး ဒီကောင်လာတွေ့လေသည်။

"မင်းမျက်နှာက…သတို့သားနဲ့လည်းမတူဘူး…ရော့ခ်တတ်မှန်ထားတဲ့ ရုပ်ကြီးနဲ့…"

တင်မောင်က အားမရှိသလိုပြုံးသည်။

"မင်းဘာဖြစ်နေသလဲ သူငယ်ချင်း…"

"ဟန်စော…ငါမိန်းမမယူချင်ဘူးကွာ…"

"ဟာ…မင်းကွာ…ကြားထဲမှာ မင်္ဂလာဆောင်ဖို့ သုံးရက်ပဲ ရှိတော့တာ…အခုမှထကြောင်နေတယ်…"

"ငါမလိုချင်ဘူးကွ…"

"မင်းကြောင်မနေနဲ့…"

www.burmeseclassic.com

www.burmeseclassic.com



"ဟန်စော…မေနဲ့မင်း ဘယ်တော့ယူကြမလဲ…"

ထိုမေးခွန်းကိုဖြေဖို့ ကျွန်တော့်မှာ အဖြေအဆင်သင့်ရှိမနေပါ။ မေ့ကိုပိုင်ဆိုင်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စလည်းမဟုတ်ပါ။

ကျွန်တော်ရောမေပါ အလုပ်ကအားတယ်လို့မရှိ။ ပြီးတော့ မေက ဘွဲ့လွန်အတွက်ပဲ အလွန်အမင်းစိတ်အားထက်သန်နေဆဲဖြစ်သည်။

အမ်ဒီတစ်ခုထဲနဲ့ ပြီးမယ့်မိန်းမမဟုတ်။

ကျွန်တော်ကောင်းကောင်းသဘောပေါက်သည်။

"မင်းမသေချာဘူးမို့လား ဟန်စော…"

"မေက သိပ်ကြိုးစားတယ်လေကွာ…"

"မင်း သိပ်ကံကောင်းတယ်လို့ ငါထင်တာပဲ…မေဟာ ချစ်တတ်တဲ့မိန်းမကွ…ဒါပေမယ့် မိန်းမတော်တော်များများနဲ့မတူဘူး… ငါအမှန်အတိုင်းပြောရင် မေ့ကိုလိုချင်ခဲ့တယ်…အောင်မြင်တယ်ကွာ… ပြီးတော့ ဉာဏ်ကောင်းတယ်…ငါ သဘောကျတယ်…ထုံထုံထိုင်း ထိုင်းမိန်းမမျိုး ငါမလိုချင်ဘူး…ယောက်ျားယူပြီးရင်…ကလေးမွေး အတင်းထိုင်ပြောဖို့ပဲတတ်တဲ့ မိန်းမမျိုး ငါမကြိုက်ဘူး…"

"အဲဒီလိုမိန်းမမျိုးက ပိုစိတ်ချမ်းသာရမယ်လို့ မင်းမသိဘူး လား တင်မောင်…"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချမ်းသာရမယ်…ဟုတ်လား…"

"မင်း အခုယူမယ့်ကောင်မလေးက ဘယ်လိုမျိုးလေးလဲ…"

"ဒီလိုပါပဲ…မင်္ဂလာဆောင်မှာ ဝတ်မယ့်အဝတ်အစားရယ်…
ပြီးရင် ကလေးကို Specialist ဆေးခန်းမှာ နာမည်အကြီးဆုံးအိုဂျီနဲ့
ဖို့ရယ်ကို နံပါတ်တစ်ထားတဲ့မိန်းမမျိုးပေါ့…အဲ တစ်ခုကျန်သေး
ယ်… မင်္ဂလာဆောင်မှာ ဘာကျွေးသလဲ…ဘယ်မှာဆောင်တာလဲ
တာကို အားရင်ကြွားမယ့်မိန်းမမျိုးပေါ့…"

ကျွန်တော်ရယ်မိလေသည်။

မိန်းမတိုင်းလိုလိုက အဲသလိုချည်းပါပဲ။ အဲဒါကို သူတို့တန်ဖိုး
မှတ်ယူကြသည်။

ခုခေတ် ယောကျ်ားတစ်ယောက်မိန်းမယူလျှင် အနည်းဆုံး
လာဆောင်စားရိတ် ဆယ်သိန်းအထက်အကုန်အကျခံရသည်။ ဟို
ယ်အကြီးတွေမှာဆို သိန်းနှစ်ဆယ်နှင့်အထက် ကုန်ကျသည်။
လာဆောင်ဖို့သည် နံပါတ်တစ်ဖြစ်၍နေသည်။

ကျွန်တော် နိုင်ငံခြားမှာနေစဉ်က မင်္ဂလာဆောင်ကို တတ်နိုင်
လူပရိသတ်နဲနဲနှင့် အကျဉ်းချုံးကျင်းပကာ အိမ်ထောင်အတွက်
ပိုအကုန်ကျခံကြသည်။

မင်္ဂလာဆောင်မှာ လူအယောက်သုံးရာ ကောင်းကောင်းစားဖို့

www.burmeseclassic.com

www.burmeseclassic.com


ထက် ကိုယ့်အိမ်ထောင်မှာ လိုအပ်တဲ့ပစ္စည်းများက ပိုအရေးကြီးသည်ဟု လက်ခံထားကြသည်။ ပြီးတော့ လက်ထပ်ပွဲကို ကြီးကြီးကျယ်ကျယ်လုပ်တော့မည်ဆိုလျှင် *ကုန်ကျမည့်စားရိတ်ထက် လက်ဖွဲ့ငွေက* အဆမတန်နဲနေလျှင် မြန်မာတို့ရဲ့အယူအဆအရ သတို့သမီးသည် မိန်းမမြတ်မဟုတ်။ အမှန်တော့ ဘာမှမဆိုင်။ အများနှင့်တစ်ယောက်မို့ ကျွန်တော်က သဘာဝကျကျတွေးတောပြောလျှင် ကျွန်တော်ပဲဝိုင်းဟားခံရမည်။

"မင်းအလိုက်သင့်နေပေးလိုက်ပါကွာ..."

"ကြာတော့စိတ်ပျက်လာတယ်ကွ...လက်ဖွဲ့ပစ္စည်းတွေကို ငါ့မိဘဘက်ကယူမယ်...သူတို့ဘက်ကယူမယ်နဲ့ အခုကတည်းက ခွဲ[illegible]ကြတယ်...ကောင်မလေးက သူ့မိဘတွေကို တစ်လတစ်သိန်းထောက်ရမယ်တဲ့..."

"သူကဘာလုပ်လဲ..."

"ရုံးက..."

"သူ့ပိုက်ဆံနဲ့သူထောက်ပေါ့ကွ...ယောက်ျားယူပြီး မိဘလ[illegible]ကျွေးချင်နေသေးတယ်...ကိုယ်တွေ ကျွဲလို့နွားလို့ရှာရတာ ကို[illegible]ချင်းမစာဘူး...သူတို့က သမီးအလိမ္မာ...ကိုယ်က သားဆိုးက်အလိ[illegible]ပြီးတော့ ကြာရင် ကိုယ့်အိမ်ထောင်ရေးထိခိုက်တယ်..."

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာဟုတ်တယ်…ငါ အရမ်းစိတ်ညစ်လာပြီကွာ… ငါဒီဝန်ကိုမထမ်းနိုင်ဘူး…ငါမိန်းမယူတာ တစ်ယောက်ပဲကျွေးချင်တယ်…သူ့မိဘတွေ ငါတစ်လတစ်သိန်းမပေးနိုင်ဘူး…ငါ့မိဘတောင် ငါမပေးတဲ့ကိစ္စ…"

တင်မောင့်စကားကြားရတာ ကျွန်တော်ပါ စိတ်ညစ်လာသည်။ ဒီကောင်မိန်းမယူရမှာ ဘယ်ပျော်ပါ့မလဲ။ မယားယူရတဲ့ဒုက္ခတွေက ယောကျ်ားတွေမှာ လူမသိအောင် များပြားလှပါသည်။

မယားကိုယ်ပေါ်မှာ လှလှပပဆင်နိုင်ဖို့၊ ကြွကြွရွရွဝတ်နိုင်ဖို့ အဲ…ဆင်နိုင်လျှင်ကောင်းသည်။ မဆင်နိုင်လျှင် ဒီယောကျ်ား အသုံးမကျတော့။

"ဟန်စော…မင်းမိန်းမ မယူနဲ့ သိလား…"

"ဘာလို့လဲ…"

"ငါ့ကိုကြည့်လေကွာ…"

"ငါလိုချင်ရင်တောင်…မေကမယူပါဘူးကွာ…"

တင်မောင်က ထွေရာလေးပါးပြောရင်းနဲ့ မေ့ဝတ္ထုတွေအကြောင်း ရောက်သွားသည်။ ကျွန်တော့်ကို ဗီလိန်ထားရေးထားသော ဝတ္ထုကို ပြောရင်းရယ်လေသည်။

"မင်းကို ဝတ္ထုထဲမှာ သတ်ပစ်ထားတာကွ…ဟားဟား…ငါ

www.burmeseclassic.com

www.burmeseclassic.com



တို့တွေဖတ်ပြီး ရယ်ချင်တာပေါ့ ..ဒါပေမယ့် မေတကယ်မလွယ်ဘူး နော်...မင်း သူနဲ့ကြိုက်ပြီး နောက်တစ်ယောက်သာပေါ်လာကြည့် မင်းကိုသတ်မှာ...သူ့စိတ်ကမရဘူး..."

"ငါလည်း မလုပ်ရဲပါဘူး..."

"အခု မင်းကိုငါလာတိုင်ပင်တာကွ...ငါ ဘုန်းကြီးအပြီးဝတ် မလို့..."

"ဟင်..."

"ငါစောစောကပြောတဲ့ဒုက္ခတွေ မင်းကိုယ်ချင်းစာမှာပါကွာ... ငါဘယ်မိန်းမယူယူ ဒီဒုက္ခတွေ့ရမှာကွ...ငါ ဘုန်းကြီးအပြီးဝတ် လိုက်မှပဲ...ဒီဒုက္ခကကင်းမယ်...မိန်းမယူရတာ ကိုယ့်ငွေနဲ့ကိုယ် ဒုက္ခ အိုးကြီးဝယ်ရသလိုပါပဲကွာ..."

ဂျွန်တော်က နောက်နေသည်ထင်တာ။

တင်မောင်ပြန်သွားတော့ မေ့ကို တင်မောင့်အကြောင်းပြောပြ ဖြစ်သေးသည်။ မေက ခပ်အေးအေးနားထောင်နေသည်။

အားလုံးနားသောင်ပြီးမှ...

"အယူအဆတွေက ဟောင်းနေပါပြီ...ဒီလိုပဲ...မင်္ဂလာဆောင် ဆိုတာကလဲ ကြွားတာပါပဲ...ဘယ်သူ့ဘယ်သူရဲ့သမီး...ဘယ်သူ့ ဘယ်သူရဲ့သား...အဲသလိုယူကြတယ်ပေါ့...ဘာကျွေးတယ်ပေါ့...

www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ ဘာမှလဲမဟုတ်ဘူး…ပြီးသွားတာပဲ…အခုက မင်္ဂလာဆောင် ဖိတ်ရင် သွားမယ့်လူဖက်ကစဉ်းစားကြည့်…ဟိုတယ်မှာဆောင်တာ ဆို လက်ဖွဲ့ငွေ ငါးထောင်အနဲဆုံး…အဝတ်အစားဖိုးနဲ့…ကိုယ့်ကား မရှိရင် ကကဖိုးနဲ့…အဲသလိုတွက်ရင် အကုန်အကျသိပ်များတယ်… ဆောင်တဲ့လူဘက်က ကျွေးတဲ့တန်ဖိုးက တစ်ယောက်သုံးထောင်… တကယ်လို့ လာတဲ့လူက ငါးထောင်နဲ့နှစ်ယောက်လာရင် ရှုံးရော… ဒါ အထက်တန်းနဲ့အလယ်တန်းစား မင်္ဂလာဆောင်…ဟို တောမှာ ဆို…မုန့်ဟင်းခါးအဝကျွေး…တစ်အိမ်ငါးရာနဲ့ တစ်အိမ်လုံးလာစား တာ…အရင်းကျေရုံပဲ…ကံကောင်းမှမြတ်တယ်…ဖိတ်စာတစ်စောင် တန်ဖိုးက…အလဝ်စားဆို တစ်ရာ့ခြောက်ဆယ် ရှစ်ဆယ်ကျတယ်… အကောင်းစားဆို နိုင်ငံခြားကလာတဲ့ဖိတ်စာဆို တစ်စောင် တစ်ဒေါ်လာ တန်တယ်…တကယ်လို့သာ လူနှစ်ဦး တစ်ယောက်ကိုတစ်ယောက် ချစ်ကြမယ်…ဘာပြဿနာမှမရှိဘူးဆိုရင် အကျဉ်းချုံးလက်ထပ်ပြီး ကုန်ကျမယ့်ငွေတွေကို အိမ်ထောင်ပရိဘောဂဝယ်လိုက်ရင် အဆင့် အတန်းမှီတဲ့အိမ်ထောင်ဖြစ်သွားမှာပဲ…"

"မေကမှ တကယ့် Economic Woman ပဲ"

"ကိုကိုကနောက်နေတယ်…မေက တကယ်ပြောတာ…မေ့ သူငယ်ချင်းတစ်ယောက်က ပြောပြဖူးတယ်…သူတို့ကြိုက သိပ်ကြွား

www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့မိန်းမနဲ့ လက်ထပ်မိတဲ့ယောကျ်ားတစ်ယောက်အကြောင်းပေါ့… မိန်းမတော်တော်များများက မင်္ဂလာဆောင်ကို တန်ဖိုးလို့သတ်မှတ်ကြတယ်နော်…အဲဒီမိန်းမလည်း အဲသလိုပဲ…တမြို့လုံးကိုဖိတ်ပြီး အလှူမယ်ကျွေးတာ…စားတဲ့လူက လာစားတာပေါ့…ဒါပေမယ့်… မင်္ဂလာဆောင်လည်းပြီးရော မင်္ဂလာဆောင်အတွက်ကုန်ကျစားရိတ်က အကြွေးယူပြီးလုပ်တာဆိုတော့ အဲဒီအကြွေးကို ပြန်ဆပ်ရတာ…ဆယ်နှစ်လောက်ကြာတယ်…ဘယ်လောက်ပဲ မင်္ဂလာဆောင်မှာ ဘယ်လိုကျွေးတာ…ဘာဝတ်တာကြွားပေမယ့် ကိုယ့်ဝမ်းနာ ကိုယ်အသိဆုံးပဲ…ဖြစ်သင့်ဖြစ်ထိုက်တာကို ရွေးချယ်သင့်ကြတယ်လို့ မေတင်တယ်…ဆိုလိုတာက သိပ်ချမ်းသာတဲ့ ဂုဏ်သရေရှိအသိုင်းအဝိုင်းက လူတစ်ယောက်နဲ့ တစ်ဖက်က အရာရှိကြီးသမီးလို အဆင့်မျိုးယူတာတော့…မိဘဂုဏ်ရှိန်နဲ့ လက်ဖွဲ့ငွေအများကြီးရတာပေါ့…သေချာတယ်လေ…ဖအေအရှိန်ရှိတယ်…ငွေကြေးနဲ့လည်ပတ်နေတဲ့ စီးပွားရေးလုပ်ငန်းရှိတယ်…အဲသလိုမျိုးထောက်ထားစရာတွေနဲ့ကျတော့ မင်္ဂလာဆောင်တာမြတ်တာပေါ့…ကြွားဖို့အသိုင်းအဝိုင်းဆိုတာ ကြွား နိုင်တဲ့အဆင့်အတန်းရှိမှ ကောင်းတယ်…"

"ဒါမေ့အမြင်လား…"

"ဟုတ်တယ်…မေယုံကြည်တယ်…ပြီးတော့ မေဖတ်ဖူးတဲ့

www.burmeseclassic.com



မိုပါဆွန်းရဲ့ The Diamond Necklace (စိန်လည်ဆွဲ)ဝတ္ထုတိုက ကြွားတတ်တဲ့မိန်းမတွေရဲ့ ခွေးကျကျတာကိုပြတာပဲ…ချက်ကော့ဗ်ရဲ့ ဝတ္ထုတိုတစ်ပုဒ်…အဲ…နာမည်တောင်မေ့နေပြီ…ရာထူးသေးသေး လေးတိုးတဲ့ ငွေတိုက်စာရေးလေးကို အမေကလဲ ဟင်းအတုံးကြီးကြီး ကျွေး…ယူတဲ့မိန်းမရော ခယ်မတွေပါ Ballroom (ကပွဲခန်းမ) တက်ဖို့ သူ့ခမျာ ငွေတိုက်ကငွေခိုးပေး…နောက်ဆုံး ခိုးမှုနဲ့ထောင်ကျ တော့ ဒီလိုစာရိတ္တမကောင်းတဲ့လူ ငါတို့နဲ့ သားမတော်ဘူး…လင်မ တော်ဘူး ဖြစ်ကုန်ကြတာပဲ…ဒါ မေသီပ်ကြိုက်တဲ့ စာရေးဆရာတွေ ရဲ့ ခေတ်အဆက်ဆက်က မိန်းမတွေကြွားတာကို လှောင်တဲ့ဝတ္ထု… မိန်းမတွေ ပိုက်ဆံမက်တာတော့ ဘုရားလောင်းတောင် ကြုံခဲ့ရသေး တာပဲ…ဘုရားလောင်းဟာ သုမေဓါရှင်ရသေ့ဘဝမတိုင်မီ ဘဝတစ်ခု မှာ သိပ်ဆင်းရဲတဲ့ ထင်းခုတ်သမားဖြစ်ခဲ့တယ်…ထင်ရှာလို့မရတဲ့နေ့ ဝင်ငွေမရှိတဲ့နေ့မှာ…ထင်းခုတ်သမားဟာ ထမင်းဟင်းဆို မယားက ဆောင့်အောင့်ကျွေးတာခံရတယ်…အိမ်ရှေ့မှာ တုံးလုံးလှဲရင်လည်း မိန်းမက ခြေကျော်ခွသွားတယ်…အဲ ပိုက်ဆံရှာလို့ရတဲ့နေ့များဆို အိမ်ရှေ့ မှာတုံးလုံးလှဲနေရင် မိန်းမက "တော်ကလဲတော်…ကျုပ်ကို ရှေ့ပေး ပါနဲ့…တော့်ခြေထောက်ဘေးဖယ်လို့" ချိုချိုသာသာပြောတဲ့… ပိုက်ဆံနော်…ပိုက်ဆံတန်ဖိုး ဘယ်လောက်ကြီးတယ်မှတ်သလဲ…"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ မေ့ပြောပုံဆိုပုံကိုကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်မောမိသည်။ စာအရမ်းဖတ်မှန်း မေနဲ့စကားပြောကြည့်ရင် သိနိုင် ပါသည်။ သူ့ဝင်ထဲမှာတော့ သူသည် စာဖတ်ခြင်းရော စာရေးခြင်း ပညာကိုရော နှံ့စပ်လေသည်။ အသက်ငယ်လို့ သူ့ကို လုံးဝအထင် သေး၍မရသော မိန်းကလေးမျိုး။

"ပြီးတော့ တချို့မိန်းကလေးတွေ မကြားတယ်... သိ တယ်... မေ့ ပတ်ဝန်းကျင်မှာ မေ့သူငယ်ချင်း ကောင်လေးတွေ ကိုယ်တိုင်ပြောပြတာ...ရုပ်ကလေးလှတာပတာနဲ့...ကိုယ်ထူကိုယ် မထ ချင်ဘူး..."

"ကိုယ် မေ့အခင်တာဗျူးထဲမှာ ဖတ်လိုက်ရပါတယ်..."

"ဟုတ်တယ်...မေကတော့...Legal Prostitution မှန်းတယ်...မေပညာတတ်တယ်နော်...မေသိပါတယ်...မေ ဘယ်နည်းနဲ့မဆို အဆင့်အတန်းရှိတဲ့ယောကျ်ားနဲ့ပဲ မေကြံ့ရမယ် ဒါပေမယ့်...မေ ယောကျ်ားတစ်ယောက် သိန်းဘယ်လောက်ချမ်းသာ လဲ...ဘာကားစီးလဲ...မေစိတ်မဝင်စားဘူး...အဲသလိုဆို ပြော မယ်...မေတွဲခဲ့တာ အဲသလိုလူတွေများတယ်လေ...သူတော့ ချက်ပေါ့...သူက တကယ်ဆင်းရဲတာပါ...ဒါပေမယ့် ယောကျ် တစ်ယောက်မှာ သိန်းဘယ်လောက်ရှာနိုင်တဲ့ အရည်အချင်းရှိလဲဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ မေကြည့်တယ်…နောက်ဘယ်နှစ်နှစ်အတွင်း သူကားစီးနိုင်တဲ့အဆင့်အတန်းရောက်မလဲ…မေ အဲဒါနဲ့ဆုံးဖြတ်တယ်…အရင်ရှိပြီးသားတွေ မေစိတ်မဝင်စားဘူး…အရည်အချင်းရှိတဲ့လူဆို မေသိပ်သဘောကျတယ်…"

"ဒါဆို ကိုယ့်ကိုရော…"

"ဩော်…ပြောစရာလိုလို့လား…ကိုကို သတ္တိဒီလောက်ရှိတာ…ကိုကိုလုပ်နေတဲ့အလုပ်က အကြီးကြီးဟာကို…ဦးနှောက်မကောင်းလို့မရဘူးလေ…နိုင်ငံခြားသားတွေနဲ့ လုပ်ရတာ…တိကျလို့ပေါ့…မေ ကိုကို့အလုပ်ကို လေးစားပါတယ်…တကယ်ပြောတာ…မြန်မာတစ်ယောက်အနေနဲ့ ကွန်ပျူတာရှေ့ထိုင်ပြီး တစ်ကမ္ဘာလုံးနဲ့အလုပ်လုပ်နိုင်တာ ကိုကို့မှာ အရည်အချင်းအများကြီးရှိတာပြတာပဲ…"

"ကျေးဇူးပါပဲ မေ…"

"ဘာလို့လဲ…"

"ကိုယ့်ကိုချီးကျူးလို့…"

"ဘဝမှာ မေ့ရဲ့ Ideal Man က ကိုကိုပါ…ယှဉ်တာမဟုတ်ဘူး…ကိုကိုလဲ စိတ်ထဲမှာမထားနဲ့နော်…သူနဲ့တခြားစီပဲ…သူနဲ့ ကိုကိုတန်ဖိုးခြင်းအရမ်းကွာခြားပါတယ်…ပြီးတော့ မေ ကိုကို့ကို ပုဂ္ဂိုလ်ပိုင်းဆိုင်ရာလဲ လေးစားပါတယ်…"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လည်း မေ့ကိုလေးစားပါတယ်..."

"အယ်...ကိုကိုက နောက်နေပြန်ပြီ..."

"တကယ်ပါ...မေဟာ လူငယ်ကြိုက်စာရေးဆရာမလေးပေမယ့် ယောကျ်ားတွေဘက်က မျှမျှတတတွေးပေးတယ်...အဲသလိုမျိုး သဘောကျတယ်..."

"ဪ...ဒါက မေလက်ခံထားတဲ့အတိုင်းပဲပြောတာ...ငယ်ငယ်တုန်းကထင်ခဲ့ဖူးတယ်...မိန်းမတစ်ယောက်ရဲ့တန်ဖိုးဟာ ယောကျ်ားတစ်ယောက်ထက် ဘာလို့နိမ့်တယ်လို့ ယူဆကြတာလဲပေါ့... တကယ်က...ယောကျ်ားတစ်ယောက်တန်ဖိုးဟာ မိန်းမတွေအတွက် Protection (ကာကွယ်မှု)ဖြစ်နေတာကိုက အစွန်းထွက်တန်ဖိုးပဲ... မေဆို စာရေးဆရာမ...လက်ရှိအောင်မြင်တယ်...နောက် ဆရာဝန် တစ်ယောက်လဲဖြစ်တယ်...ဒါပေမယ့် အဲဒီအောင်မြင်မှုတွေက မေ့ အသက်သုံးဆယ့်ငါးဆို Gone with the wind (လေရူးသုန်သုန်) လေ...အဲဒီအချိန်မှာ မေဟာ မိသားစုနဲ့ အတည်တကျဖြစ်နေမယ်... မေ့ခင်ပွန်းရဲ့ Protection နဲ့ မေ့သားသမီးကလေးတွေရဲ့ နောင်ရေး အတွက် ရှန်းကန်ရင်း ဘဝကိုအဆုံးသတ်ရမယ်...ဘဝဆိုတာ မိန်းမ နဲ့ယောကျ်ား အဖော်ဆိုတဲ့ခံစားချက်နဲ့ ရင်ဆိုင်ရမယ့် မျက်လှည့်ပွဲ ကြီးလေ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို…မေ ကိုကို့ကို လက်ထပ်မှာပေါ့…"

"ဟင့်အင်း…"

"ဘာလို့လဲမေ…ခုပဲအကောင်းပြောနေပြီးတော့…"

"ဟင်းဟင်း…အဲဒါက ဖြစ်သင့်တာကိုပြောတာ…"

"ဒါဖြင့်…မေက…"

"မေကလား…မေက…ဒီနှစ်ချက်နဲ့ မေ ကိုကို့ကို မေ သတဲ့အထိ အတတ်နိုင်ဆုံးချစ်သွားမယ်…ဒါပေမယ့် ကိုကို့ကို မေ လုံးဝလက်မထပ်ဘူး…ဒါပဲ…"

"သောက်ကျိုးနဲ့…ဒေါက်တာမေဘယ်လ်ဟန်စော… ခင်ဗျား ခုလေးတင် သားသမီးကလေးတွေ ဘာတွေပြောပြီး ကလေးမွေးရ မှာတော့ ကြောက်သတဲ့…"

သူက တခစ်ခစ်ရယ်လေသည်။ ဆက်ကယ်ရိုက်ပစ်ချင်စရာ ကောင်းတဲ့ကောင်မလေး။

"ကိုကိုမွေးပါလား…"

"မွေးလို့ရရင် မွေးတယ်…"

"ကလေးမွေးတာမလွယ်ဘူး ကိုကိုရဲ့…ကိုကိုတို့က ပြော တော့သာလွယ်တာ…ကလေးလဲမွေးပြီးရော ကလေးအဲ့နေ့တစ်ချက် အော်ကြည့်…မေတို့ပဲထိန်းရတယ်…ကလေးနေမကောင်းလည်း မေ

www.burmeseclassic.com

www.burmeseclassic.com



တို့မိန်းမတွေပဲ ပူရတယ်…"

"မိခင်မေတ္တာလေကွာ…"

"ကိုကို စကားကို ကတ်ပြောတယ်…အဲ…ပြောမလို့

ကြည့်စမ်း…ကြည့်စမ်း…"

ကျွန်တော့်ကို သေချာကြည့်ပြီးတော့ ပြောသဖြင့်

"ဘာလဲကွ…"

ဟု ပြန်မေးလိုက်သည်။

"ကိုကို…ရှပ်အင်္ကျီလက်တိုဝတ်ထားတယ်…"

"ဘာဖြစ်လို့လဲမေရဲ့…"

"ကိုကိုက အရပ်မြင့်တယ်…ပြီးတော့ အသားဖြူတယ်

ရှပ်လက်တိုဆိုတာ အရပ်ပုတဲ့လူတွေမှ လိုက်တာ…ကိုကိုနဲ့ကျ

လန်ဘားကြီးမှန်း ပိုသိသာတယ်…ကိုကိုက ရှပ်အင်္ကျီလက်ရှ

ကလေးတွေကို တစ်တောင်ဆစ်ကျော်ရုံခေါက်ဝတ်ရင် သိပ်ကြ

ကောင်းတာ…"

"ဟာ…အဲဒီလောက်ထိမလိုပါဘူး မေရာ…"

"ဘာလို့မလိုရမှာလဲ…မေနဲ့ကိုကိုက အသက်ကွာတယ်

ကိုကိုဖြစ်သလိုနေရင် ရုပ်ပိုရင့်တာပေါ့…မေက အသက်ငယ်ငယ်

လို့ထင်ရတဲ့ဟာကို…အဟိ…"

www.burmeseclassic.com

www.burmeseclassic.com



"ချွေးမလေး…"

သူနဲ့ကျွန်တော်နဲ့ ဒီလိုအချိန်ကာလတွေအများကြီးကျန်စေချင်သေးသည်။ တစ်ခါတစ်ခါ သိပ်ချစ်ဖို့ကောင်းလှသည်မို့ ကြာလေသူနဲ့မခွဲချင်စိတ်က ပိုပြင်းထန်လာလေဖြစ်လာသည်။ သူမကြိုက်တဲ့မေးမြန်းစပ်စုခြင်းကို ကျွန်တော်ထပ်မလုပ်တော့သောအခါ ကျွန်တော်တို့နှစ်ယောက်ကြားမှာ ပြဿနာမရှိသလောက် နဲပါးသွားသည်။ ဘဝရဲ့အလှပဆုံးအချိန်ဟု ကျွန်တော်က ဒီအချိန်တွေကိုတင်စားလျှင် သူကနှစ်ယောက်တစ်ဘဝဆိုတာ ရေမွှက်သလိုပါပဲတဲ့ဟု ပြန်ချေပတတ်သည်။ သူ့ရဲ့ဝတ္ထုများကတော့ ပို၍နူးညံ့လာသည်။ အတွေးအခေါ်များပို၍ရှုးရဲလာသည်။ စကားလုံးများ ပိုပြောင်မြောက်လာသည်။

ပြီးတော့ အဆုံးသတ်တွေက ညားပေးတာ ပိုများလာသည်။

ပရိသတ်တွေ ပိုချစ်လာသောသူသည် ကျွန်တော်နဲ့ချစ်သူဖြစ်ပြီးနောက်ပိုင်း လူပုံစံက ပိုသိမ်မွေ့လာခဲ့သည်။ ပိုပြီးအောင်မြင်ကျော်ကြားလာခဲ့သော်လည်း ကလေးတစ်ယောက်လို မျက်စောင်းထိုးတတ်ဆဲ၊ ကစ်ခါတစ်လေ ညအချိန်မတော် ကျွန်တော့်ကို ဖုန်းနဲ့လှမ်းနှိုးပြီး

"လွမ်းလို့…" ဟုပြောတတ်သူ။

ကျွန်တော်ပြောပြသောဇာတ်လမ်းများကို ဝတ္ထုထဲထည့်ရေး ကာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်လိုလက်ရရှိလျှင် ကိုကို ရည်းစားတွေထဲမှာ ဘယ်သူ့ကိုအချစ်ဆုံး လဲဟု မေးတတ်သည်။

"မေ့ကိုပေါ့…"

ဒါ ဖြေစရာတောင်မလိုပါ။ ဒီလောကကြီးမှာ ကျွန်တော် လက်ထပ်မည်ဟု ဆုံးဖြတ်ချက်ချမိသောမိန်းမသည် မေတစ်ယောက် ထဲရှိသည်။ မေ့အပေါ်ထားသောချစ်ခြင်းသည် စေတနာကို အမိက အခြေခံသည်။ မေက မသိချင်ဟန်ဆောင်မှာပါ။

ဘဝရဲ့လှိုင်းဒဏ်တွေကြား သူထပ်လဲမကျသွားဖို့ ကျွန်တော် သူ့ရှေ့မှာ မားမားမတ်မတ်ရပ်တည်ချင်သည်။ မေကမူ အံ့သြစရာ ကောင်းအောင် ကျွန်တော့်ကို ချစ်ရှုံသာချစ်ပြီး အားမကိုးခဲ့ချေ။ သူ ကျွန်တော့်ကို မသိစိတ်ဖြင့် ကြောက်ရွံ့နေခဲ့သည်။

မေသည် ရယ်စရာတွေ အတော်များများလုပ်တတ်လေသည်။

"သနပ်ခါးလေးများ လိမ်းပါလားမေရယ်…"

"ကိုကိုကြိုက်လို့လား…"

"အင်း…ကိုကို ဂျပန်မတွေကြားမှာနေလာတာ သနပ်ခါးရုပ် မမြင်ရဘူး…ဘိုမတွေဆိုလဲ မျက်နှာပြောင်နဲ့…"

"မေ သနပ်ခါးမကြိုက်ဘူး…"

"ဘို့ မှူးမ…"

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုပြောလိုက်သောညက ညဆယ့်တစ်နာရီထိုးကြီး

"ကိုကို...ခဏ...ခဏ... မေ့အိမ်ဘက်အမြန်လာ..."ဟု ခေါ်သဖြင့် အထိတ်တလန့်နှင့် ကျွန်တော့်မှာ ခြေမကိုင်မိ လက်မကိုင်မိ။ သူ့ကိုမြင်တော့ ရုတ်တရက် အရမ်းလန့်သွားသည်။

ညအိပ်မီးမှိန်မှိန်မှာ သူ့မျက်နှာသည် ဖွေးဆွတ်လျက်ရှိသည်။ လည်ပင်းနေရာက မဲနက်နေကာ မျက်နှာက ဖွေးဆွတ်ဆွတ်ကြီး။ ရုတ်တရက်မို့ ကျွန်တော့်နှလုံးခုန်သံတွေ ဒိန်းခနဲခုန်ကာ ရပ်သွားတော့ မယောင်ထင်ရသည်။

"ဟဲ...ဟဲ...ကိုကို...လန့်သွားလား..."

"မင်း...မေ...ဘယ်လို..."

ကျွန်တော့်ကို ရယ်ပြလေပြီး ကျေးဇူးရှင်က ညအိပ်မီးကို မြှင့်လိုက်သည်။ အဲဒီတော့မှပဲ...။

"ကိုကိုက သနပ်ခါးလိမ်းဆို...မလှဘူးလား...ဒါအသစ်စက်စက် ရွှေပြည်နန်း ကုံကော်ဝတ်ဆံသနပ်ခါးကို ရာဇနေဝင်းကြော်ညာတဲ့ feel မိတ်ကပ် ခံလိမ်းထားတာ..."

"မင်း စုန်းကားပဲရိုက်လိုက်ပါတော့လားမေ..."

ကျွန်တော် စိတ်တိုတိုနှင့်ပြောတော့ ကျွန်တော့်လည်ပင်းကို နောက်ကသိုင်းဖက်ကာ ချော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး…ကိုကို…"

"ဟင်း…"

"ကိုကိုလန့်သွားတာပဲ…ဟုတ်တယ်မို့လား…"

"…"

"မညာနဲ့…ကိုကို ကြောက်တတ်တယ်နော်…"

"ဘာမှမကြောက်တတ်ဘူး…"

"လူလိမ်ကြီး…"

ပြောပြီး သူ့လုပ်ရပ်ကို သူရယ်နေလေသည်။

"ဘာကောင်မလေးမှန်းကိုမသိဘူး…"

နောက်တစ်ခါကတော့ ကျွန်တော် ညလုံးပေါက် ငွေစာရင်းတွေထိုင်တွက်ပြီး သကာလ အိပ်ချင်မူးတူးဖြစ်နေချိန်မှာ…

"ကိုကိုရေ…ခဏ…"ဟုခေါ်သဖြင့် သူ့အခန်းဘက်လိုက်သွားရသည်။ ပြီးတော့…

"မွှေ…မွှေ…မေ့ခုတင်အောက်မှာ…"

"ဘာ…"

"မွှေလေ…မွှေ…အမယ်လေး…မွှေစိမ်းမီးကြောက် ကိုကို့ရဲ့…မေ့ကို နတ်တိုက်ပြီထင်တယ်…မနေ့က ဆေးရုံမှာ မိသူငယ်ချင်းတွေနဲ့ ပေါက်ကရတွေပြောခဲ့တယ်…ဟီးဟီး"

www.burmeseclassic.com

www.burmeseclassic.com


"နေစမ်းပါ မေရာ…အရေးထဲ…ကိုကိုရှာပါရစေဦး…"

ကျွန်တော်ဟ သူ့ခုတင်အောက်ကို ခါးကိုင်းပြီးငုံ့အကြည့် ကျွန်တော့်လည်ပင်းပေါ် ပျော့စိစိအရာကြီးတစ်ခု လာထိသဖြင့် လန့်ပြီး ထက်နဲ့ယူကြည့်မိလိုက်သည်။

အမယ်လေးဗျ။ မြွေ။ စိမ်းရွှေပြီး အာခေါင်ထဲကလျှာက တစ်စ်တစ်လစ်နဲ့။ မြွေကိုကိုင်ရက်သားနဲ့…ကြောက်လန့်စိတ်ကြီးပြီး

"အား…"

ဟုအော်ဟ ကျွန်တော်မေ့လဲသွားခဲ့သည်။

သတိရလာတော့ မေ့ခုတင်ပေါ်မှာ ကျွန်တော်ရောက်နေသည်။

မေ့မျက်နှာက ရယ်ချင်စိတ်ကို စိတ်ပူတဲ့သောဟက ဖုံးလွှမ်းထားသောမျက်နှာမျိုး။

"ကိုကို သတိရလာပြီ…"

"အင်း…မြွေရော…မြွေလေ…"

"ခေါင်းကိုမသုံးဘူး…ဒါနဲ့များ Business Man တဲ့…ဒီခြောက်ထပ်တိုက်မှာ မြွေရှိပါ့မလား…ကိုကိုက ဟိုတစ်ခါကြောက်တတ်တယ်လို့ မေပြောတော့ ငြင်းတယ်လေ…မှတ်ပြီလား…မေ့ကိုစိမ်းတာကိုး…ဒါကြောင့် တမင်ပညာပေးတာ…ဒီမှာလေ…မြွေ…က မြွေတို့ရဲ့သခင် မယ်တော်မြစိမ်းရှင်ပေါ့…ဟားဟား…အတော်

www.burmeseclassic.com

www.burmeseclassic.com



ပဲ...ဝဋ္ဋကြွေးဦးမှ...ပြီးရင်...လောကီမဂ္ဂဇင်းတစ်ခုခုပို့မယ်..."

သူလည်ပင်းမှာ မြွေရုပ်ကိုပတ်ကာ ရယ်နေတဲ့ပုံသည် ကျွန်တော့်မျက်လုံးထဲမှာ လုံးဝမထွက်တော့။

မေ့မျက်လုံးများသည် ပကတိ ကြည်စင်၍နေသည်။

လက်ခုပ်လက်ဝါးတီးကာ ရယ်နေတဲ့ပုံကို ချစ်မြတ်နိုးစွာကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ ကြည်နူးလိုက်ရတာ။

မင်းပျော်ပါစေမေ။ ကိုယ့်အသက်ကို ခုတုံးလုပ်ရမယ်ဆိုရင်တောင် ကိုယ်ပေးဝံ့ပါတယ်။

မင်းအမြဲတမ်း ရယ်မောနိုင်ပါစေမေ။

ကျွန်တော်က ငေးကြည့်နေသောအခါ မေအရယ်ရပ်သွားသည်။ ပြီးတော့ တည်သွားသည်။

"ကိုကို ပြန်သတိရလာလို့...တကယ်တော့ ကိုကို မေ့သွားတဲ့အချိန်မှာ မေအရမ်းစိတ်ပူရတယ်...မေလေ...ကိုကိုမရှိလို့မဖြစ်ဘူး...မဖြစ်ပါဘူး...ကိုကိုကို ထပ်ဆုံးရှုံးလို့မဖြစ်ဘူး..."

"ဒါပေမယ့်...ကိုယ့်ကို မင်းဝဋ္ဋထဲမှာသတ်ပစ်တယ်လေ..."

"ဟဲဟဲ...ကိုကို့ကို ဝဋ္ဋထဲမှာ ခဏမုန်းကြည့်တာ သိလား...ဒါပေမယ့် မုန်းနိုင်ပါဘူးဗျာ...အင်း...ညည်းကို ကျုပ်လေ...ညည်း ဘယ်လောက်အချိုးမပြေပါစေ...မုန်းနိုင်ဘူးတော့..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ပါးကို သူ့နှာခေါင်းနှင့် ခပ်ကြွမ်းကြွမ်းဖိနမ်းတော့ ကျွန်တော့်မှာ ကြည်နူးစိတ်ကြီးစွာဖြစ်ရသည်။

သူ့ခန္ဓာကိုယ်ကို ခပ်တင်းတင်းပွေ့ဖက်ကာ…

"ကိုကိုတို့ ဘယ်တော့မှမခွဲဘူးနော် မေ…"

အဲသလိုပြောတော့ သူ့မျက်နှာတည်သွားတာ သိသာသည်။

"မသေချာပါဘူး ကိုကို…"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် သူ့အိမ်လခတွေ စိုက်ပေးထားတဲ့ကိစ္စကို သူလုံးဝ မကြည်ခဲ့။

"ဒါစော်ကားတာ…မေ့ကိုစော်ကားတာ…"

"မေ တကယ်အဲသလိုထင်လား…"

"ထင်တယ်…"

"ဒါဆို မေ အယူသီးနေတာပဲ…ကိုယ် မင်းကို ဒီလောက် တောင်ဖြည့်ဆည်းပေးခွင့်မရှိဘူးလားဟင်…တစ်နေ့ကျန် ဒေးရှိမှာ ညကျတော့ စာသင်၊ ဆေးခန်းသွား၊ စာရေး…မင်းကြာနိုင်သေလိမ့် မယ်ကွ…"

www.burmeseclassic.com

www.burmeseclassic.com



"သေပစေပေါ့…"

သို့သော် သူစိတ်ပြေသွားပါသည်။

သူ့အိမ်ခန်းခပိုက်ဆံကို ပညာရေးတွင် သုံးလိုက်နိုင်သည်။ ဒါတောင် အကြွေးမှတ်ထားဟု ကျွန်တော့်ကို ခပ်တည်တည်ပြောသည်။ မေသည် ဟောက်စ်ဆာဂျင်ပြီးသောအခါ အချိန်အားသွားသဖြင့် ကျွန်တော်နဲ့ ပိုနေချိန်ရလာသည်။

ကျွန်တော်က ကွန်ပျူတာရှေ့မှာအလုပ်လုပ်နေချိန်မှာ သူက ကျွန်တော့်အတွက် ထမင်းဟင်းဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးသည်။

ကျွန်တော့်ခြေသည်းလက်သည်းများကို တိတိရိရိညှပ်ပေးတတ်သည်။ ပြီးတော့ ခြေထောက်ကို Pearl Cream လိမ်းပေးတတ်သည်။

"ခြေထောက်က သိပ်နံတာ အရမ်းဂရုစိုက်မှ…ခြေသံကြားမှာ ချေးဝင်ရင် တအားနံတာ သိလား…"

ကျွန်တော့်မုတ်ဆိတ်မွေးများကို ညင်သာစွာရိတ်ပေးတတ်တာကတော့ မေ့ရဲ့ကျွမ်းကျင်မှုတစ်ခုပင်ဖြစ်သည်။

After Shave ကို ဖော့နှင့်ခပ်ဖွဖွလိမ်းပေးတတ်သော မေ့လက်ချောင်းကလေးများသည် ကျွန်တော့်အတွက် အဖိုးအနဂ္ဃထိုက်တန်လှသည်။ မကြာခဏ နိုင်ငံခြားခရီးသွားရသော ကျွန်တော်သည် ခရီးကပြန်ရောက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



"မေ ကိုကို့ကိုမလွမ်းဘူးလား..."

ဟုမေးတတ်သည်။

"လွမ်းတာပေါ့..."

"လွမ်းတော့ ဘာလုပ်နေလဲ..."

"ဂျယ်လီစားတယ်..."

"ဂျယ်လီစားတယ်...ဟုတ်လား..."

"အင်း...ဂျယ်လီစားတော့ မေရင်ကြပ်တယ်လေ..."

"ရင်ကြပ်တယ်..."

ကျွန်တော် သူ့မှာ ရင်ကြပ်ရောဂါရှိတာ လုံးဝမသိခဲ့ပါ။

"ဟုတ်တယ်...မေ ဆယ့်ခြောက်နှစ်က စကြပ်တာ...အမြဲ ဆေးသောက်ရတယ်...Asthma ထရင် ဘာကိုမှသတိမရတော့ဘူး..."

"မေရယ်...ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်ရောဂါများတာ မကောင်းဘူး..."

"မေက...ဆရာဝန်ပဲ...ဆေးနဲ့ ထိန်းထားမှာပေါ့...Asthma သမားတွေက ဉာဏ်သိပ်ကောင်းတာတဲ့ ကိုကိုရ...စိတ်မပူပါနဲ့ချို..."

"သေတတ်တဲ့ရောဂါလားမေ..."

သူ မျက်နှာသိပ်မကောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...မေ...ကိုကိုမေးနေတယ်..."

"မေ Professor တစ်ယောက်ကို မေးကြည့်တယ်..."

"အင်း...ပြော..."

"ဆယ်ယောက်မှာ သုံးယောက်ကပျောက်သွားတတ်တယ်... သုံးယောက်က Chronic (နာတာရှည်)ဖြစ်သွားတတ်တယ်...သုံးယောက်က Excerbation (အဆိုးဆုံးပေါက်ကွဲ)ဖြစ်ပြီး သေသွားတတ်တယ်တဲ့..."

"မေ ဆိုးဆိုးရွားရွားမဖြစ်ဘူးပါဘူး..."

"မယုံဘူး..."

"Part II စာမေးပွဲတွေဖြေတဲ့အချိန်တွေမှာ မေ Continuous (တောက်လျှောက်)ဖြစ်ခဲ့တယ် ကိုကို...မေစာမေးပွဲဖြေခါနီး ညဆို အရမ်းကြပ်ပြီ...Prednisolone (စတီးရွိက်)သောက်ဖူးတယ်... Teacher က Osteoporosis (အရိုးကျွတ်ရောဂါ စတီးရွိက်ဆေး၏ဆိုးကျိုး)ဝင်မှာစိုးလို့ Bencotide inhaler နဲ့ Ventolin inhaler ပဲသုံးခိုင်းတယ်...ဒါပေမယ့် Bencotide inhaler (စတီးရွိက်ရှူဆေး) က ဈေးအရမ်းကြီးတယ်...မေ မတတ်နိုင်ဘူး...Ventolin inhaler တောင် ဈေးက 1800, 1900 ဝယ်ရတယ်... အခုပုံမှန် Oral Bronchodilators (အသက်ရှူလမ်းကြောင်း လေပြွန်ချဲ့ဆေး)သောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"(ဆိုးကျိုး)Side Effects ကရော မေ…ဟင်…"

"မေအသက်ကြီးရင် နှလုံးထိမှာပေါ့ ကိုကို…ဒါပဲလေ…မေလေ…ဒီလူ့ဘဝကို နှစ်အကြာကြီးမနေချင်ခဲ့တာ ကိုကိုသိပါတယ်…မေက တနေ့နေ့ဆိုတာကို သူများထက် စောစောကြုံနိုင်တဲ့လူလေ…အချိန်မရွေး Excerbation ရနိုင်တဲ့ ရောဂါတစ်ခုနဲ့ အသက်ရှင်နေရတာမို့…လူတစ်ယောက်ကို ရင်နဲ့ရင်းချစ်ရမှာ သိပ်ကြောက်တာပဲ…မေက မေ့ချစ်သူကို ထားခဲ့ပြီး မျက်လုံးစုံမှိတ်မသွားချင်ဘူး…"

"မေရယ်…"

ကျွန်တော် သူ့ကို ပိုက်ရစိုက်ရပါသည်။ အဲယားကွန်းနဲ့ သူလုံးဝမတည့်။ ခြင်ဆေးခွေနံ့နှင့် သူလုံးဝမတည့်။ စိတ်ဖိစီးမှုများကိုတတ်နိုင်သလောက် ကျွန်တော် လျှော့ချပေးရသည်။

သူနဲ့ကျွန်တော် ခရီးတွေထွက်ကြသည်။ ချောင်းသာ၊ ငပလီ၊ ကျိုက်ထီးရိုး၊ မန္တလေး၊ အင်းလေး၊ ပြင်ဦးလွင်။ ငွေဆောင်ကိုလေယာဉ်လက်မှတ်အဆင်မပြေ၍ မသွားဖြစ်။

"ကိုကို မေ့ဆီကိုရောက်လာတဲ့အချိန်ဟာ မေ့ဘဝမှာ အပျော်ကျင် အပြုံးလဲဆုံးအချိန်ပဲ…ကိုကိုရှိနေလို့ မေပြန်ထူနိုင်လာခဲ့တာ…"

"အစကတည်းက မေက မာကျောပါတယ်…"

သူက ခေါင်းကိုဖြည်းညှင်းစွာခါယမ်းပြီး သက်ပြင်းချသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…မထင်ပါနဲ့ကိုကိုရယ်…မိန်းမဆိုတာ နူးညံ့ကြတာချည်းပဲ…အတိုင်းအတာတစ်ခုထိပဲ…တင်းခံနိုင်တယ်…မေ့ဘဝမှာ သူနဲ့ပတ်သက်ပြီး နာကျင်ခဲ့ရသမျှ မေပူလောင်နေခဲ့တာလေ…တကယ်တော့ မေဟာ အချစ်နဲ့ပတ်သက်ရင် အတ္တကြီးတယ်…မေ့တစ်ယောက်ထဲဆိုတာကို မေခံ့မင်တယ်…မေ လိမ်တာညာတာကို အမုန်းဆုံးပဲ…ဒါပေမယ့် သူဟာ သူ့အပေါ်မှာထားတဲ့ မေ့ယုံကြည်မှုတို လူသေသလို သတ်သွားခဲ့တယ်…ကိုကို့ကိုတော့ အဲသလိုမဖြစ်စေချင်ဘူး…"

ကျွန်တော်တို့နှစ်ယောက်သည် ဝရန်တာမှာထိုင်ကာ ထိန်ထိန်သာသောလကို ကြည့်ပြီး စကားတွေဖောင်ဖွဲ့ပြောခဲ့ကြသည်။ တစ်ခါတစ်လေ ကျွန်တော် Fax တွေနဲ့ အလုပ်ရှုပ်နေလျှင် သူသည် ကျွန်တော့်အနားက ခုံတစ်ခုံမှာ ထိုင်ငိုက်ရင်း အိပ်ပျော်သွားတတ်သည်။ အဲဒီအခါ ရင်ဘတ်အထိစောင်ဆွဲခြုံပေးကာ သူ့ရဲ့ မျက်နှာကို ကျွန်တော်တမေ့တမောငေးကြည့်နေမိခဲ့သည်။ ပြီးတော့ သူ့လက်ချောင်းကလေးတွေကို ချစ်မြတ်နိုးစွာဆုပ်ကိုင်ပြီး ကျွန်တော် တိတ်တိတ်မျက်ရည်ကျရလေသည်။

တကယ်လို့ သူသာ လောကကြီးထဲက ကျွန်တော့်ထက်စောစီးစွာထွက်ခွါသွားရလျှင်…

www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးသည် ကျွန်တော့်ကို ဘယ်လောက်နာကျင်စေပါသလဲ။

သူ့ရဲ့ နီညိုရောင်ဆံပင်ရှည်ရှည်များကို ကျွန်တော်ချစ်သည်။

သူ့ရဲ့ဝတ္ထုများကို ကျွန်တော်လေးစားသည်။

သူ့ရဲ့ရယ်မောတတ်တဲ့ဟန်ပန်တွေ...။

သူချက်ကျွေးတဲ့ ထမင်းဟင်းအရသာ...။

သူ့ရဲ့ ညီညာဝိုင်းစက်သော လက်ရေးကလေးတွေ...။

ကျွန်တော် ဘာတစ်ခုမှ မစွန့်လွှတ်နိုင်ပါ။

လူဆိုတာ သေမျိုးပဲ။

ကျွန်တော်ခံယူထားပြီးသား။ သို့ရာတွင် ကျွန်တော် သူ့ကို အဲသလိုနည်းလမ်းဖြင့် မဆုံးရှုံးချင်ပါ။

သူ့ဘက်ကတွေးလျှင် ပထမတစ်ကြိမ် သူနင့်နင့်သီးသီးဆုံးရှုံး ထားခဲ့ရပြီးပြီမို့ ကျွန်တော့်ကို သူသိပ်ချစ်သလို စွန့်လွှတ်ရမှာ သူ သိပ်ကြောက်ရှာမည်။

ထို့ကြောင့် သူလက်ထပ်ဖို့ တွန့်ဆုတ်နေတာဖြစ်သည်။ ကျွန် တော်ဘာလုပ်ရပါမည်လဲ။

ရှေ့ဆက်၍ သူ့ကို ဘယ်လိုနည်းဖြင့် စောင့်ရှောက်ရပါမလဲ။ ကျွန်တော်တို့နှစ်ယောက် ဖြူစင်စွာ တသက်လုံးချစ်နိုင်သည်ထားဦး--

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က တိုက်ကျိုက်လာခဲ့သူ။ တစ်နေ့ပြန်ရမည်။

သူက အင်္ဂလန်သွားဖို့ ကြိုးစားနေသူ။ သွားဖြစ်ဖို့ ဘယ်လောက်ရာနှုန်းသေချာပြီမှန်း ကျွန်တော်မသိ။

ကျွန်တော်တို့နိဂုံးသည် မိုင်ပေါင်းများစွာ ဝေးကွာသော နိဂုံးဖြစ်၍နေပြီမှန်း ခပ်ရေးရေးမြင်ရလေသည်။

လက်ထပ်ရမှာကြောက်သော အချစ်ကြီးသူ မိန်းမတစ်ယောက်နှင့်…တကယ်မချစ်သ၍ ဘယ်မိန်းမကိုမှ လက်ထပ်မယူဟု လက်မထောင်ခဲ့သော စီးပွားရေးသမားတစ်ယောက်တို့ရဲ့…နိဂုံးသည် တဖြည်းဖြည်း နီးကပ်၍လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

အဆုံးသတ်ဆိုတာ ကျွန်တော်တို့လူ့ဘဝတွင် ထင်ထားတာတွေ ...တက် ပိုမိုလှည့်ဖြားတတ်သောသဘာဝရှိသည်။ ကျွန်တော့်ဘဝမှာ ...အင်ဂျင်နီယာအတတ်ပညာဖြင့် ရပ်တည်ရလိမ့်မည်ဟု ထင်ခဲ့သော် ...ည်း ကျွန်တော် အင်တာနက်စီးပွားရေးသမားတစ်ယောက်ဖြစ်လာ ...သည်။

နိုင်ငံခြားသူများနှင့် ပတ်သက်ရှုပ်ထွေးခဲ့သော်လည်း မြန်မာ ...ကလေးတစ်ယောက်ကို နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုးချစ်မိခဲ့ ...ည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ဘာကိုမဆို စွန့်လွှတ်ဖို့၊ ဘယ်အရာကိုမဆို ဆော
ဆပ်ဖို့၊ အသင့်ဖြစ်နေခဲ့သည်။ သေချာတာက သူသည် ဘယ်တုန်းက
မှ မာယာများစွာဖြင့် ကျွန်တော့်ကိုမလှည့်ဖြားခဲ့ပါ။

လေးစားစရာကောင်းသော သူ့အကျင့်များကို အခန်းချင်းကပ်
လျက်နေတာကြာလာလေ ပိုသိလာလေဖြစ်သည်။

ညတစ်နာရီထိုးကြီး ကျွန်တော်တို့တိုက် မြေညီထပ်ကကလေး
လေး Pneumonia ဖြစ်ရာ သူ့ကိုလာခေါ်သဖြင့် ကျွန်တော်ပါ
အဖော်လိုက်ပေးရသည်။ ငိုနေသောကလေးရဲ့ ခေါင်းလေးကို သူ့
လက်နဲ့တစ်ချက်သပ်လိုက်သောအခါ တိတ်သွားသည်။

ကလေးဗိုက်ကိုလှန်ပြီး သူအသက်ရှူနှုန်းတွက်သည်။

"ဘယ်နှစ်ရက်ရပြီလဲ..."

"ဆယ့်ခုနှစ်ရက် ဆရာမ..."

"ကျွန်မဆီ ခေါ်လိုက်ယူနော်..."

"ဟုတ်ကဲ့..."

"ကလေးကို အဲသလိုမချီနဲ့...ဒီလိုချီ...ကျွန်မပြမယ်...ရှ
တို့ ကလေးကိုဒီတိုင်းထားတာ ပိုဆိုးတာပေါ့...ဒီမှာ ချေးတွေမှ
နေပြီ...နွေးနွေးထွေးထွေးထားပါ ကလေးကို...အဲ...ကွန်းပိတ်
လိုက်..."

www.burmeseclassic.com

www.burmeseclassic.com



ကလေးအတွက်ဆေးကို သူကိုယ်တိုင်ထုတ်ပေးသည်။

"မေ...Child ယူပါလား..."

"ဟင့်အင်း...မယူဘူး..."

"ဘာဖြစ်လို့လဲ..."

"မေ Part II ဖြေတုန်းကလေ...Child ဆို သိပ်စိတ်ညစ်တာပဲ...Short Case မှာ Marasmus (အာဟာရချို့တဲ့ရောဂါ) နဲ့ Down မှားပြောလို့လေ...အရမ်းရှက်ဖို့ကောင်းတာပဲ...Child က ချွယ်ပြွန့်တယ်...ကလေးဟာ လူကြီးလို Complaint မတက်ဘူး...သူတို့ ဘာခံစားရသလဲဆိုတာ ကိုယ့်ဖာသာကိုယ်သိအောင် လုပ်ရတယ်...အခက်ဆုံးပဲ...ကလေးတွေက သွားမထိနဲ့...ထိတာနဲ့ ငါးခနဲငိုတော့တာပဲ သိလား..."

"မေက ဘာကြိုက်လဲ...ကိုယ်က OG ယူစေချင်တယ်..."

"ဟင့်အင်း...မေနဲ့ခွဲစိတ်ခန်းနဲ့ မဖြစ်ဘူး...Medicine (ဆေးပညာ)က ကံလိုက်တယ်ပြောရမယ်...ပြီးတော့ စာဖတ်နိုင်တာရယ်၊ ဘွေးနိုင်တာရယ်အဓိကပဲ...အစတုန်းကတော့ Medicine ဆို အိပ်ပျင်းတာ...Surgery ကို စိတ်ဝင်စားတယ်...ဒါပေမင့် လုပ်နိုင်ဘူး...ဆာဂျရီက ပင်ပန်းတယ်...မိန်းကလေးတွေနဲ့မဖြစ်ဘူး...Medicine က အရမ်းကျယ်ပြန့်တယ်...တဖြည်းဖြည်းနဲ့ ငါသနာပါလာတယ်...

www.burmeseclassic.com

www.burmeseclassic.com



"မေနဲ့ ဆရာဝန်နဲ့ သိပ်မအောင်မြင်နိုင်ဘူး…"

"ဖြစ်နိုင်ပါတယ်…"

"ကိုယ်က စာပဲရေးစေချင်တယ်…"

"အင်တာနက်စာပေလား…"

"ဖြစ်နိုင်မယ်ဆိုရင်ပေါ့…"

"ဟင့်အင်း…မေ မကျော်ကြားချင်ဘူး…"

"မေရယ်…"

"ကိုကို…ဒီတစ်ခါခရီးထွက်ဖို့ရှိသေးလား…"

"အင်း…ဘာလို့မေးတာလဲ…"

"မေ…ကိုရီးယားမှာ စာမေးပွဲတစ်ခုသွားဖြေရဦးမယ်…"

ကျွန်တော် ဘာမှဆက်မပြောချင်တော့ပါ။

ကျွန်တော်နဲ့သူ တောင်နဲ့မြောက်ဖြစ်နေတတ်တာ အမြဲပဲလေ။ ပြောဖော်ရတာပဲ ကျေးဇူးတင်ရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့နှစ်ယောက်ကြားသို့ ပိုမိုနက်ရှိုင်းသောပြဿနာ
ကို သယ်လာသူကတော့ တင်မောင်ပဲဖြစ်သည်။

မင်္ဂလာဆောင်မှာ ဖြိုးဖြိုးဖြိုးကြီးနဲ့ဆောင်ပြီးတော့ သူ့မိန်းမနဲ့
ပြဿနာတက်တိုင်း ကျွန်တော့်ဆီပေါက်ချလာလေ့ရှိသည်။

"မင်းစဉ်းစားကြည့် ဟန်စော..."

ကျွန်တော့်ကိုစဉ်းစားခိုင်းပြီး တင်မောင်က သူ့ခေါင်းပေါ်
တင်၍ အကြာကြီးငိုင်နေသည်။

"ဟောကောင်...မင်းဘာပြောမလို့လဲ..."

"ဘဲဥနဲ့ ကြက်ဥ ဘာကွာလဲ..."

ဒီကောင့်မေးခွန်းက လွယ်မယောင်နှင့်ခက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘဲဥက ဘဲကဥတာ…ကြက်ဥက ကြက်ကဥတာ…ဘဲဥက အဖြူရောင်…ကြက်ဥက ကာကီရောင်…အဲ…မခေါ်တတ်ဘူးကွ…ဘဲဥက ပိုအားဖြစ်တယ်လို့ ပြောကြတာပဲ…"

"မဟုတ်ဘူး…"

"အန်…"

"ငါ့မိန်းမက တစ်နေ့လာလည်း ဥကြော်…တစ်နေ့လာလည်း ဥကြော်…ကြက်ဥနဲ့ဘဲဥ ဘာကွာလဲဆိုတော့ ရှင့်ဖာသာရှင်စဉ်းစား ပေါ့တဲ့…"

"မင်းမိန်းမက ဟင်းချက်မကျွေးဘူးလား…"

"မကျွေးဘူး…သူ့မိဘတွေ တစ်လတစ်သိန်းမပေးနိုင်ဘူးဆို ပြောလို့..ငါ့မိဘတွေကလည်း ငါ့ဘက်ကထောက်ခံတယ်ကွာ…အဲဒါ ငါ့ကို သူ့အကြောင်းသိစေရမယ်ဆိုပြီး…နေ့တိုင်း ဥတော့ကြော်တာ ပဲ…ကြက်လား ဘဲလား တစ်ခုခုပဲ…ကြာရင် ငါ ဥပုံပေါက်တော့ မယ်…"

တင်မောင့်ဒုက္ခက ရယ်လဲရယ်ရသည်။ တစ်ခါမှလည်း မကြား ဘူးပါ။

"မင်္ဂလာဆောင်တုန်းကကွာ…ဗွီဒီယိုရိုက်တယ် လေ… အေး…အဲဒါကို ငါ့မှာ စီဒီအချပ်နှစ်ရာကူးပေးရတယ်…လူကြား

www.burmeseclassic.com



တောင်မကောင်းဘူး…သူ့အမျိုးတွေ အမှတ်တရကြည့်ဖို့တဲ့…အချုပ် နှစ်ရာကွာ…တစ်ချုပ်ကို တစ်ထောင်…မင်းတွက်ကြည့်…200 × 1000= 200000 နှစ်သိန်းကွ…ငါ အလှူမိနီယမ်ဘုရားစင်တစ်စင် ရောင်းရမှ သုံးသောင်းဖျစ်ဖျစ်မြည်ရတာ…ဟာ…အမျိုးကတော့ အသေသိတတ်တဲ့မိန်းမပဲ…တစ်လကို ဆန်နှစ်အိတ်နဲ့ ဆီငါးပိုး ပုံမှန် ပို့ရတယ်…ငါ့မှာ မိန်းမယူမိပါတယ်ဆိုမှ ဘုန်းကြီးကျောင်း ဝါတွင်း လှူရသလိုကြီးကွ…မပေးလဲမကောင်း…ပေးလဲ ကြာတော့ ငါထိခိုက် တာပေါ့…အလုပ်က အရောင်းအဝယ်သိပ်ကောင်းတာမဟုတ်ဘူး…"

"ဒီကြားထဲ…အင်္ကျီကလည်းချုပ်တာများ…ဘုရားစူး… ထက်ထက်မိုးဦးကြော်ငြာရိုက်ရင်တောင် သူ့လောက်ချုပ်မှာမဟုတ် ဘူး…မနက်ခင်း ဈေးသွားတာအတွက် ရှန်စသပ်သပ်ချုပ်တယ်ကွာ… စကော့ဈေးသွားဖို့ဆို ရယ်ဒီမိတ်တစ်ထည် လေးငါးသောင်းကျော်… ဖိနပ်ကလည်း နေ့တိုင်းအတွက် တစ်နေ့တစ်ရံများဝယ်သလား အောက် မေ့ရတယ်…အဲ…သူ့အပေါင်းအသင်းတွေအိမ်ခေါ်ပြီး ကြွားရတာ လည်း တမှောင့်…ပြီးတော့ ငါ့ကို သူငယ်ချင်းတွေရှေ့မှာ ပါဝါကလဲ အသေပြတယ်…စကားသိပ်မပြောချင်လို့ ငြိမ်နေတာများ…ဟာ… အဲဒါကို သူ့သူငယ်ချင်းတွေက ဒီလိုအေးတဲ့ယောကျ်ားမျိုး မရှိဖူးဘူး ဆိုပြီး သူ့ကိုချီးကျူးကြနဲ့ ငါ့မှာ အရှင်လတ်လတ် လှုံပြည်ရောက်နေ သလိုပဲ…"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်မှာ တင်မောင်ပြောသမျှကို ရယ်မောရုံအပြင် ဖြေသိမ့်စရာစကားမရှိပါ။

သူယူသောမိန်းမသည် သူရွေးချယ်ထားသောမိန်းမဖြစ်သည်။ မိန်းမတို့မည်သည် ယောကျ်ားကိုနိုင်တာ၊ ယောကျ်ားက ထမင်းဟင်းချက်ကျွေးတာ၊ ယောကျ်ားက ဖုန်းဝယ်ပေးတာ စသဖြင့် အချင်းချင်းပြိုင်တတ်ကြသောအမျိုးဖြစ်သည်။

နိုင်ငံတွေသာပြောင်းသွားမယ်၊ လူမျိုးတွေသာပြောင်းသွားမယ်၊ မိန်းမဟူသောအမျိုးကား မပြောင်း။ ပြိုင်စရာမရှိ ကြံဖန်ပြိုင်ကြသောအမျိုးဖြစ်သည်။

မေနဲ့ ညဘက်တွေ့တော့ ဘာရယ်မဟုတ် တင်မောင့်မေးခွန်းကို မေးမိသည်။

"ကြက်ဥနဲ့ဘဲဥ ဘာကွာလဲမေ..."

"ဘဲဥက ကြက်ဖရည်းစား...ကြက်ဥက ကြက်ဖဥတာဖြစ်မယ်...မသိဘူး...ကြက်ဖဆီလှမ်းဖုန်းဆက်မေးပေးမယ်..."

ကျွန်တော် မေ့ကို အံ့သြသွားသည်။

"မေ...တိရိစ္ဆာန်တွေနဲ့ စကားပြောတတ်တယ် ဟုတ်လား...မေ သက္ကတဘာသာတတ်သလား..."

ကျွန်တော့်စကားကို မေကရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘဲဥနဲ့ကြက်ဖဆိုတာ မေ့သူငယ်ချင်းစုံတွဲလေ…ကောင်မလေးက ဖြူဖြူဥဥလေး…ကြက်ဖက လူ့ဘီလူးအသေးစားပဲ…ကိုကို သူတို့နဲ့သိလား…"

"ဒါဆို သူတို့က လူပေါ့…"

"အင်းလေ…လူပေါ့…အတန်းထဲမှာ နာမည်ပြောင်တွေအများကြီးရှိတယ်…ရေမြင်းတို့၊ ခွေးကြီးတို့တောင်ရှိသေးတယ်…"

"ဟုတ်သားပဲ…မေက ကျွဲမ…"

"ကိုကို…"

ကျွန်တော့်ကို အသံရှူးရှူးဖြင့် ကုန်းအော်လေသည်။

"စတာပါမေရဲ့…ဪ…တင်မောင်ကမေးလို့ပါ…ဘဲဥနဲ့ကြက်ဥ ဘာကွာလဲတဲ့…သူ့မိန်းမက သူ့ကို အဲဒီအဖြေမရမချင်း ပြန်မလာနဲ့လို့ဆိုပြီး အိမ်ကနှင်ချလိုက်လို့…"

"ဒါများ…ပြန်လွှတ်လိုက်…ဘဲဥက ငါးဆယ်…ကြက်ဥက လေးဆယ်လို့ ဖြေခိုင်းလိုက်…သူ့မိန်းမက သူ့ကိုပညာပေးတာနေမယ်…"

"မေကတော်လှချည့်လား…"

"အဲဒါ မေ့ဝတ္ထုထဲက နည်းပညာတွေလေ…"

"ဒါဆို တင်မောင့်မိန်းမက မေ့ပရိသတ်ဖြစ်လိမ့်မယ်…"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပေါ့…"

"မေက လင်နိုင်နည်းတွေရေးနေပြီ…ဒါမဖြစ်သင့်ဘူး…"

"အမယ်လေး…ကိုကိုတို့ယောကျာ်းတွေကို နိုင်ဖို့ဆိုတာ…လင်နေစ ဆင်သေမှပါနော်…မိန်းမတွေက ဆင်မပြောနဲ့ တီကောင်မြင်ရင်တောင် ကြောက်လွန်းလို့…အမယ်လေး…ပြောရင်းကျောချမ်းတယ်…ရှံလိုက်တာ…ထွီ…"

မေ့အဖြေမှန်ပါသည်။ တွီဗွီထဲကလိုပေါ့။ ညီမလေးအဖြေ ဒီတစ်ခါတော့ မှန်ပါတယ်တယ်ရှင်။ အားလုံးလက်ခုပ်တီးကြပါပေါ့။

တင်မောင် သူ့မိန်းမနဲ့ အဆင်ပြန်ပြေသွားသည်။

"ကြက်ဥ ဘဲဥတောင် ဒီလောက်ရှိရင် ကျန်တာတွေ တန်ဖိုးရှင်နားလည်လို့ပြောတယ်ကွ…ငါကို လုံးဝတော့မကြည်သေးဘူး…သမ္ဘူလခရေစီလေကွာ…မေ့ကြောင့် မြန်မာပြည်ကယောကျာ်းတွေစိတ်ညစ်ရဦးမယ်…မင်းလဲ မလွယ်ဘူး…စာရေးဆရာမရည်စားဖြစ်ရတဲ့ဒုက္ခ မသေးဘူးကွ…"

မေသီတော့ ဆွေ့ဆွေ့ခုန်နေလေသည်။

"ပြောလိုက်စမ်းပါ…စာရေးဆရာမရဲ့နှလုံးသားဆိုတာ လူတစ်ယောက်ကို လွယ်လွယ်ကူကူ မချစ်တတ်ဘူးလို့…"

မေနဲ့ပတ်သက်ပြီး အရယ်ရဆုံးကိစ္စမှာ ဖိနပ်အမြင့်နှင့် ချော်လဲ

www.burmeseclassic.com

www.burmeseclassic.com


ခြင်းဖြစ်သည်။ တင်မောင့်ကိုရန်တွေ့ရန် တင်မောင့်အိမ်သို့အသွား မေက အရပ်မြင့်သေ ၇ကျွန်တော့်ကိုမီရန် ဖိနပ်လေးလက်မခွဲစီးလာသည်။ အမြဲ နံပါးပဲစီးတတ်သူမို့ မေ ဒုက္ခရောက်လေသည်။ ဖိနပ်အမြင့်ဆိုတာ ထိန်းသိမ်းရခက်သည်။

"အား...ခြေထောက်အရမ်းနာတာပဲ..."

"မေက စီးကျင့်မှမရှိတာ...ဘာလို့စီးလဲ..."

"ကိုကိုက အရပ်အမြင့်ကြီးပဲဟာကို...ကိုကို့ကိုမီအောင်တော့ မဟုတ်ပါဘူး...ဒါပေမယ့်...မေက ကိုကို့နဲ့ယှဉ်ရင် အတွဲလို့ကုံမထင်ရဘူး..."

"ဟုတ်တယ်...အိမ်ကနိုင်းတဲ့ ကုလားမလေးလို့ ထင်ရတယ်... ဆံပင်တွေကလဲ နီကြောင်ကြောင်ဆိုတော့...အုတ်ခဲရှက်ထားသလိုပဲ..."

ကျွန်တော့်ကို သူဒေါသတကြီး ခုန်၍ ကျွန်တော့်လက်မောင်းကိုထုရာ ဖိနပ်အမြင့်ကြောင့် ခြေခေါက်လဲလေသည်။

"အဲဒါကြောင့်ပြောတာ...လူကြီးကို စော်ကားဦး..."

"ကိုကိုနော်..."

ခြေခေါက်လဲပြီး ခြေကျင်းဝတ်ယောင်သွားသဖြင့် ဆေးခန်းသွားရာ သူ့ကို ဆေးပေါ့လိမ်းပေးသည်။ ပြီးတော့ ဗဝ်ဝ်စီးပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ...တစ်ပတ်နဲ့ပြန်ကောင်းပါ့မလား..."

"အဆစ်လွဲသွားတာ...တစ်ပတ်လောက်တော့ ခံရမယ်..."

ကျွန်တော့်ကို မျက်စောင်းတထိုးထိုးနှင့် ဘာစကားမှမပြော။ နှုတ်ခမ်းကိုဆူထားသည်။ ခြေထောက်နာတာ သက်သာဖို့အတွက် သူ အကိုက်အခဲပျောက်ဆေးသောက်ရသည်။

ပြဿနာ အဲဒီမှာစတော့တာပဲ။ အကိုက်အခဲပျောက်ဆေးကြောင့် သူရင်ကြပ်ပြန်လေသည်။

ရင်ကြပ်ရောဂါသည်ကို ကျွန်တော့်တသက်မှာ ဒီတစ်ခါပဲမြင် ဖူးသည်။ လုံးဝစကားမပြောနိုင်ဘဲ ချွဲသံက အနှားကလူပါကြားရ သည်။ ချွေးတွေရွှဲကာ သူ့ရင်ဘတ်သည် အသက်ရှူဖို့တော်တော် ခဲယဉ်းနေသည်။ မချိမဆန့်ခံစားရသော ရောဂါပင်တကား။

"ကိုကို ဆေးရုံပို့ပေးရမလားမေ..."

သူခေါင်းညိတ်ပြသည်။

SSC ဆေးခန်းကိုရောက်တော့ ချက်ချင်း သူ့ကို အောက်ဆီဂျင်ပေးရသည်။ ခုတင်ပေါ်မှာ သာခွေယိုင်ဖြစ်နေသော သူ့ကိုကြည့်ပြီး... ဘဝတောက်လျှောက် သူသည် ဒီရောဂါကို အမြဲကြိုတင်ကာကွယ်ရ။ နို့မို့ အသက်ပါသွားပြီး သေဆုံးသွားနိုင်သည်ဟု ကျွန်တော် မျက်မြင်သိလိုက်ရသည်။ မေ့မှာမှ ဒီရင်ကြပ်ရောဂါ ဘာဖို့လာရှိနေသလဲကွာ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ မချိတင်ကဲဖြစ်မှုကို သူနေပြန်ကောင်းလာတော့ ရှင်းပြပါသည်။ သူသည် ရောဂါတစ်ခုကို အများသူငါရင်ဆိုင်သကဲ့သို့ ရင်ဆိုင်ဘဲ ကျွန်တော်မလာင်ထားသော ရှုထောင့်တစ်ခုမှ ရင်ဆိုင်သောမိန်းကလေးပင်ဖြစ်သည်။

"ရင်ကြပ်ရောဂါဆိုတာ ဓါတ်မတည့်တာကြောင့်ပဲဖြစ်ဖြစ်... စိတ်ဖိစီးမှုကြောင့်...ဒါမှမဟုတ် အခိုးအငွေ့ (မီးခိုး၊ မှုန့်တတ်သောအနံ့ ဖြင်းရေးမွှေး၊ ကိုယ်လိမ်းပေါင်ဒါ) စတာတွေကြောင့် လေပြွန်က ဂလင်းကလေးတွေက ချွဲတွေထွက်လာတယ်...အဲဒီချွဲတွေနဲ့ အဆုတ် မြွန်သေးသေးကလေးတွေထဲမှာပါပိတ်ပြီး အသက်ရှုကျပ်လာတာ... မေသိပ်စိတ်ဆိုးရင် လုံးဝ Bronchodilators မနိုင်တော့ဘူး...ရှူ ဆေးလဲမရဘူး..."

"မေက စိတ်ကိုထိန်းမှပေါ့..."

"မရဘူး...မေ့ဘဝတလျှောက်လုံး တော်တော်ပင်ပန်းဆင်းရဲခဲ့တယ် ကိုကို...မေ့ကိုနှိပ်စက်ကလူပြုတဲ့လူတွေနဲ့ချည်းပဲ မေတွေ့ခဲ့ရတယ်...အစက မေဒီလောက်မဆိုးဘူး...Part II ရောက်မှ တအားဆိုးလာတာ...ကိုကိုပဲစဉ်းစားကြည့်လေ...သူများတွေအတွက် Part II ဆိုတာ သရေးရှင်ရေးပဲ...စာပြီးရင် စာ...စာတစ်ခုထဲကိုပဲ အာရုံ စိုက်ပြီး ကျက်နေတဲ့အချိန်မှာ...မေ့မှာတော့ ထမင်းစားဖို့ ပိုက်ဆံ၊

www.burmeseclassic.com

www.burmeseclassic.com



ကျရှင်တက်ဖို့ပိုက်ဆံ တစ်ဖက်ကရှာရတယ်…သူများတွေ စာကျက်နေတဲ့အချိန်မှာ မေ တစ်လဝတ္ထုတစ်အုပ်ထွက်ဖို့ စာရေးရတယ်…ရတဲ့ပိုက်ဆံက သူရှုပ်ခဲ့တဲ့အကြွေးတွေ မေခေါင်းခံရှင်းရတယ်…သူ့မိဘတွေက မသိချင်ဟန်ဆောင်နေခဲ့တယ်…သူများအိပ်ချိန်မှာ မေစာကျက်ရတယ်…မေ့မှာ အိပ်ချိန်ဘယ်လောက်မှမရှိဘူး…ဆရာတွေစာမေးလို့မရမှာလဲစိုးတော့ မေ့မှာ စိတ်သောက ဘယ်လောက်များမလဲ စဉ်းစားကြည့်…သူနဲ့ပတ်သက်တဲ့အသိုင်းအဝိုင်းက မေ့ကို မှိုချိုးမျှစ်ချိုးအပုပ်ချတာ မေခံရသေးတယ်…အဲသလို ဆင်းရဲကျပ်တည်းမှုနဲ့ မေဆရာဝန်ဖြစ်ခဲ့တာ…မေ့စိတ်ကို တင်းထားမှ မေနေလို့ရတယ်…လျှော့လိုက်ရင် သွားရောပဲ…သူများသနားတာလဲ မခံချင်ဘူး…ဒီရောဂါရှိတာလည်း မေ့ရဲ့လူနေမှုဘဝနဲ့ အများကြီးပတ်သက်တယ်…အိုင်ကျူမြင့်တဲ့လူတွေမှ ဖြစ်တယ်လို့ပြောကြတာပဲ…"

"ဒါဂုဏ်ယူစရာမဟုတ်ဘူးမေ…"

"တော်စမ်းပါကိုကိုရာ…အသက်ကြီးလာရင် လူတွေဟာ ရောဂါတစ်ခုကို လက်ခံရတာပဲ…မေက ရင်ကြပ်ရှိတယ်…ဒါ ဘုရားသခင်အလိုတော်ကျပဲ…မေဆင်းရဲတာမှန်တယ်…မေ ယုတ်မာခံခဲ့ရတာမှန်တယ်…ဒါပေမယ့် မေ့မှာ ပညာနဲ့ အောင်မြင်ကျော်ကြားမှုရှိတယ်…မေဘယ်တော့မှ ဒီလောကထဲက ခေါင်းငုံ့ပြီးထွက်သွားဖို့

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒမရှိဘူး…မေအနိုင်လိုချင်တယ်…ဒါအမှန်ပဲ…မေ အဲဒီစိတ်နဲ့ အသက်ရှင်နေတာ…Asthma ဆိုတာ ဆေးနဲ့ထိန်းရင်ရပါတယ် ကိုကိုရာ…"

"မင်း လူတွေကို နားလည်ပေးလိုက်လို့မရဘူးလားမေ…ဟင် သူသေသွားပြီ…သူမင်းအပေါ်မှာ သစ္စာမရှိခဲ့ဘူး…ဒါပေမယ့် ပြန် ဖြေရှင်းလို့ရတဲ့ကိစ္စမှမဟုတ်တာ…မေ တနုံ့နုံ့ခံစားနေရရင်…ကိုယ့် ကိုကိုယ် ဒုက္ခပေးသလိုဖြစ်မှာပေါ့…ကိုကိုကတော့ မေ့ထားစေချင် ပြီ…သူ့အသိုင်းအဝိုင်းဆိုတာ ဘယ်လောက်ပညာတတ်တဲ့လူတွေ ပါသလဲ…ဘယ်လောက်အောင်မြင်ကျော်ကြားတဲ့လူပါသလဲ…မေ့လို သူဆရာဝန်မဟုတ်ဘူး…မေ့မှာ မေ့ကိုချစ်တဲ့ပရိသတ်ရှိတယ်…မေ ဟာ ဒီကနေ့ မြန်မာပြည်က မိန်းကလေးတွေကို ရွေးချယ်မှုမမှား အောင် ပညာပေးရေးနေတဲ့ စာရေးဆရာမ…မေ့တန်ဖိုးကို ကိုကိုသိ တယ်…အခု မေ့ရှေ့မှာ ကိုကိုရှိတယ်…မေ့အနာဂါတ်ကို မေကြိုက် သလိုပြောင်းလဲဖို့ ကိုကိုရှာထားတဲ့ငွေကြေးတွေ အကုန်သုံးနိုင် တယ်…"

"မဟုတ်ဘူး…ကိုကိုမသိပါဘူး…မေက…မေက ကိုယ့်ကို ကိုယ် သိပ် Proud ဖြစ်တယ်…ဒါပေမယ့် သူက အောက်တန်းစား မိန်းမတွေနဲ့ ပတ်သက်ခဲ့တာ…မေရှက်တယ်…မေတာ့ ကိုယ်လုံး နာ တယ်…"

www.burmeseclassic.com

www.burmeseclassic.com



"သူ အဲသလိုလုပ်လို့ သူငယ်ငယ်ရွယ်ရွယ်နဲ့ မချိမဆန့်သေသွားပြီမဟုတ်လားမေ…ဟိုမိန်းမကရော…သူ့လိပ်ပြာသူ လုံမတဲ့လား…ဖြူစင်တဲ့လူဆိုတာ တသက်လုံး ခေါင်းမော့နိုင်ပါတယ်မေ…ကိုကိုလဲရှိနေပြီ…အဓိပ္ပါယ်မရှိတာတွေနဲ့ ကိုယ့်စိတ်ကို ညှင်းဆဲမယ့်အစား ကိုယ့်အနာဂါတ်ကိုပဲ ခေါင်းထဲကိုထည့်ပြီးစဉ်းစားစေချင်တယ်…"

"ဒီဘဝမှာ လွတ်သွားပေမယ့် နောင်ဘဝဆက်တိုင်း သူတို့နှစ်ယောက်ရဲ့ လိမ်ညာမှုကို မေ ရက်ရက်စက်စက် လက်စားချေနိုင်ရပါစေလို့ ဘုရားမှာ မေကျိန်တယ်…မေ့ကို လိမ်တဲ့လူတွေ မေ့ကိုယုတ်မာတဲ့လူတွေအားလုံး မေ့ဆီကရသမျှ ငွေကြေးအားလုံး သဲထဲရေသွန်သလို တန်ဖိုးမရှိပါစေနဲ့လို့ မေကျိန်တယ်…မေ လူတွေကိုသိပ်မုန်းတာပဲ…မေရင်နဲ့မဆန့်ဘူး…"

ကျွန်တော် ဘယ်လိုဖျောင်းဖျပါစေ၊ အမှတ်ကြီးသောမေ၊ အသဲမာသောမေသည် သူ့ဘဝကို တစ်ဆင့်နိမ့်အောင် ဝိုင်းဝန်းနှိပ်စက်ခဲ့သူများအား ဘယ်တော့မှ မေ့မှာမဟုတ်။

သူသည် သူ့ကိုယ်ထဲမှာ ထိုလူများအား မုန်းသောအမုန်းတွေကို သယ်ဆောင်သိုလှောင်ထားပြီး အခွင့်ကြုံတာနဲ့ မြေဖြစ်အောင်ချေမှုန်းမယ့်မိန်းမမျိုးဖြစ်သည်။ ကြောက်စရာလည်းကောင်း၊ သနား

www.burmeseclassic.com



ရောလည်းကောင်းသော မိန်းမပင်တကား။ သူ့အပေါ်ကို အနိုင်ယူသွားသူမှန်သမျှကို လက်တုံ့ပြန်လိုစိတ်ရှိလျက် သေသွားပြီဆိုတော့ သူဘာမှလုပ်လို့မရတော့သော ဖနေအထားပင်တကား။

"ဒါ့ပဲဖြစ်ဖြစ်…ဒီအဖြစ်အပျက်တွေကို ကြွေးဟောင်းရှိလို့ ဆပ်တယ်လို့သဘောထား…ဒါမှမဟုတ် နောင်ဘဝအတွက် ကြွေးတင်ချတယ်လို့ သဘောထားပါမေ…"

အချိန်တန်လျှင် မေ့သွားမှာပါဟု မေ့ထက်အသက်ကြီးသော ကျွန်တော်ကြိုသိပါသည်။ မေ့အဆင့်အတန်းနဲ့ အဲဒီလူတွေပတ်သက်စရာ ဘာမှအကြောင်းမရှိ။

သနားစရာကောင်းသောမေသည် ဆေးရုံမှဆင်းပြီးသည့်နောက် ပြဿနာတစ်ခုကို ထပ်ရင်ဆိုင်ရပြန်သည်။ တင်မောင့်မိန်းမက တင်မောင် လူလွတ်ဘဝတုန်းက မေ့ကိုကြိုက်ခဲ့တာသိသွားပြီး လာရန်တွေ့ခြင်းဖြစ်သည်။ ကျွန်တော်နဲ့ ထိပ်တိုက်တွေ့သွားသောအခါမှ ပြဿနာက သေးသွားသည်။

"အဲဒါပဲကြည့်တော့ ကိုကို…လူတွေဟာ တခြားမိန်းမနဲ့ မေ့ကိုကြည့်တဲ့အကြည့် တူကိုမတူကြဘူး…မေ ဒီမှာနေလို့မဖြစ်ပါဘူး…"

"မေ…ရှေ့နှစ်ထဲ တိုကျိုကို ကိုကိုပြန်မယ်…"

www.burmeseclassic.com

သူ ကျွန်တော့်ကို ဘာမှမပြောဘဲ ငြိမ်သက်နေသည်။

"မေ့ကို တစ်ယောက်ထဲမထားခဲ့ချင်ဘူး…မေ လူတွေစော်ကားတာကို တစ်ယောက်တည်း ဘယ်အချိန်ထိ ရင်ဆိုင်မယ်လို့များ ခံတက်ကူးထားသလဲ…"

"မေ အားလုံးကို စွန့်ခွါသွားမယ်ဆိုတာကို ကိုကိုသိရက်နဲ့ ဘာလို့အဲသလိုမေးတာလဲ…မေ လူတွေကို လိုက်ရန်ဖြစ်လို့ရမလား… မေသိပ်မုန်းတာ မေနဲ့ပတ်သက်တဲ့လူတွေကိုပါ…မေ့ကိုအထင်လွဲနေကြတဲ့လူတွေကိုမဟုတ်ဘူး…တစ်နေ့ သူတို့ မေ့ကိုနားလည်လာလိမ့်မယ်…"

"ကိုကိုကတော့ မေ့ကို ဘယ်သူပြောတာမှမခံစေချင်ဘူး…"

"မေ ရစရာမရှိအောင် အကဲ့ရဲ့ခံဖူးပါတယ် ကိုကို…အဲဒီကဲ့ရဲ့တဲ့သူတွေထဲမှာ မေ့သူငယ်ချင်းအရင်းခေါက်ခေါက်တွေတောင်ပါသေးတယ်…သိပ်မဆန်းပါဘူး…"

"ဘာပဲဖြစ်ဖြစ်…မေ ကိုကို့အတွက် တစ်ခုခုစဉ်းစားပေးသင့်တယ်…"

"ကိုကိုက လူကောင်းတစ်ယောက်ပါ…"

အဲသလောက်နဲ့ပဲ ကျွန်တော်ကျေနပ်ခဲ့ရပါသည်။ လူကောင်းတစ်ယောက်တဲ့။ သူတွေ့သမျှ လူကောင်းများဖြစ်ခဲ့ပုံမရ။ ကျွန်တော့်ကို အဲသလိုသတ်မှတ်တာကိုပဲ ကျေးဇူးတင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီက သူပေးသလောက်ကလွဲပြီး ကျွန်တော်ပိုတောင်းဆိုလို့မရ။ မေ့တစ်ကိုယ်လုံးမှာ ကျွန်တော်မသိနိုင်တဲ့ နက်ရှိုင်းသော ဒဏ်ရာအများအပြားရှိပါသည်။

သစ္စာမဲ့သောလူတစ်ယောက်ရဲ့ ယုတ်မာမှု၊

ထိုလူနဲ့ပတ်သက်သော အသိုင်းအဝိုင်းရဲ့ယုတ်မာမှု၊

လူတွေရဲ့ စကားလုံးများနဲ့ နှိပ်စက်မှု၊

မေသည် အတွင်းဒဏ်ရာအများအပြားကို ကုစားဖို့ အချိန်တော်တော်လိုအပ်ပါလိမ့်မည်။ ကျွန်တော့်ဆီက မမျှော်လင့်ဘဲ အားကိုးသမှုကို သူရ၍ သူကျေနပ်နှစ်သိမ့်သော်လည်း သူကြောက်ရွံ့နေဆဲကိုကား ကျွန်တော် ကိုယ်ချင်းစာသည်။

တစ်ခါသေဖူးသောသူသည် ပျဉ်ဖိုးကို ကောင်းကောင်းနားလည်ပါသည်။ အဘယ်မှာ သူထပ်ယုံကြည်ဖို့ လွယ်လွယ်နဲ့ဆုံးဖြတ်ရဲမည်နည်း။ မေ့အတွက် တင်မောင့်ထံ ကျွန်တော်သွား၍ ပြဿနာရှင်းပစ်လိုက်သေးသည်။

"ဘာအကြောင်းနဲ့မှ မေ့ကိုစော်ကားစရာမလိုဘူးတင်မောင်... ငါ့ဘဝမှာ မေ့ကိုတန်ဖိုးဘယ်လောက်ထားလဲဆိုတာ မင်းအသိပဲ... သူ့ကို မရနိုင်လို့ မင်းကြိုက်တာမင်းယူပြီးတာတောင် သူ့ကို ဘာလို့ဆွဲထည့်ချင်တာလဲ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါမသိလိုက်ပါဘူး ဟန်စော…ငါ့မိန်းမက ငါ့ကို အားရှင် ပြသနာပဲလုပ်နေတာ…ငါတကယ်တောင်းပန်ပါတယ်ကွာ…မေ့ဆီလဲ ငါလာတွေ့ပါဦးမယ်…"

"မလာနဲ့…လာစရာမလိုဘူး…မင်းမိန်းမလိုအဆင့်က မေ့ကို လာရန်တွေ့စရာလိုလို့လား…မေ့ကို ထိခိုက်အောင် နောက်တစ်ကြိမ် ထပ်လုပ်ရင်…ငါ့အသရေဖျက်မှုနဲ့ မင်းမိန်းမကို ထောင်ထဲထည့်ပစ် မယ်…ငါ ငွေဘယ်လောက်ချမ်းသာတာ မင်းသိပါတယ် တင်မောင်"

"ငါ့ကို အဲသလောက်ထိ ပြောဖို့မလိုပါဘူးကွာ…ငါနားလည် ပါတယ်…တကယ်လည်း အနူးအညွတ်တောင်းပန်ပါတယ်…"

သို့သော် မေကား ကျွန်တော့်ထံမှထွက်ပြေးဖို့ သူ့ကိုနှိပ်စက် ကလူပြုသော ပတ်ဝန်းကျင်မှ အပြီးတိုင်စွန့်ခွါဖို့ စနစ်တကျ ပြင်ဆင် နေခဲ့ပြီးလေပြီ။ ကျွန်တော် နဲနဲမှ မရိပ်မိ။

သူသည် ပုံမှန်အတိုင်းပင် ကျွန်တော့်ကို ဆက်ဆံသည်။ ထူး ခြားတာက မေသည် ပိုပြီးရင့်ကျက်လာသည်။

ဝတ်ပုံစားပုံကအစ ပြောင်းလဲလာသည်။ မိန်းမဝတ်ရှပ်အင်္ကျီ လက်ရှည်များ၊ ကုတ်အင်္ကျီများ ဝတ်တတ်လာသည်။ နိုင်ငံခြားတွင် ဂုဏ်သရေရှိအမျိုးသမီးများ ဝတ်လေ့ရှိသော အင်္ကျီများကို မေဝတ်ဆင် တတ်လာသည်။ စတော်ဘယ်ရီရောင်နှုတ်ခမ်းနီ ဆိုးတတ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com


နို့သြိုရောင်ဆံပင်များကို ကျစ်ဆံမြီးကျစ်ကာ ဆံထုံးထုံးတတ်လာ သည်။ လူကြီးဆန်သိမ်မွေ့လာသောအခါ မေသည် ဆရာဝန်တစ် ယောက်နှင့် ဝိုတူလာသည်။

ကျွန်တော့်ကို ခပ်တင်းတင်းဖက်ကာ

"တစ်နေ့နေ့ ဝေးကြရမယ်ဆိုတာသိရက်နဲ့ မေ့ကို ကိုကို ဘာလို့ချစ်ခဲ့သေးလဲဟင်..."

"အဲဒီနေ့မရောက်သေးဘူး မေ...ကြိုမပြောနဲ့...ဟုတ်ပြီ လား... ဘာလို့ချစ်ခဲ့သေးလဲဆိုတော့ မေ့ကိုကို မချစ်ဘဲနဲ့နေလို့ကို့မရ လို့ပဲ..."

အမှန်တော့ ကျွန်တော့်ကို တမင်သွေးတိုးစမ်းကာ မေးသော စကားများဖြစ်လေသည်။

ကျွန်တော်ကမူ မေဘယ်နေရာပြေးပြေး ကျွန်တော်လိုက်နိုင် သော ခွန်အားရှိကြောင်း သိထားသူမို့ သိပ်မတုန်လှုပ်လှ။

www.burmeseclassic.com

www.burmeseclassic.com



မိုးခပ်ဖွဲဖွဲကျနေသော နေ့လည်ခင်းတစ်ခုတွင် ကျွန်တော်က ကမ္ဘာအနှံ့ရှိ ကျွန်တော်နဲ့ တွဲဖက်သူငယ်ချင်းများအား ကျွန်တော့် ပင်တိုင်လုပ်ငန်းလိပ်စာအား တိုကျိုမြို့ကို ပြောင်းရွှေ့တော့မည့် အကြောင်း အသိပေးနေစဉ် သူက အနားကထိုင်ကြည့်နေခဲ့သည်။

"ကိုကို…"

"ဟင်…"

"မေ…လိုချင်တာတစ်ခုပူဆာမလို့…"

"ဆို…ဘာလိုချင်လဲ…ပြော…"

"မေ့ကို ဆွဲကြိုးတစ်ကုံးလုပ်ပေးပါလား…"

www.burmeseclassic.com

www.burmeseclassic.com



"အင်း…အခုသွားမယ်…လာ…"

"ဟို…အပေါင်ဆုံးသွားတဲ့ ခရစ်ကတ်နဲ့ဆွဲကြိုးလေ…"

"မေ့ကို ကိုယ်ရွေးဖို့ ပိုက်ဆံပေးသားပဲ…"

"ဟုတ်ပါတယ်…မေ အခု အသစ်ပုံစံတူလိုချင်လို့…"

"အေးလေ… ကိုကိုကဘာပြောလို့လဲ…လုပ်ပေးမှာပေါ့…"

ရွှေဆိုင်မှာ ပုံစံတူ တစ်ကုံးတွေ့သဖြင့် အဆင်သင့်သွားသည်။ သူ့လည်ပင်းမှာ ဆွဲကြိုးလချိတ်တပ်ပေးစဉ် မေသည် စိတ်မကောင်း သောမျက်နှာမျိုးဖြင့် ကျွန်တော့်ကို ကျွန်တော်တို့နှစ်ယောက် ရှေ့ရှိ မှန်ထဲမှကြည့်လျက်ရှိလေသည်။

"ဘာကြည့်နေတာလဲမေ…"

ကျွန်တော့်ကို ခေါင်းခါပြသည်။

သူတစ်ခုခုတော့ ထူးခြားနေပြီဆိုတာ ကျွန်တော်သိပေမယ့် ဖွင့်မမေးခဲ့။ ဘာမှန်း သေသေချာချာလဲမသိ။ မေးလိုက်လျှင် ပြဿနာ တက်မှာလဲစိုးရသည်။ မေနှင့် ဘာပြဿနာမှမတက်ချင်။

မေ ကျွန်တော့်ကြောင့် စိတ်ဆင်းရဲမှာလဲ စိုးသည်။ အဓိကက မေငိုမှာစိုးသည်။

ဒါပေမယ့် စိတ်ထဲမှာ ထူးခြားနေတာက မေပိုပြီး ကျွန်တော့် ကို နီးနီးကပ်ကပ်နေခြင်းကိုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဇယ်ဘက်ရင်ဘတ်ကို သူ့ခေါင်းနဲ့ အသာကပ်ကာ သက်ပြင်းခပ်တိုးတိုးချ။ ကျွန်တော့်မေးစေ့ကို ခပ်ဖွဖွနမ်းကာ ကျွန်တော့်လက်ချောင်းတွေနှင့် သူ့လက်ချောင်းတွေကို လိမ်ယှက်ကာ သူ ကျွန်တော့်ကိုသိပ်ချစ်ကြောင်း ပြောခဲ့တဲ့ကောင်မလေး မေ။

သူ့လည်ပင်းက ခရစ်ကတ်ကလေးကို ကျွန်တော်နမ်းလျှင် ငြိမ်သက်နေတတ်ပြီး

"ကိုကိုက လော့ကတ်ဒ်ကိုနမ်းနေတာလား...မေ့ကိုနမ်းနေတာလား..."

ဟု မေးကာ ပြီးတော့ သူ့ဖာသာသူ

"အင်း...ဒီပုံစံနဲ့ မေ့ကိုကို ကို သိပ်ချည်နှောင်နေပြီ...တာဝန် မယူချင်တဲ့လူကိုမှ ကိုကို အချစ်တွေနဲ့ ချုပ်ထားနေပြီ"

ဟုပြောတတ်သောကောင်မလေး မေ။

သိုးမွေးအင်္ကျီအနက်မှာ လိမ္မော်စင်းကြားဝတ်ထားသောသူသည် ကျွန်တော့်ကို အမှတ်တရဓါတ်ပုံရိုက်ပေးလိုက်သေးသည်။ ပြီးတော့ ကျွန်တော့်လက်သူကြွယ်မှာ ရွှေဖြူလက်စွပ်တစ်ကွင်း သူဝတ်ပေးခဲ့လေသည်။

"ဘာဖြစ်လို့ပေးတာလဲမေ..."

"မေက ဆယ်ကျော်သက်ကတည်းက တခြား မေသိပ်ချစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



လူကို လက်စွပ်ဝတ်ပေးမယ်...ပြီးရင် သူ့ရဲ့လက်ခုံကလေးကို ညင်ညင်သာသာလေးနမ်းမယ်လို့ ဆုံးဖြတ်ထားတာ...ကိုကို...မေလေ... ကိုကို့ကို ပြောမပြတတ်အောင် သိပ်ချစ်ပါတယ်...ဒါကြောင့် မေ ဒီသုံးနှစ်အတွင်းမှာ ကိုကို့အပေါ် ပြောမှားဆိုမှားရှိခဲ့ရင် ချစ်တဲ့စိတ်တစ်ခုထဲနဲ့ခွင့်လွှတ်ပေးပါနော်...မေ ကိုကို့ကို ကန်တော့ပါတယ်..."

ကျွန်တော့်ရင်ထဲမှာ ခံစားရသည့် ထိခိုက်နာကျင်မှုကို စာဖွဲ့ရန်ပင် စကားလုံးရှာမတွေ့။

မေသည် စာရေးဆရာမဖြစ်သော်ငြား သူ့ဘဝမှာ စိတ်ကူးဖြင့်နှဲ့နေသော အမျိုးသမီးတစ်ယောက်မဟုတ်ခဲ့။

မေသည် အခက်အခဲတွေ၊ အလှုအလွန်ကိုက်ခိုက်ရင်ဆိုင်ရပြီးမှ ပွင့်လာသော ဂျပန်စကားဖြူပန်းလေးတစ်ပွင့်နဲ့တူပါသည်။

ကျွန်တော် တစ်ခါက တွေးခဲ့ဖူးသလိုပင်...

ဓါးတစ်ချောင်းသည် ထက်မြက်မှုအတွက် မာကျောရန်လိုအပ်သလို ဖိနှိပ်မှုကြောင့် ကျိုးမသွားစေရန် အလွန်အမင်းပျော့ပြောင်းနေဖို့ လိုအပ်လှသည်။

မေသည် ကျွန်တော့်အတွက် ဆုလာဒ်အဖြစ် ကျွန်တော့်ထံ နတ်ဒေဝတာများက စေလွှတ်လိုက်သော လက်ဆောင်မွန်ဖြစ်ပါသည်။ အဖိုးအနဂ္ဃထိုက်တန်သော ဓါးတစ်ချောင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေ့ကို ကိုကိုခွင့်လွှတ်ပါတယ် ကလေးရယ်...မေဘာပဲ လုပ်ခဲ့လုပ်ခဲ့ ကိုကိုအပြစ်မယူပါဘူး...မှန်သောသစ္စာပါ..."

www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ အချစ်ကို လေလွင့်သောခံစားချက်တစ်ခုအဖြစ် ကျွန်တော် မေနဲ့မတွေ့ခင်အထိ ယုံကြည်ခဲ့သည်။

ချစ်တတ်သောစိတ်သည် ဆန္ဒရမ္မက်ကို ငြိမ်သက်သွားအောင် လုပ်ပေးနိုင်သော အတတ်ပညာဖြစ်သည်ဟု ကိုယ်တိုင်ချစ်တတ်တော့မှ ယုံကြည်လာခဲ့သည်။

ကိုယ်က ချစ်ရတယ်ဆိုတာ ကိုယ်နဲ့ပတ်သက်သမျှကို သူ့ရဲ့ တန်ဖိုးဩဇာအောက်မှာ ပုံအပ်ထားရတာနဲ့ တူလှပါသည်။

မေက ကျွန်တော့်ကို သူ့ရဲ့အနုပညာဩဇာအောက်တွင် ထာဝရ သိမ်းသွင်းထားနိုင်ခဲ့သော မိန်းမတစ်ယောက်လည်း ဖြစ်နေပြန်သေးသည်။ မမျှော်လင့်ဘဲ မေ့ရဲ့ကဗျာစာအုပ်ကို ဖတ်မိခဲ့သောနေ့ကတော့ မေ့ရဲ့သိမ်ငယ်စိတ်ကို ကျွန်တော်ရှင်းရှင်းလင်းလင်းသိခွင့်ရခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေသည် ဝတ္ထုထဲမှာ ငိုသောမိန်းမမဟုတ်ခဲ့။

သို့သော် မေ့ရဲ့ကဗျာများကမူ ရှိုက်သံတွေစွက်နေခဲ့သည်။ မေ့ ရဲ့အောင်မြင်မှုသည် ကဗျာနှင့်စခဲ့သည်ဟု ကျွန်တော်သိထားခဲ့လေသည်။ မေ့ကို အဆင့်အတန်းမှီ စာရေးဆရာမအဖြစ် ဝတ္ထုတိုများနှင့် သတ်မှတ်ခဲ့ကြပြီး ကဗျာထုတ်ဖို့ တုတ်ဝေသူတွေ မကြာခဏ လာ တောင်းတိုင်း မေသည် ချိုသာစွာငြင်းဆန်လေ့ရှိသည်။

"အမှတ်တရတွေရိုက်ခတ်လွန်းတော့
ငါ့အယူသီးမှုတွေဟာ ယိုင်နဲ့ခဲ့ပေါ့
ခင်ဗျားဟာ ကန္တာရအတွက် ရေတစ်စက်နဲ့တူရဲ့
အမြင်ကတ်စရာ မောင်းချခါးတစ်လက်လဲ ဖြစ်ပါရဲ့"
"ကိုယ့်အတွက် မှီခိုစရာသစ်တစ်ပင်လည်း ဖြစ်ပါရဲ့
ဒါပေမယ့်...
ယုံကြည်မှုပန်းတစ်ပွင့် နောက်ကျခဲ့တဲ့နောက်
ဘာတွေကများ အဖတ်ပြန်ဆယ်
လျှော့တဲ့ကြိုးတွေ သတိမထားမိဘဲ
ဖုန်းထဲကရယ်သံတွေနဲ့ အခန်းဆက်
အမျိုးမျိုး ပြောင်းလဲတာမဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဖိအားများနေတာ…

ဒါကြောင့်…ဘာတွေကိုထပ်ယုံပေးရမလဲ

မငိုတော့ဘူးဗျာ…

လောကကြီးမှာ ပန်းရဖို့ သစ်ပင်စိုက်

ငွေနောက်လိုက်တဲ့ မောင်းချပါးရဲ့အသွား

အလကားရတဲ့ ရေတစ်စက်ဖြစ်ခဲ့ရင်

သိလား…ဘဝကြီးအက်ကွဲတာပဲ ခံလိုက်တော့မယ်"

ကျွန်တော့်ကိုရည်ညွှန်းမှန်းသိသာလှပါသည်။ ဘဝကြီးအက်ကွဲတာပဲ ခံလိုက်တော့မယ်တဲ့လား မေ။ ဟင်။

မင်းက အဲသလောက်ထိတောင် ပြတ်သားနေခဲ့ပြီလား။ နောက်တစ်ပုဒ်က "ခွင့်"။

"ဒီအချိန်မှာ

ခွင့်တောင်းပါရစေ…

နာကျင်တာတွေများလှပြီလေ…

အထီးကျန်ခဲ့တဲ့အချိန်တိုင်း

တစ်ယောက်ထဲမဟုတ်ဘူးဆိုတဲ့ ခံစားချက်မျိုးနဲ့…

www.burmeseclassic.com

www.burmeseclassic.com



ထာဝရနေပေးနိုင်မလား…

အနားမှာလေ…

နောက်ဆုံးထွက်သက်အထိ…

ကြင်နာစွာနဲ့…

နာကျင်မှုတွေ မေ့ပျောက်သွားတဲ့အထိ

နားလည်စွာနဲ့

စိတ်ဒဏ်ရာတွေ အသားမာတက်တဲ့အထိ

ကိုယ့်လက်တွေကို ယုံကြည်စွာနဲ့

ကို့လက်ထဲထည့်ပါရစေနော်…

ဒီအချိန်မှာ

ခွင့်တောင်းပါရစေ…

( Special thanks to Someone )

ကျွန်တော် စောင့်နေမှာပါမေ…။ ကျွန်တော့်ကို မင်းနှုတ်က ဖွင့်ပြောလာတဲ့အထိ စောင့်နေမှာပါ။ စောင့်ရတဲ့အတွက် ကိုယ့်အချစ်တွေလျော့သွားမယ်ဆိုတာ မဖြစ်စေရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ယုံ"

• နှစ်ယောက်တစ်အိမ်မက်

ဘဝဆိုတာ ရေပွက်သ(ဖွယ်)ပဲတဲ့

ဟုတ်လား…

လုပ်စားခံခဲ့ရတဲ့ သတ္တုရာစ်တွေကတော့

ဦးနှောက်တစ်ခြမ်းစာပဲ့ရှိ

လက်မခံဘဲနေလို့မရတဲ့အကြောင်းတရားတွေ

သူတို့လေ…

အဖြူရောင်ကိုညစ်ထေးအောင် ဆေးသုတ်ပစ်ခဲ့ကြတယ်…

မေတ္တာဆိုတာ…

သစ္စာဆိုတာ…

ကတိဆိုတာ…

အချစ်ဆိုတာ…

အဲဒါတွေရဲ့အစား

သင်ကြားခံခဲ့ရတဲ့ နမူနာတွေ…

အုတ်တံတိုင်းတစ်ခု စာအချိန်တွေကျိုးပဲ့

အနာဂါတ်အတွက်မငဲ့ကွက်ဘဲ…

သစ္စာတရားတွေနဲ့ သတ္တိရှိပြချင်ခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com



- တတ်နိုင်ရင်…

ဒီရေလှိုင်းလုံးတစ်ခု ဖြစ်ချင်ခဲ့တယ်…

မသာမာမှုတွေကို မုန်းတီးစွာနဲ့

ချေမှုန်းပစ်ဖို့ပေါ့…

ဒါပေမယ့်…

အမုန်းမှာအချစ်မတွေ့…

အချစ်မှာ သစ္စာမတွေ့

သစ္စာမှာ မေတ္တာပျောက်ခဲ့တယ်

တကယ်တော့လေ…

အဖြူရောင်ကောင်မလေးမှာ ဘာမှကိုမရှိတော့တာ…

ကျွန်တော့်ရင်တွေ တင်းကျပ်လာသည်။

မေ…။ ဘာလို့များ အတိတ်ကရန်းမထွက်နိုင်တာတုန်း။ မေ့မှာရှိတဲ့ခွန်အားဟာ ညာဏ်နဲ့တဲ့သူတွေကို တိုက်ခိုက်ဖို့မဟုတ်ဘူး။ Platonic love ကို ရေးခဲ့တဲ့မေဟာ သန့်စင်လှပတဲ့အချစ်ကို ဘာလို့စွန့်ခွါထွက်ပြေးရမလဲ။ မြန်မာဝတ္ထုတွေထဲမှာ မေပဲ အဲဒီအချစ်ကို ရေးရဲခဲ့တာ။ မေ့ရဲ့ဝတ္ထုများတွင် မေ့ရဲ့ကိုယ်ပွားတစ်ခုကို မြင်ရသည်။ အချစ်မှာ ရွံသောမေ။ နိုင်မြဲသောမေ။

www.burmeseclassic.com

www.burmeseclassic.com



မာနကြီးသောမေ။ ကြိုးစားသောမေ၊ ထက်မြက်သောမေ။ ထိုသို့သောမေသည် လူငယ်မိန်းကလေးများကို အနေအထိုင်မတတ်လျှင် ဘဝဆုံးတဲ့အထိ ကြုံနိုင်ကြောင်း အသိဉာဏ်ပေး ရေးနိုင်ခဲ့သေးသည်။

မေကိုယ်တိုင်ကတော့ ဘဝရဲ့အမှောင်ထဲမှာ ငိုကြွေးနေတုန်း။ ရှိုက်ငင်နေတုန်း။ ကူကယ်ရာမဲ့ဖြစ်နေတုန်း။

ကျွန်တော် မေ့ရဲ့ကဗျာစာအုပ်ကို ပြန်ပေးဖို့ မေ့ထံဖုန်းဆက်တော့ မကိုင်။ မေ့အခန်းက သော့ခတ်ထားလေသည်။

မေ့ရဲ့ကဗျာစာအုပ်နောက်ဆုံးစာရွက်မှာ ရေးထားသောစကားလုံးများကမူ ကျွန်တော့်အသဲစိုင်ကို အညှာမှဆွဲဖြုတ်လိုက်သကဲ့သို့ ဝင်တကား။

"အရှုံးတွေနဲ့ လဲကျသွားတဲ့အချိန်တိုင်း…

အပြုံးများနဲ့ နှစ်သိမ့်ပေးတတ်သူ…

အနားမှာ မနေနိုင်ရင်တောင်…

အနားမှာရှိနေသလို…

နွေးထွေး ခံစားစေခဲ့သူ…

ခွဲရမှာ သိပေမယ့်လည်း…

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကြောင့် သူနာကျင်သွားမှာစိုးတဲ့စိတ်နဲ့တစ်ဝက်

မယုံမရဲ သံသယစိတ်နဲ့တစ်ဝက်…

ကိုယ်…

ကိုယ်…သူ့နားမှာနေဖို့…

ကံကြမ္မာက အခွင့်မသာခဲ့ရှာဘူး…

နောက်ဆုံးမှာတော့ ပုံပြင်ကလေးတစ်ပုဒ်လိုပေါ့။

သူဘယ်ရောက်သွားလဲ။

ကျွန်တော်လုံးဝမသိပါ။

ဘယ်သူမှလဲ လုံးဝမသိပါ။

တစ်လခွဲခန့်အကြာတွင် သူနေခဲ့သောအခန်းသို့ လူသစ်မျာ
ပြောင်းလာကြသည်။ အရက်သမားတစ်ယောက်၊ အတင်းအဖျင်းပြေ
တတ်သောအဘွားကြီးတစ်ယောက်၊ အလွန်ဆော့သော ကလေးသ
ယောက်နှင့် လင်မယားနှစ်ယောက်တို့သည် ယခင်က မေနေခဲ့
သောအခန်းကို အပိုင်ဇယ်လိုက်ကြလေသည်။

ကျွန်တော်က မရှိတာသေချာနေသော…

သူ့ကိုစောင့်ရင်းနဲ့…နောက်ဆုံး တိုကျိုကို ပြန်ခဲ့ရလေသည်
ကျွန်တော် တိုကျိုကိုပြန်ရောက်ချိန်မှာ…နှင်းဖွေးဖွေးကျချိန်ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com



ရေစစမဟ်ပွဲတော်နှင့် တိုက်နေသဖြင့် လူအများသည် အလုပ်ပီတ်ရှက် ကြောင့် ပျော်ရွှင်ကြည်နူးကာ ခရီးထွက်ကြ၊ တောင်တက်ကြ၊ ပျော် ကြသော ကာလဖြစ်သည်။ ကျွန်တော့်မှာ သာယာပျော်ရွှင်နေကြသော လူတွေကိုကြည့်ကာ ခုနေ မေဘယ်ကမ္ဘာကိုရောက်နေပြီလဲဟု စိတ် ဆင်းရဲကြီးစွာ ဖြစ်ရသည်။

ကျွန်တော့်ဘယ်ဘက်လက်သူကြွယ်ကို ကြည့်ကာ မေပေးခဲ့ သော လက်စွပ်ကို မေ့ကိုယ်စား နမ်းရှိုက်ရလေသည်။ ကျွန်တော် လွမ်းလှပြီမေရဲ့။

ကျွန်တော့်အိမ်က မေနဲ့ကျွန်တော့်အကြောင်း အရိပ်အမြွက်သိ သားကြ၍ လိုက်ရှာစေချင်ကြသည်။ သူတို့က အင်္ဂလန်မှာပဲရှိနေမည် ဟု ထင်ကြသည်။

ကျွန်တော်က မထင်။ မေ အင်္ဂလန်မှာမရောက်သေး။ ဘာလို့ ဆဲဆို အင်္ဂလန်သည် မေ့ရဲ့နောက်ဆုံးရည်မှန်းချက်ဖြစ်သည်ဟု ကျွန် တော်ခန့်မှန်းမိသည်။

ဒီဇင်ဘာသုံးဆယ့်တစ်ရက်နေ့တွင် ရေခဲရုပ်ထုလုပ်သော ပြိုင်ပွဲ သို့ ကျွန်တော်ရောက်သွားလေသည်။

ရေခဲပြင်ကို ပုံစံအမျိုးမျိုးထုလုပ်ကြသော ရုပ်ထုမျိုးစုံတို့၏ အဆိုရာတို့ကို တမေ့တမောငေးကြည့်ခိုက် ကျွန်တော့်ကို ဝင်တိုက်သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကြောင့် ပခုံးနာသွားပြီး လှည့်အကြည့်မှာ…။ မေ။

နီညိုရောင်ဆံပင်ရှည်များကို သိုးမွေးဦးထုပ်အနက်ဖြင့် ဆောင်းထားသောအမျိုးသမီးသည် ကျွန်တော့်ကို သူစိမ်းတစ်ယောက်လိုကြည့်နေသည်။

ပြီးတော့ ဆောရီးဟုဆိုကာ ထွက်သွားသည်။ ကျွန်တော်က အတင်းလက်ကိုဖမ်းဆွဲသောအခါ လူမှားနေပါတယ်ဟု ဂျပန်လိုပြောလေသည်။

“မဟုတ်ဘူး…မေ…ကိုကို့ကို မင်းညာနေတာ…”

သို့သော် မေသည် ကျွန်တော့်လက်တွင်းမှ ရအောင်ရုန်းထွက်ကာ ဟူအုပ်ကြားထဲဝင်ရောက်ပျောက်ကွယ်သွားလေသည်။ ကျွန်တော်ပြေးလိုက်သော်လည်း မမှီ။

ကျွန်တော့်မှာ ရင်ထဲတွင်မခံချင်စိတ်အပြင် လွမ်းဆွတ်စိတ်နှင့် အိမ်ကိုပြန်လာခဲ့ရသည်။ အိမ်ရောက်တော့ ကွန်ပျူတာဖွင့်ကြည့်လိုက်သည်။

New Year (နှစ်သစ်)ဆုတောင်းစာများသည် ကမ္ဘာအနှံ့ရှိ သူငယ်ချင်းများထံမှ ကျွန်တော့်ထံ ရောက်ရှိနေကြပြီ။

နောက်ဆုံးဝင်လာသော အီးမေးလ်ကမှု မေ့ဆီကဖြစ်သည်။

“နှစ်သစ်မှာ ကိုကို စိတ်ကြည်နူးစွာနဲ့ အလုပ်ကိစ္စတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အောင် မြင်ပါစေလို့ ဆုတောင်းလျှက်…သင့်ရဲ့သစ္စာရှိသော မေ…"

အီးမေးလ်ကို ပို့လိုက်သောနေရာသည် ဂျပန်နိုင်ငံတွင်းရှိ တစ်နေရာမှ ဖြစ်ပုံရသည်။ ကျွန်တော် သေချာ check ပြန်လုပ်ကြည့်တော့ အိုကာရာမမှ ပို့ခြင်းဖြစ်သည်။ ဒါဆို စောစောက ရေခဲရုပ်တုပြိုင်ပွဲမှာတွေ့ခဲ့တာ မေမှမေအစစ်။

"ငါ့ကို ဘယ်အချိန်ထိ ရှောင်နေမှာလဲ…မေ…"

ကျွန်တော် အရူးတစ်ယောက်လို ကွန်ပျူတာနဲ့ စကားပြောနေမိသည်။

နှုတ်မဆက်ဘဲထွက်ခွါသွားရတဲ့ အဖြစ်ဟာ သူ့ကိုရော၊ ကျွန်တော့်ကိုရော နာကျင်စေလိမ့်မည်ဟု ဘာကြောင့် သူမတွေးပါသလဲ။ ကြည့်ရတာ…နှုတ်ဆက်လိုက်လျှင် ကျွန်တော့်တားမှာ သူစိုးတဲ့ပုံစံပဲ။ သူဝင်လာတဲ့ E-mail လိပ်စာအတိုင်း ကျွန်တော်ပြန်ပို့လိုက်သည်။

"ကိုကို့ဆီ ဖြစ်တဲ့နည်းနဲ့ ဆက်သွယ်ပါမေ…ကိုကိုလာတွေ့ခွင့်ရှိမလား…ကိုကိုလိုက်မလာစေချင်ရင် မင်းလာခဲ့ပါ…"

ကျွန်တော်ပို့လိုက်သော e-mail ကို သူဖတ်မိလျှင် ကျွန်တော့်ဆီအကြောင်းပြန်လိမ့်မည်ဟုထင်၍ ကျွန်တော် တစ်ညလုံးထိုင်စောင့်သည်။ ဇန်နဝါရီလတစ်ရက်နေ့ မနက်ရှစ်နာရီတိတိတွင် မေ့ဆီက

www.burmeseclassic.com

www.burmeseclassic.com



e-mail ပြန်ဝင်လာသည်။ ကြည့်ရတာ သူ တစ်ညလုံး e-mail ပို့သင့်မပို့သင့် စဉ်းစားနေပုံရသည်။

"ကျွန်မ…ဂျပန်မှာမရှိတော့ပါဘူး…ကိုကိုစိတ်ဆိုးမယ်ဆိုတာသိပါတယ်…ဒါပေမယ့် ကိုယ့်လမ်းကိုယ်ဖောက်နေရတော့…ဘယ်သူ့ကိုမှ ဒုက္ခမပေးရက်တော့ဘူး…နှုတ်မဆက်တာဟာ တစ်နေ့ပြန်ဆုံတွေ့မယ်ဆိုတဲ့ အဓိပ္ပါယ်ပဲပေါ့ ကိုကို…ဘာပဲဖြစ်ဖြစ်…ကိုကိုစောင့်နိုင်မယ်လို့ မေယုံကြည်ပါတယ်…မေ ဘယ်လောက်ကြိုးစားရဦးမယ်မှန်း မေကိုယ်တိုင် မခန့်မှန်းနိုင်သလို ဘယ်သူမှ မခန့်မှန်းနိုင်ဘူး…ကျေးဇူးပြုပြီး လိုက်မရှာပါနဲ့ ကိုကို…ကိုယ့်အလုပ်ကိုယ်အေးအေးဆေးဆေးလုပ်ပါ…တကယ်လို့ ကိုကိုချစ်တဲ့ မိန်းမတစ်ယောက်နဲ့တွေ့ရင်လည်း လက်ထပ်ပါ…မေပြောခဲ့ဖူးသားပဲ…ရာသက်ပန်ဆိုတာ မိန်းမတွေနဲ့ဘဲ့ပတ်သက်တဲ့စကားလုံးပါ ကိုကို…ဒါပေမယ့် ကိုကို့ကို မေနှုတ်မဆက်တာဟာ…မုန်းလို့မဟုတ်ဘူးဆိုတာတော့ ကိုကိုသိနားလည်စေချင်တာပဲ…ထာဝရချစ်တဲ့…မေ…"

P.S ဒီနေ့နက်ကိုးနာရီဆို ကျွန်မ လေဆိပ်ရောက်နေပါပြီ…လိုက်မရှာပါနဲ့တော့…

မိုင်ပေါင်းများစွာ…ကျွန်တော်နဲ့သူ့ကြားမှာ ဝေးကွာနေဆဲဖြစ်သည်။ ကျွန်တော်ကတော့ ယောကျ်ားတို့လုံ့လ သေမှပျောက်မည်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သောဇွဲမျိုးဖြင့် သူထားခဲ့တဲ့အတိုင်း နေခဲ့သည်။

ထားခဲ့တော့လည်း နေခဲ့ရမှာပေါ့လေ။

သူ့ကဗျာထဲမှာပါပြီးသားပဲ။

စိတ်ဒဏ်ရာတွေအသားမာတက်တဲ့အထိ…ဆိုတာလေ…။

သူ့ကို အချိန်ပေးရဦးမည်။

တချို့ကိစ္စတွေက ကိုယ့်ဖာသာကိုယ် တစ်ယောက်ထဲနေရင်းနဲ့ ဒဏ်ရာကျက်သွားတတ်သည်။ တချို့ကိစ္စတွေက အပေါင်းအသင်းသူငယ်ချင်းတွေ ဖေးမဝိုင်းကူပြီး သက်သာရာရတတ်သည်။

မေ့ကိစ္စသည် မေ့ရဲ့တယူသန်မှု၊ တစ်ဖက်စွန်းအစွဲကြီးမှုတို့မှ အခြေခံ၍ ကြုံရသောရက်စက်မှုများကြောင့် ဒီလောက်ဆိုးသွားခြင်းဖြစ်သည်။ ပြီးတော့ မေက ဂျပန်ဝတ္ထုတွေကို စွဲစွဲလမ်းလမ်းဖတ်တဲ့သူ။

မေ့အပေါ်မှာ လွှမ်းမိုးမှုရှိသော စာပေများသည် လောကကိုလှောင်ရယ်သောသရော်စာများ၊ အချစ်နှင့်ဘဝဟိုက်ကပ်ပွဲများ၊ ဂုဏ်သိက္ခာနှင့် အကျင့်စာရိတ္တလွန်ဆွဲပွဲများ စသည်ဖြင့် လေးနက်သောစာပေများဖြစ်သည်။ ထို့ကြောင့် ရှုထောင့်တစ်ခုကို မေသုံးသပ်လျှင် တခြားသူများ၏ရှုထောင့်နှင့် တူညီမှာမဟုတ်။

မေသည် အသိခေါက်ခက် အဝင်နက်၏ ထူးခြားလျှို့ဝှက်၏

www.burmeseclassic.com


အပေါ်ယံနှင့် ဦးနှောက်တစ်ခြားစီဖြစ်၏။ ထို့ကြောင့် ကျွန်တော် မေ့ကို စောင့်ရမည်။

ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ မေ့ကို ကျွန်တော် စောင့်ရပေမည်။ ကျွန်တော့်အနားမှာနေဖို့ ဆုံးဖြတ်ထားသောမေသည် သူ့ရည်မှန်းချက်ပြည့်ဝလျှင် ကျွန်တော့်ဆီ ရောက်လာလိမ့်မည်။ ထိုသို့သော ယုံကြည်မှုဖြင့် မေ့ကို ကျွန်တော်စောင့်နေပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းကုန်စတစ်ရက်တွင် ကျွန်တော်-မေတ္တာလက်ဆောင် လက်မှတ်ရသဖြင့် ပြဇာတ်ပွဲကိုသွားကြည့်ရာ…ဟာနာအိုဂျိပြဇာတ် ဖြစ်နေသည်။

စတ်စင်ပေါ်က ဟာနာအိုဂျိသည် မျက်နှာချေ အဖြူမှုန့်များ ဖြင့် မျက်နှာတစ်ခုလုံး ဖြူဖွေးလျက်ရှိသည်။ နှုတ်ခမ်းသည် ကြက်သွေးရောင်တောက်တောက်ဆိုးဆေးဖြင့် ရဲရဲတောက်နေလေသည်။ ပန်းနုရောင်ကီမိုနိုသည် ဟာနာအိုဂျိအဖြစ် သရုပ်ဆောင်သူဂျပန်မ အရပ်မြင့်မြင့်ကလေး၏ ကိုယ်ခန္ဓာပေါ်တွင် ကျက်သရေရှိစွာ တင့်တယ်လှပေသည်။ မေက ကီမိုနိုဝတ်ထားသော ဂျပန်မလေးများကို သိပ်ချစ်တာ သတိရလိုက်မိသည်။ ကြည့်နေရင်းနဲ့ ဟာနာအိုဂျိသည် ကျွန်တော့်မျက်စေ့ထဲတွင် မေဖြစ်လာသည်။ ဟာနာအိုဂျိသည် စွန့်လွှတ်မှု၏သင်္ကေတ၊ ဥပေက္ခာ၏ အမှတ်အသား မဟုတ်ပါလား။

ထို့ပြင် ဟာနာအိုဂျိသည် အချစ်၏ ရဲရင့်မှုတစ်ခုလည်းဖြစ် သည်။ မေသည် သူ့ဘဝတောက်လျှောက် စာတော်သော ကျောင်းသူ ကလေးအဖြစ်မှ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ အရာများစွာရင်းနှီးစွန့် လွှတ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး လူတို့သည် မေ့မှာမရှိသောအပြစ်ကို ကြံဖန်ဆွဲထုတ်ကာ ဥပေက္ခာပြုရက်စက်ခဲ့ကြသည်မဟုတ်လော။

မေသည် ဦးနှောက်မရှိသူ၊ ယောက်ျားတစ်ယောက်ကိုသေတွင်းပို့ခဲ့သူဟု နာမည်ဖျက်ခံရသည်မဟုတ်လော။

မေဦးနှောက်ရှိမရှိဆိုတာ ''မရေးသောစာတွေကနေ သိနိုင်သည်။ ယောက်ျားတစ်ယောက်ကိုသေတွင်းပို့ခဲ့တာထက် ထိုယောက်ျားကသာ မေ့ကိုဒုက္ခတွင်းထဲဆွဲနှစ်ပစ်ခဲ့တာ ထိုယောက်ျားကသာ မေ့ကို ဘဝပျက်စီးအောင် ယုတ်မာခဲ့တာ မဟုတ်လော။ ထိုယောက်ျားသစ္စာမရှိကြောင်းကို သေမှ ညောင်မြစ်တူးရင်း ပုတ်သင်ဥပါပေါ်ခဲ့သည် မဟုတ်လော။ အပြစ်မှန်ကိုသိသူသည် လက်ဆယ်ချောင်းမျှပင်မရှိ။

မေသည် ထိုယောက်ျားပေးခဲ့သော ဒုက္ခတွေထဲကနေ သူ့ကိုယ်ကိုသူ ရောင်းမစားရရုံတမယ် ချို့ငဲ့ခဲ့တာ ကျွန်တော့်မျက်မြင်ပဲ။

ဒီအကြောင်းကိုသာသိလျှင်လည်း

ဒီမိန်းမ ဒီလိုဖြစ်တာ နဲတောင်နဲသေးတယ်ဟု ဝမ်းသာအားရ ပြုံးကြည်းမည့်လူအများအလယ်မှာ မေမနေလိုတာ မမှား။

မေသည် ယခုအခါ ရက်စက်ခြင်းတို့နှင့် ကွာဝေး၍ အေးချမ်းနေပြီ။ မေ ထွက်ပြေးမှာပေါ့။ မေ့ကို ဘာလို့အပြစ်တင်ရမှာလဲ။ မေက အမြဲသနားစရာကောင်းခဲ့တာပါ။ မေ့မှာ ခုခံအားလုံးနှင့်ခမ်းခဲ့ပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သဘောပေါက်သည်။ ဟာနာအိုဂျီသည် အသွေးအသားကို ဝါးမျိုပြီး ချီးကျူးဂုဏ်ပြုသော ပုဂ္ဂိုလ်ဘအလယ်မှ ထွက်ပြေးရခြင်းသည် သူ့၌ရှိသော သီးခံအားတို့ ကုန်ခမ်းသွားကြောင်း သက်သေပင်ဖြစ်သည်။

သို့သော် ဟာနာအိုဂျီသည် ကျေးတောရွာမှ ရုပ်ရည်လှပမှုတစ်ခုသာရှိသော၊ ပညာမတတ်သော မိန်းကလေးမို့ . . သူ့ဘဝဟောင်းကို ပြန်လည်ခိုလှုံခဲ့သည်။ မေကမူ အထူးကုဆရာဝန်ဟူသောဂုဏ်တစ်ခုဖြင့် သူ့ချစ်သူဖြစ်သော ကျွန်တော့်ဆီ တစ်နေ့ရောက်လာမယ့်လူ။ ဟာနာအိုဂျီပြဇာတ်ကြည့်ပြီးသွားတဲ့နောက် ကျွန်တော်သည် နေ့ရက်တွေကို အဓိပ္ပါယ်ရှိဖို့ တစ်ယောက်ထဲပြင်ဆင်ရသည်။

မေရောက်လာရင် အသင့်ဖြစ်ဖို့ . . .

ကျွန်တော်သည် နှစ်လွှာတိုက်ခန်းကို အောက်ထပ်မှာသာနေသည်။ အပေါ်လွှာကို မေ့အတွက်ဟုသဘောထားကာ အိတာလျှံကော်ဇောများခင်းလိုက်သည်။

မေ့အတွက် စားပွဲတင်ကွန်ပျူတာတစ်လုံးနှင့်၊ ခရီးဆောင်ကွန်ပျူတာတစ်လုံးကို နေရာချသည်။

မေ့ရာအဖြူပေါ်တွင် အိပ်ရာခင်းပန်းရောင်ထပ်ခင်းသည်။ ပြီးတော့ မွေးပွဝက်ဝံအရုပ်ကြီးတွေကို မေ့ခုတင်ပေါ်တင်ထားပေးလိုက်

www.burmeseclassic.com



သည်။ မေက အရုပ်သိပ်ချစ်တတ်သော ကောင်မလေးဖြစ်သည်။

စားပွဲတင်ပန်းအိုးမှာ ဂန္ဓမာပန်း၊ ချယ်ရီပန်း၊ နှင်းဆီပန်း စသဖြင့် နေ့တိုင်းထိုးပေးခဲ့သည်။

မေက အလှပန်းအိုး (အီကေဘာနာ) ထိုးတာကို အလွန်သဘောကျသည်။ အလှပန်းအိုးမှာ ပန်းရှိနေလျှင် စာရေးရတာ စိတ်ကြည်သည်ဟု မေ့ပြောခဲ့ဖူးသည်။ စာအုပ်စင်အကြီးကြီးရှာဝယ်ကာ မေကြိုက်လောက်မည်ထင်သည့် ဂျပန်ဝတ္ထုစာအုပ်တွေ၊ မြင်သစ်ဝတ္ထုတွေ၊ နောက်ဆေးပညာနှင့်ပတ်သက်သော စီဒီတွေတင်ထားခဲ့သည်။ မေသာမြင်လျှင် ပျော်မှာ။ သူ့ကို ဒီလိုထားမယ့်သူမှမရှိခဲ့ဘဲ။

နေ့တိုင်း မေ့အခန်းကို မေရှိသကဲ့သို့ ဂရုစိုက်သောအကျင့်သည် သဖြည်းဖြည်းစွဲမြဲလာလေသည်။ ရူးတာမဟုတ်။ မေ့ကိုချစ်သောအချစ်သည် ဂရုစိုက်ခြင်းလဲပါဝင်သည်မဟုတ်လော။ ကတ္တီပါဖိနပ်ရောင်စုံကိုလည်း ကျွန်တော်ဝယ်သိမ်းထားခဲ့သည်။

မေက နှင်းဆီကြိုက်သဖြင့် စားပွဲတင်ပန်းအိုးကစွန့်သည့် နှင်းဆီအနွမ်းများကို ဝတ္ထုစာအုပ်တွေကြားမှာ ညှပ်လျက် သိမ်းထား ပေးခဲ့သည်။

ဆံပင်ရှည်သော မေ့အတွက် ခေါင်းစည်းအလှစ်အဆန်းကလေး များကို ဝယ်ယူသိမ်းဆည်းကာ မှန်ဘီရိုဖြင့် သိန်းသိမ်းထားခဲ့သည်

www.burmeseclassic.com



မေ့အခန်းပတ်ပတ်လည်တွင် ဟာရာအိုဂျိုရဲ့ ပန်းချီကားချပ်နှုန်းတို ချွန် တော်ချိတ်ဆွဲထားပေးခဲ့သည်။ မေက ဟာရာအိုဂျိုကို သဘောကျသည် လေ။

ကျွန်တော်က မေ့ကိုချစ်သော အချစ်ဖြင့် စောင့်ဆိုင်းနေသော အချိန်တွင် မေကမူ...ခက်ခဲလှသော ဆေးပညာများကို သင်ယူနေ လိမ့်မည်။ တစ်ခုပဲမိတ်ပူတာ မေ Asthma ပိုဆိုးလာမှာလိုပဲ။

ပြီးတော့ မြန်မာပြည်၌ သမ္မုလာသည် ဗိုပြင်တစ်ပုဒ်ပမာ မှေး မှိန်ခဲ့လေပြီ။ တစ်လတစ်အုပ်ထွက်သော စာရေးဆရာများ၏ စာအုပ် များအလယ်တွင် သမ္မုလာကိုမတွေ့ရတော့။ အဲဒါပဲကောင်းပါသည်။

သို့ရာတွင် ဒုတိယအကြိမ်တွေကို လိုင်းအဖြစ်ပြန်လည်ထုတ် ဝေကြသည်ဟု ကျွန်တော်သတင်းကြားရသည်။

မေနဲ့ကျွန်တော်တို့ ချစ်သူစဖြစ်ခဲ့သည့် နှစ်ပတ်လည်နေ့တိုင်း မှာ ကျွန်တော့်ဆီ စီဒီတစ်ချပ်ရောက်လာလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



M,M ၏ Pretty Boy ။

I lie awake at night

See things in black & white

i've only got U.

Inside my minal

I know U've made me blind.

I lie awak & Pray,

Mat U'll look my way.

I've all this longing in my heant

I know it night fr: the stant.

Oh my pretty pretty Boy I ♥ U.

Like I never ever loved no one B4 U

Pretty pretty boy of mine

Just tell me U me too

Oh my pretty pretty Boy I need U

Oh my pretty pretty boy I do let me inside make me stay right beside U

I used to wnite your name

www.burmeseclassic.com

www.burmeseclassic.com



& Put it in a frame &

Something I think I hean U will

Right from my Bedroom wall,

U Stay a little while

Toueh me your smile

What can I say

To make u mine

To reaed out for U in time

Oh my pretty pretty Boy I ♥ U.

Like I never ever loved no one B4U.

Pretty Pretty Boy of mine

Just tell me U ♥ me too.

Oh my pretty pretty Boy I ♥ U

Oh my pretty pretty Boy I need U.

Oh my pretty pretty Boy I do

Let me inside

make me stay Right Beside U.

www.burmeseclassic.com

www.burmeseclassic.com



ညဘက်မှာ ငါနိုးထနေခဲ့တယ်

မျက်လုံးထဲမှာ အရောင်ဝတ္ထုတွေဟာ အဖြူတွေရော အနက်ရောင်တွေရောပဲ။

မင်းကိုပဲ လိုချင်မိခဲ့တဲ့

ငါ့စိတ်ဝေဒနာမှာတော့

ငါသိလိုက်ပါပြီလေ…မင်းဟာ ငါ့ကို မျက်မမြင်ဖြစ်စေနိုင်တယ်…

ငါနိုးထနေတဲ့အခိုက်မှာ ဆုတောင်းမိတယ်…

မင်း ငါရှုးသွပ်နေတာမြင်နိုင်ပါစေ…

ငါ့နှလုံးသားက တမ်းတနေတာသိနိုင်ပါစေ…

အစကတည်းက မင်းကိုချစ်မိတာ မှန်တယ်လို့ ငါသိပြီးသားပါ

အိုး…ငါ့ရဲ့အချစ်နတ်သားရယ်…မင်းကို ငါချစ်လိုက်ရတာ

မင်းလို ဘယ်သူ့ကိုမှ ငါမချစ်ခဲ့ဘူးကွဲ့

ငါ့ရဲ့အချစ်နတ်သားလေးရယ်

ငါ့ကို မင်းလဲချစ်တယ်လို့ ပြောပါဦး

အို…ငါ့ရဲ့အချစ်နတ်သားရယ်…ငါမင်းကိုလိုအပ်နေပြီ…

အို…ငါ့အချစ်နတ်သားရယ်…မင်းရင်ထဲမှာ နွေးထွေးပေးပါဦး

မင်းရဲ့လက်ယာနံကောင်းဘေးမှာ လဲလျောင်းနိုင်ဖို့ ငါကြိုးစားနေတယ်…

www.burmeseclassic.com

www.burmeseclassic.com



မင်းနာမည်ကို မင်နဲ့ရေးပြီး

ချိတ်ပိတ်ထားလိုက်ချင်ရဲ့

ငါတွေးမိတာတစ်ခုက ငါ့အိပ်ခန်းနံရံပေါ်က

မင်းခေါ်သံကြားလိုက်မိသလားလို့

မင်းခဏလောက် အဲဒီမှာနေပြီး

ငါ့ကိုပြုံးပြပါ။

ငါပြောနိုင်တာ...

မင်းကိုပိုင်ဆိုင်ခွင့်ပေးပါ။

မင်းဆီကို အချိန်အတိအကျနဲ့ရောက်ဖို့...

အို...ငါ့အချစ်နတ်သားရယ်...မင်းကိုငါချစ်လိုက်ရတာ

အရင်တုန်းက မင်းလိုဘယ်သူ့ကိုမှ ငါမချစ်ခဲ့ဘူး

ငါ့ရဲ့အချစ်နတ်သားရယ်...

မင်းလဲ ငါ့ကိုချစ်တယ်လို့ ပြောပါဦးလား

အို...ငါ့အချစ်နတ်သားရယ်...ငါမင်းကိုချစ်တယ်

အို...ငါ့အချစ်နတ်သားရယ်...ငါမင်းကိုလိုအပ်တယ်

မင်းရင်ထဲမှာနေပြီး မင်းရဲ့လက်ယာနံတောင်း ပြလျှောင်းနိုင်

ဖို့ ငါကြိုးစားနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ချစ်စရာကောင်းသောသီချင်းအလိုက်လေးကို နားထောင်ပြီး တစ်စုံတစ်ရာကို နားလည်လာလေသည်။

အဲဒါကတော့ မေ ကျွန်တော့်ဆီလာလိမ့်မည်ဆိုတာပဲ။

မေရယ်…မင်းကိုချစ်တယ်လို့ အချိန်များစွာ…အကြိမ်များစွာ ကိုယ်ပြောခဲ့ပြီးပြီပဲ။ မင်းသိမှာပါ။ ကိုယ်စောင့်နေတာ မင်းသိမှာပါ မေ။

ကျွန်တော်တို့ချစ်သူဖြစ်သည့် နှစ်ပတ်လည်နေ့တိုင်း အထက်ပါ သီချင်းတစ်ပုဒ်ထဲ ကူးထားသော စီဒီတွေရောက်လာကျဖြစ်သလို ကျွန်တော်က မေ့အတွက် ဆွဲကြိုးတစ်ကုံးစီဝယ်၍ သိမ်းတတ်လေသည်။ မေသည် လက်ဝတ်လက်စားထဲတွင် ဆွဲကြိုးကိုအကြိုက်ဆုံးဖြစ်သည်။ မေ့ရဲ့ဆွဲကြိုးကို ခုံမင်မှုသည် တခြားတပါးသော မိန်းကလေးတွေထက် ပိုထူးခြားသည်။

မေသည် ပလက်တီနမ်နှင့် ရွှေရောထားသော စိန်လော့ကတ်ဒ်ကလေးများပါသော ဆွဲကြိုးများကိုသာ ဆင်ယင်လိုသူဖြစ်သည်။

ပြီးတော့ မေကြိုက်သည့်ဆွဲကြိုးများက ခပ်ပါးပါးကလေးတွေ၊ မေက အတုကြီးတွေဆို တောဆန်သည်ဟု ဆိုပါသည်။

ကျွန်တော်သည် နိုင်ငံစုံခရီးသွားရလေတဲ့အခါတိုင်း အမှတ်တရပစ္စည်းများကို မေ့အခန်းထဲတွင် ထည့်သိမ်းတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အနုပညာကို ခုံမင်သော မေသည် အသက်ကြီးလျှင် စာ ရေးမည်ဟု ကျွန်တော်က တိတ်ဆိတ်စွာ မျှော်လင့်ထားခဲ့ဖြစ်သည်။

မေသည် ကျွန်တော်လေးစားသော စာရေးဆရာမမဟုတ်သော သို့သော် ထာဝရပရိသတ်ဖြစ်ချင်သော ကျွန်တော့်ဆန္ဒက နဲနဲများနေ မယ်ထင်ပါသည်။

ဆေးပညာနဲ့ဆိုင်တဲ့ စာတမ်းတွေပဲဖြစ်ဖြစ်၊ ဆောင်းပါးကလေး တွေပဲဖြစ်ဖြစ်၊ မေ့ကိုစာရေးစေချင်သည်။ ဒါပေမယ့် မေမကြိုက်ရင် မေ့ဆီက ကိုယ် ဘာမှမတောင်းဆိုတော့ပါဘူးမေ။ မေပြန်ရောက် လာလျှင်ပဲ ကျွန်တော် ကျေနပ်လှပါသည်။ ကျွန်တော်တို့နှစ်ယောက် အကြောင်းသိသူအနဲငယ်သာရှိပါသည်။ ထိုအနဲငယ်မျှသော လူများက ကျွန်တော့်ကို ဧဝရတ်တောင်ထမ်းစောင့်ဟု အမြဲတမ်းခြည်စယ် ကြပါသည်။ ရင်ထဲမှာ စစ်ခနဲနာသော်လည်း ရယ်မောစွာနှင့်ပင် ဇူရီတောင်ပဲ ထမ်းစောင့်တော့မယ်ဟု ကျွန်တော်က ပြန်လည်ချေပ ပါသည်။ အင်း...မေရောက်လာလျှင် မေ့ကိုခေါ်ပြီး ကျွန်တော် ဈောက်ကက်ဦးမည်။ တောင်ထိပ်က မြက်ခင်းပြင်များ (နွေဦးကာလ) ဆေါ်တွင် ခြေပစ်လက်ပစ်လှဲအိပ် လိုက်ဦးမည်။ ဂျပန်လူမျိုးများသည် တောင်တက်တာဝါသနာပါကြသည်။ တောင်တွေက အများသားကိုး

www.burmeseclassic.com

www.burmeseclassic.com


ဂျပန်မှာက။ မေကလမ်းလျှောက်ပျင်းတော့ ဖြစ်မယ်မထင်။

ကျွန်တော့်ဘဝမှာ နှစ်တွေသည် တဖြည်းဖြည်းခြစားသလို ကုန်သွားခဲ့သည်။ မေသည် ကျွန်တော့်ထံ ဘာအဆက်အသွယ်မှ ထပ် မလုပ်ခဲ့ပါ။

စိမ်းသရဖူစိမ်း

စိမ်းသရဖူစိမ်း

စိမ်းနိုင်အားကြီးတဲ့

မောင့်သရဖူစိမ်း....ဟု

တစ်ခါတစ်လေ ဘီယာမူးပြီး ကျွန်တော်မရသော တွဲတေးသိန်းတန်သီချင်းကို ကျွန်တော်အော်ဆိုပါသည်။

ငိုချင်ရက်နဲ့လက်တို့ဖြစ်သော်လည်း ကြာတော့ ခံနိုင်ရည်အားတက်လာပြီး ပုံမှန်ပဲနေထိုင်နိုင်ခဲ့ပါသည်။

အကယ်၍ ကျွန်တော့်ဘဝသာ ဝတ္ထုတစ်ပုဒ်ဖြစ်ခဲ့ပါမူ အခုအချိန်သည် ပျင်းရိဖွယ်ကောင်းသော အချိန်ဖြစ်ပါလိမ့်မည်။

တစ်ခါတစ်ရံ သူငယ်ချင်းတွေလာခေါ်သဖြင့် Kyoto ရောက်ချင်ရောက်သည်။ ကျိုတိုသည် ဂျပန်တို့၏ မင်းနေပြည်ဖြစ်ခဲ့ဖူးပါသည်။ ဆံပင်ခါးလယ်ထိရှည်သော မျက်လုံးပိတ်ပိတ်အစ်အစ်လေးများနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်မလေးများကိုကြည့်ပြီး ကျွန်တော်နဲ့မေတို့ရဲ့သမီးကလေးကို မှန်းကြည့်နေမိသည်။ မမှတ်ထံကအကြောင်းအရာတစ်ခုခုကို စောင့်ရင်း ကျွန်တော့်ဆံပင်များသည် အဖြူတွေထွက်လာခဲ့ကြသည်။

ဆံပင်ဆိုးဆေးကို နှစ်လတစ်ခါဆိုးနေရလေပြီ။

အင်း...အဘိုးကြီးပေါ့။

မေကတော့ အခုအချိန်မှာ သိပ်လှနေခဲ့မည်ထင်သည်။ အသက်သုံးဆယ်ကျော်ဆိုတဲ့မိန်းမတွေရဲ့ အလှဆုံးအချိန်ဖြစ်သည်။ ပညာဂုဏ်၊ အသက်ဂုဏ်တို့သည် သုံးဆယ်ကျော်မှာ အပြည့်စုံဆုံးဖြစ်သည်။ မေ့ဆီက စာရောက်လာသောနေ့က ကျွန်တော် ဖျားနေခဲ့သည်။ အင်္ဂလန်ကစာဟုသိသောအခါ ကျွန်တော် အဖျားကျချင်သလိုလိုတောင် ဖြစ်သွားခဲ့သည်။ အဲသလောက်ထိ မေနဲ့ပတ်သက်လျှင် ကျွန်တော် တုန်လှုပ်သည်။

မေက ထူးဆန်းအံ့ဩဖွယ်ရာတွေ လုပ်တတ်သူမဟုတ်လား။ ဒီတစ်ကြိမ်ထပ်ထွက်ပြေးရင် ကျွန်တော်ရူးသွားတော့မည်။ စာအိတ်ကိုဖောက်သောလက်သည် အကြောင်းမဲ့တုန်ရင်နေသည်။ ရင်ထဲမှာ ငိုချင်သလိုလို လှိုက်ဖိုလာတာတော့အမှန်။

ကျွန်တော်စောင့်ခဲ့ရတာ နှစ်မနဲတော့ဘူးပဲ။ မေရယ်။ ကိုကိုခင်းကိုစောင့်နေခဲ့တာ နှစ်ကိုမနဲလှတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



"သို့

ကိုကို...

ကိုကို့ကိုလွမ်းတယ်၊ ကိုကိုကတော့ထင်မယ်...မေလေး ကိုကို့ကို မေ့နေပြီလို့...

တကယ်လည်း ကိုကို့ကို သတိမရချင်ခဲ့ဘူး...ဒီမှာ သိပ်အေးတာပဲ...ရေခဲပြင်တွေများ ကိုကိုမြင်ရင် သိပ်သဘောကျမှာ...ကိုကိုက အအေးကြိုက်တာမို့လေ...ပြီးခဲ့တဲ့အပတ်က နှင်းလျှောစီးပြိုင်ပွဲမှာ မေလေးနဲ့အတူနေတဲ့ ဘိုမက ဝင်ပြိုင်တယ်...ဆုတော့မရဘူး...ဒါပေမဲ့လေ...သူနှင်းလျှောစီးနေတာကြည့်ပြီး မေလေး ကိုကိုကိုသိပ်သတိရလာလို့...ကိုကို...ဘဝဆိုတာ...အနိုင်ပိုင်းဖို့လွယ်ပေမယ့်...အချစ်ဆိုတာ အနိုင်ပိုင်းဖို့မလွယ်ဘူးနော်...

ကိုကို...ပြန်လာချင်တဲ့စိတ် ခဏခဏဖြစ်တယ်...ကိုကို...အချစ်ကိုမုန်းတယ်...ချစ်ရတာဒုက္ခပဲ...အချစ်ကြောင့်သာ လွမ်းရတယ်...ဆွေးရတယ်...အချစ်ကြောင့်သာ မေလေးငိုရတယ်...ဝန်ချင်ခဲ့ဘူး...ကိုကို့ကိုချစ်လွန်းလို့ ရှိနေတဲ့အလုပ်တွေအကုန်ပစ်ထားပြီး ပြန်မလာရက်အောင် မေလေးအလုပ်မှာ ပျော်ဝင်တာတော့အမှန်ပဲ...

မေ...ရှေ့အပတ်ထဲမှာ တိုက်ကြိုကို အစည်းအဝေးတစ်ခုလာ

www.burmeseclassic.com

www.burmeseclassic.com



တက်ရမယ် ကိုကို…ကိုကို့ဆီဝင်ခဲ့မယ်…တိုကျိုမှာပဲရှိနေမယ်လို့ ထင်တယ်…မေလာတက်ရမဲ့ Symposium က AIDS နဲ့ ပတ်သက်တယ်…မေစာတမ်းဖတ်ရမယ် ကိုကို…WHO ရဲ့ counsellor ပါလာမှာဆိုကော့ မေအရမ်းသတိထားရတယ်…ကိုကို့ဆီမှာ မေသုံးရက်နေဖို့ အချိန်ရတယ်…ကိုကိုအရမ်းဝနေပြီလားဟင်… မြန်မာပြည်ပြန်ဖြစ်သေးလား…မေတော့ ဒီနှစ်ကုန်ရင်…ဆေးရုံကိစ္စနဲ့ မြန်မာပြည်သွားဖို့ရှိတယ်…ကိုကိုပါလိုက်ချင်လိုက်ခဲ့ပါလား… မေတို့အိမ်လေးကို သွားကြည့်ကြရအောင်လေ…ကိုကို့ကော်ဖီဆိုင်လေးရော…ဘယ်လိုနေလဲမသိဘူးနော်…ဘာပဲဖြစ်ဖြစ်…စတွေ့တာ…ကိုကို့ဆိုင်မှာဆိုတော့ ခုနေခါမှာ ရင်ခုန်နေတာတော့အမှန်ပဲ…ကိုကို… အရမ်းချစ်တယ်…စောင့်နေနော်…

**Saryonara Mala ne.**

**Dr. May Bell Han Saw**

**England**

ကျွန်တော် စာကိုခေါက်သိမ်းလိုက်သည်။ စာကျောက်ပြီး နှစ်ပတ်တိတိပြည့်သောညဘက်မှာ e-mail ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သတင်းကောင်းပဲ။

မေ တိုကျိုမြို့ရှိ ဆေးရုံတစ်ခုမှာ…WHO မှခန့်အပ်သော ဆရာဝန်အဖြစ် နှစ်နှစ်တာဝန်ထမ်းဆောင်ခွင့်ရကြောင်း။

ပြီးတော့ လက်ထပ်ဖို့ပြင်ဆင်ထားပါဟု ပါလေသည်။ ဝတ္ထုရေးရာမှာသာ တဖွဲ့တနွဲ့နှင့်ရေးသော်လည်း စာရေးရာမှာ မေသည် သိပ်ရှည်ရှည်မရေးတတ်ချေ။ E-mail ပို့လျှင် ပိုဆိုးသေးသည်။ တစ်ခါ တစ်ရံ စာတစ်ကြောင်းတည်းမျိုး။ အခုလဲ စာနှစ်ကြောင်းသာပို့သည်။

မေရောက်လာခဲ့သောညကမူ တိုကျိုသည် ကျွန်တော့်အတွက် ပိုအဓိပ္ပါယ်ရှိသွားခဲ့လေသည်။ ကျွန်တော့်အိမ်ခန်းလေးကိုပဲ ကွက်ပြီး လေညှင်းတိုက်နေသည်ဟုတောင် ထင်မိပါသည်။ မေက ကျွန်တော့် အတွက် လေညှင်းလေးလို နူးညံ့သိမ်မွေ့သူမဟုတ်လား။

မေသည် ကျွန်တော့်ရင်ခွင်ထဲသို့ ပျော့ပြောင်းစွာခိုဝင်လာသည်။ ဘုရားရေ…။ မေ့အရပ် မြင့်လာပါလား။

ငုံ့ကြည့်လိုက်တော့ မေ…လေဒီရှူးစီးလာတာကိုး။ မေက ကျွန် ‌တော်ဖြစ်သွားပုံကိုရယ်သည်။

"နေဦး ဖိနပ်ချွတ်လိုက်ဦးမယ်…"

"ဒါ ကိုကို့အိမ်လား…"

www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

"ရန်ကုန်ကအိမ်နဲ့တူတယ်နော်..."

"မေလာမယ်ဆိုလို့ ကြိုဝယ်ထားတာလေ...တမင်တူအောင်လုပ်ထားတာ..."

"ကိုကို့ဆီမှာ မေနေရမှာနော်..."

"တသက်လုံးနေခွင့်ရှိတာသိရက်သားနဲ့မေရယ်..."

မေကရယ်လေသည်။ မေ့အသံသည် အနဲငယ်ဝဲ၍နေသည်။ အသားကတော့ ဖွေးဆွတ်နေပြီ။ ဟိုမှာ နေမှမမြင်ရသည့်လောက် အေးတာကိုး။

"အပေါ်ထပ်ကိုလိုက်ခဲ့ မေ..."

"ဘာပြုဦးမလို့လဲ..."

"လာပါဆို..."

"ကိုကို မိန်းမတော့မယူထားပါဘူးနော်..."

"ဟာကွာ...ပေါက်ကရပြောတဲ့အကျင့်က မပျောက်သေးဘူး..."

ကျွန်တော်က အခန်းတံခါးကို တစ်ဘက်သို့တွန်းလိုက်သောအခါ အတွင်းတွင် ပျံ့နေသောနှင်းဆီရနံ့သည် အပြင်သို့ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အခန်းတွင်းသို့ အံ့သြစွာငေးကြည့်ရင်း ဝင်သွားသောမေသည် အရင်အတိုင်း သေးသွယ်သောခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသည်။ ကြည့်ရတာ မေ Vegetarian ဖြစ်နေပြီထင်သည်။ လွန်ခဲ့သောဆယ်နှစ်က အတိုင်း ပိန်နေတုန်းပဲဆိုတော့…။

မေက ခုတင်ပေါ်က အရုပ်တွေကို မွှေ့ဖက်ကာနမ်းသည်။

"ဒီအခန်းက လွန်ခဲ့တဲ့ကိုးနှစ်…မေ ကိုကို့ဆီ New Year ဆုတောင်းစာပို့ပြီး နောက်မိုင်းကတည်းက တစ်နေ့ မေလာရင်အဆင်သင့်ဖြစ်အောင် ကိုကိုပြင်ဆင်ထားခဲ့တာ…"

"ကိုကိုရယ်…"

ကျွန်တော်က စီဒီတစ်ချပ်ထည့်၍ဖွင့်လိုက်သည်။

မေသည် ကျွန်တော့်ခါးကို နောက်မှသိုင်းဖက်ကာ ကျွန်တော့်ကျောပေါ် မျက်နှာအပ်၍ ခပ်တိုးတိုးရှိုက်ငင်နေလေသည်။

"ကိုယ်လည်း မေလာမယ့်နေ့ကို အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားသလို မေလည်း ကိုယ့်နားကိုရောက်ဖို့ အခက်အခဲတွေ အများကြီးကြားက ကြိုးစားမယ်လို့ ကိုယ်ယုံကြည်ခဲ့တယ်မေ…"

မေ့ဆီကအသံမကြားရချေ။

"ကိုကို မင်းကို…ပြောမပြတတ်အောင် ချစ်ပါတယ်မေ…

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချစ်ကို သက်သေပြဖို့ ဒီမလာက်နှစ်တွေကြာအောင် စောင့်ဆိုင်းခဲ့တာပါ…စိတ်ရှည်သီးခံမှုဆိုတာ အချစ်စစ်ရဲ့ နောက်ဆက်တွဲပေါ့မေ…"

သီချင်းသံသည် တဖြည်းဖြည်း ပီပြင်လာသည်။

ကြိုက်လွန်း၍ ခဏခဏ နားထောင်ခဲ့သော West life ရဲ့ Open Your Heart (အသဲတံခါးလေး ဖွင့်လှည့်ပါ)သီချင်း။

ဟာနာအိုဂျီရဲ့ ပန်းချီကားချပ်များသည် မေ့ကို ပြုံး၍ကြည့်နေကြသည်။ ကျွန်တော့်ရဲ့ ဟာနာယိုလေးဟာ အခုတော့ ကျွန်တော့်ရင်ထဲ ပြန်ရောက်လာခဲ့ပြီပဲ ကျွန်တော့်ရင်ထဲမှာ အောင်းနေမိသည်။ စောင့်ခဲ့ရတာ စက္ကန့်နဲ့တွက်ရင် မနဲမနောပဲ။

ပျော်ရွှင်မှုကို နှိုင်းဆစရာစကားလုံးရှာမတွေ့။ မေတာမှ သီချင်းကို အသာနားထောင်နေသည်။

ရာသက်ပန်ဆိုတာ မိန်းမတွေနဲ့တင် ဆိုင်တာမဟုတ်။ ကျွန်တော်တို့ယောကျ်ားတွေနဲ့ပါ ဆိုင်တာ…မေ ခုတော့ ယုံကြည်တွေဖြင့်ပြီမို့လား။ ကျွန်တော်သည် မေ့ကိုချစ်သော ကျွန်တော့်အချစ်ကို အလွန်တန်ဖိုးထားပါသည်။ မေ့ကို သာမန်မေတ္တာမျိုးဖြင့် ကျွန်တော်ချစ်ခဲ့တာမဟုတ်။

နှုတ်မဆက်ဘဲ ရုတ်တရက်ပျောက်ဆုံးသွားခဲ့သော ချစ်သူတစ်

www.burmeseclassic.com



ယောက်ကို ဆယ်နှစ်တိတိစောင့်နေနိုင်ခဲ့တဲ့အဖြစ် အပျက်ဟာ ယောက်ျားတစ်ယောက်ရဲ့ မေတ္တာတရားနက်ရှိုင်းခြင်းကို သက်သေပြခြင်းပင်မဟုတ်လော။ အကယ်၍ ဆယ်နှစ်မကဘဲ နောက်ထပ်နှစ်တွေ အများကြီးဆိုပါတော့ ကျွန်တော့်နောက်ဆုံးထွက်သက်နားနီးမှ မေရောက်လာမည်ဆိုလျှင်လည်း ကျွန်တော်က ကျေနပ်စွာ သေသွားမယ့်သူဖြစ်သည်။

အကယ်၍ နောက်ဆုံးအချိန်ကျော်လွန်ပြီးမှ မေရောက်လာခဲ့လျှင် မေ့နာမည်နှင့် လွဲပြောင်းထားသော ပိုင်ဆိုင်မှုများကို မေတွေ့ရလိမ့်မည်။ မေ့အတွက်ရည်းစူး၍ ပြင်ဆင်ထားသောအခန်းကို မေတွေ့ရလိမ့်မည်။

အနဲဆုံးတော့ မေသည် ကျွန်တော့်အုတ်ဂူဘေးရှိ မြက်များအားရှင်းလင်းသုတ်သင်ပေးပါလိမ့်မည်။ အဲဒါဆိုရင်ပဲ တမလွန်က ကျွန်တော်က ကျေနပ်နှစ်သိမ့်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## Open Your Heart

I didn't mean to let U down
U have to believe it.
I don't know what went through my mind.
But now I can see
that I waited too long
To tell U how much it matters
Just to be right here with U
But I couldn't think of anything better

www.burmeseclassic.com

www.burmeseclassic.com



I should have told U so

Baby open your heart

Won't U give me a 2nd chance

And I'll be here forever.

Open your heart.

Let me shaw U how much I care

& I will (make U understand)2

If open U open your heart

to love me once again.

I'll try to make it up to U.

I want U to know, U have to lenow

Baby I swear that I'll be true

I'll never let go,

www.burmeseclassic.com

www.burmeseclassic.com



(အသည်းတံခါးလေးဖွင့်လှည့်ပါ)

မင်းကို အောက်ကျနောက်ကျနိုင်စေဖို့ မရည်ရွယ်ပါဘူးနော်...

မင်းကို ယုံစေချင်တာ...

ငါ့စိတ်ထဲမှာ ဘာတွေဂယောက်ဂယက်ဖြစ်နေမှန်း ငါမသိဘူး

အခုတော့ ငါသိပြီ

ငါအကြာကြီးစောင့်ဆိုင်းခဲ့ရတာကိုး

မင်းကိုပြောပြချင်တာ ဘာအခက်အခဲတွေရှိရှိ

မင်းနဲ့အတူတူ ပျော်သည်နေရာမှာရှိဖို့

ဒီထက်ပိုကောင်းတာတွေလည်း ငါမစဉ်းစားတတ်ဘူး

မင်းကိုပြောသင့်တယ်ဆိုတာက

www.burmeseclassic.com

www.burmeseclassic.com



အသဲတံခါးလေးဖွင့်လှည့်ပါ...

ငါ့ကို ဒုတိယခြောက်အခွင့်အရေး မပေးနိုင်ဘူးလား...

မင်းနဲ့ငါ ထာဝရမခွဲတော့ဘူးမေ

အသဲတံခါးလေးဖွင့်လှည့်ပါ...

မင်းကိုငါ ဘယ်လောက်အလေးထားသလဲဆိုင ၁ ပြပါရစေ...

မင်းတို့နားလည်စေချင်သူပြီ...

မင်းရဲ့အသဲတံခါးလေးသာဖွင့်မယ်ဆို...

ငါ့ကို တစ်ခါကြွင်နာလှည့်ပါ...

မင်းချစ်နိုင်အောင် ငါကိုယ်တိုင်ကြိုးစားပါ့မယ်...

မင်းကိုသိစေချင်တယ်...မင်းသိမှဖြစ်မယ်...

ငါ့ကိုနိဆိုရဲပါတယ်...ငါမှန်လိမ့်မယ်ဆိုတာကိုလေ

မင်းကို ဘယ်မှသွားခွင့်မပေးတော့ဘူး...

မေက သီချင်းကိုပိတ်ပစ်လိုက်သည်။

"ဘာဖြစ်လို့ပိတ်လိုက်တာလဲ..."

"မလိုတော့ပါဘူး ကိုကို...မေနဲ့ကိုကိုကြားမှာရှိခဲ့သမျှ တွေအားလုံး ချေဖျက်ပြီးမှ မေကိုကိုရင်ခွင်ထဲ ပြန်လာခဲ့တာပါ..."

ကျွန်တော်သည် ကိုယ့်အသက်ကိုယ်မေ့သွားကာ လှုငယ်တ

www.burmeseclassic.com



ယောက်လို နူပျို့လန်းဆန်းစွာဖြင့် မေ့ကို ခပ်တင်းတင်းတွေ့ဖက်လိုက်မိသည်။

မြလွန်းရှို (ဆေးတက္ကသိုလ်)

(၃၁-၃-၂၀၀၉) (၁၄-၄-၂၀၀၄)

သင်္ကြန်အတက်နေ့

ည(၇)နာရီခွဲ

www.burmeseclassic.com